# ဗုဒ္ဓဘုရားနှင့် အရိယဓမ္မကို ပြန်လည်တွေ့ရှိခြင်း အသိပေးကြော်ငြာချက်စာတမ်း



ဓမ္မဝိဟာရီဆရာတော် အရှင်ဉာဏ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဗုဒ္ဓဘုရား နှင့် စာဏကျ | ၂ |
| ၂။ | လူ နှင့် အမှု(ကံ) | ၃ |
| ၃။ | အရိယသစ္စာ နှင့် ပကတိသစ္စာ | ၈ |
| ၄။ | ပဋိစ္စသမုပ္ပာဒ်အရ ဘုရားဟော နှင့် ယနေ့အသိ | ၁၂ |
| ၅။ | သစ္စာတရားတို့၏ တန်ဖိုးများ | ၁၄ |
| ၆။ | အရိယသံဃာ နှင့် ပရမတ္ထသံဃာ ကွာခြားချက် | ၁၈ |
| ၇။ | ဘာသာရေးတရား မဟုတ်သော အရိယဓမ္မ | ၂၁ |
| ၈။ | လူကို လူချင်း အကဲခတ် | ၂၂ |
| ၉။ | လူ့လောကကို အမှောင်ချခဲ့သူ | ၂၄ |
| ၁၀။ | အရိယာဖြစ်ဖို့ ကျင့်ပွားစရာအာရုံ | ၂၆ |
| ၁၁။ | အစွဲဟူသည် | ၃၂ |
| ၁၂။ | သမ္မာအာဇီဝဟူသည် | ၃၅ |
| ၁၃။ | ကံလုပ်ခြင်းသည် လွန်ကျူးခြင်း | ၃၈ |
| ၁၄။ | အဘိသင်္ခါရကံ နှင့် ဝိသင်္ခါရကံ | ၃၉ |
| ၁၅။ | အရိယဓမ္မ လေးမျိုး | ၄၀ |
| ၁၆။ | အကောင်အမြင်ဒဿန နှင့် အမှုအမြင်ဒဿန | ၄၄ |
| ၁၇။ | လူ၊ ကံ၊ ဥပါဒါနက္ခန္ဓာ | ၅၃ |
| ၁၈။ | ကံသတ်တဲ့ ကံ | ၆၀ |

# ဗုဒ္ဓဘုရားနှင့် အရိယဓမ္မကို ပြန်လည်တွေ့ရှိခြင်း
# အသိပေးကြေညာချက်စာတမ်း

ဤနေ့သည် မင်္ဂလာရှိသောနေ့ဖြစ်ပါသည်၊ ကမ္ဘာလောကရှိ လူသားအားလုံးနှင့် ဗုဒ္ဓဘုရားကို ဆည်းကပ်ကြသူအားလုံးတို့အား လွတ်လပ်ငြိမ်းချမ်းခြင်းနှင့် လွတ်လပ်ငြိမ်းချမ်းကြောင်းတရား ဖော်ထုတ်ခဲ့သူကို ပြန်လည်တွေ့ရှိကြောင်း သိစေရသောကြောင့် မင်္ဂလာတရား ဖြစ်ပွားရပါသည်။

လွတ်လပ်ငြိမ်းချမ်းခြင်းနှင့် လွတ်လပ်ငြိမ်းချမ်းကြောင်းတရားကို ဖော်ထုတ်ခဲ့သူသည် "ဗုဒ္ဓဘုရား" ဖြစ်သည်၊ လွတ်လပ်ငြိမ်းချမ်းကြောင်းအဖြစ် လူ့လောကကို ရိုးသားဖြူစင်ဖြောင့်မတ်ယဉ်ကျေး မျှတစေမှုသည် "အရိယဓမ္မ" ဖြစ်ပါသည်။

## ဗုဒ္ဓဘုရား နှင့် စာဏကျ

ဤအရိယဓမ္မနှင့် ဗုဒ္ဓဘုရားသည် ဘီစီ ခြောက်ရာစုဥ္စပေါ်ထွန်းခဲ့ပြီးနောက် နှစ်တစ်ရာကျော်ကြာ သောအချိန်၌ အပျောက်ဖျက်ခံခဲ့ရပေသည်၊ ဖျောက်ဖျက်သူမှာ ထိုခေတ်က ဘုရင်စန္ဒဂုတ္တ၏ ပညာရှိအမတ်ကြီး စာဏကျဖြစ်သည်။

စာဏကျသည် ဗုဒ္ဓဘုရားဆည်းကပ်ကြသူတို့၏ ပျော့ကွက်အတွင်းသို့ စကားတစ်လုံးမျှ ပစ်သွင်းခဲ့သည်၊ ဤစကားမှာ "ဗုဒ္ဓဘုရားသည် လူ့လောက ကောင်းစားရန် ဗိရုနလာရောက်ဝင်စားခံရသူ ဖြစ်သည်"ဟူ၍ပင်။

ဤစကားသည် ဗုဒ္ဓဘုရားဆည်းကပ်သူတို့အနေဖြင့် ငြင်းဆန်ရန်အကြောင်းမရှိသော စကားဖြစ်သည်၊ ဗုဒ္ဓဘုရားကို ဆည်းကပ်ကြသူတို့အနေဖြင့် ဗုဒ္ဓဘုရားအဆုံးအမ၌ မပါဝင်သောစကား ဖြစ်သောကြောင့်ပင် ဖြစ်သည်၊ ဗုဒ္ဓဘုရား၏ အဆုံးအမများမှာ "လူမှာညစ်နွမ်းခြင်း၊ ဖြူစင်ခြင်းနှင့် ညစ်နွမ်းကြောင်း၊ ဖြူစင်ကြောင်း"ဤအချက်လေးချက်သာ ဖြစ်သည်၊ ဤလေးချက်နှင့် မစပ်သောစကားကို ဗုဒ္ဓဘုရား မမိန့်ကြားခဲ့သောကြောင့် ဖြစ်သည်။

ဤအချက်လေးချက်သည် အသိစိတ်ဓာတ်နှင့် အမှတ်သညာများရှိသော တစ်လံမျှလောက်ပမာဏရှိသော လူ၌သာ ဖြစ်သည်၊ ထို့ကြောင့် ဗုဒ္ဓဘုရားဆည်းကပ်ကြသူများသည် "ဗုဒ္ဓဘုရားကို ညစ်နွမ်းခြင်းနှင့် ညစ်နွမ်းကြောင်းများ စက်ယန္တရားကိုသိပြီး ဤစက်ကိုဖြတ်နိုင်သောကြောင့် ဗုဒ္ဓဘုရားဖြစ်သည်"ဟူ၍ သိနေခဲ့ကြသည်၊ ဗုဒ္ဓဘုရားဖြစ်မည့်သူ၏အကြောင်းကို နှလုံးသွင်းခြင်း မရှိကြပေ၊ ဤအကြောင်းသည် ဗုဒ္ဓဘုရားဆည်းကပ်ကြသူများအနေဖြင့် နှလုံးသွင်းရမည့်အရာ လည်း မဟုတ်ပေ၊ နှလုံးသွင်းရမည့်အရာ မဟုတ်ရာ၌ နှလုံးသွင်းခြင်းသည် ညစ်နွမ်းခြင်းနှင့် ညစ်နွမ်းကြောင်း၊ ဖြူစင်ခြင်းနှင့် ဖြူစင်ကြောင်းသိရန်မှ လွဲချော်သော အမြင်ဖြစ် စေသောကြောင့်ပင် ဖြစ်သည်။

မျက်စိသည် အလင်းရှိရာ၌ ကြည့်ရန်ဖြစ်သည်၊ အမှောင်၌ကြည့်ရန်မဟုတ်သကဲ့သို့ လူ့အသိဉာဏ် ဦးနှောက်သည်လည်း လူသိစရာ၌သာ သိရန်ဖြစ်ပြီး လူမသိနိုင်ရာ၌ သိရန်မဟုတ်ပေ။

လူသိစရာမဟုတ်ရာ၌ သိသောအသိသည် လူညစ်နွမ်းကြောင်း၊ ဖြူစင်ကြောင်း အသိ၏ အန္တရာယ်အသိ ဖြစ်ကြောင်းကို ဗုဒ္ဓဘုရားက အထပ်ထပ်ဟောကြားခဲ့သည်။

ဤသို့ဟောပြောသူ၏ လူသိစရာမဟုတ်သောအကြောင်းကို စာဏကျက လုပ်ကြံပြောခဲ့သောကြောင့် ဗုဒ္ဓဘုရားဆည်းကပ်ကြသူများ အငိုက်မိ ခံကြရသည်၊ စာဏကျသည် ဗုဒ္ဓဘုရားထံမှ နာမ်ဝိညာဉ်ကို နှုတ်ပစ်ဖျောက်ဖျက်ခဲ့သည်၊ ဗိရှနုဘုရား၏ နာမ်ဝိညာဉ်ကို ဗုဒ္ဓဘုရား၌ အစားထိုးသွင်းထားခဲ့သည်။

ဗုဒ္ဓဘုရားဆည်းကပ်ကြသူများသည် ဗုဒ္ဓဘုရား၏ ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီများ၌ ဗိရှနုဘုရား၏ နာမ်ဝိညာဉ်သွင်းထားမှုအား ဖူးမြင်ကြရသည်၊ ဗိရှနုနာမ်ဝိညာဉ်သည် လူအများကို "ပဋိစ္စကတဟေတုကဝါဒ"ကို သိမြင်စေသည်၊ သတ္တဝါများကို ရေးကံက ဖြစ်စေသည် ဟူ၍ပင် ဖြစ်သည်။

ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်သည် "ပဋိစ္စကတဟေတုကဝါဒ"ကို လက်မခံသော နာမ်ဝိညာဉ်ဖြစ်သည်၊ ထို့ကြောင့် ဗုဒ္ဓဘုရားအား "အကြိယဝါဒီ" ဟူ၍ စွပ်စွဲသည်ကို မကြာခဏခံရသည်၊ ဗုဒ္ဓဘုရား၏ လောကအမြင်သည် အလွန်နက်နဲသည်၊ အလွန်သိမ်မွေ့သည်၊ အလွန်သိနိုင်ခဲသည်၊ ထို့ကြောင့် ဗုဒ္ဓဘုရား၏ နာမ်ဝိညာဉ်ကို ဗုဒ္ဓဘုရားဆည်းကပ်ကြသူ အများအပြားပင် မသိမမြင်နိုင် ဖြစ်ကြသည်။

ဤအချိန်၌ စန္ဒဂုတ္တဘုရင်သည် ရောမ၏ ပြင်းထန်စွာအတိုက်ခံရပြီး ရောမတို့ ရောက်ရာအရပ်ကို ပေးပြီး ငြိမ်းချမ်းရေးယူထားရချိန်ဖြစ်သည်၊ စာဏကျအမတ်ကြီးသည် "စစ်ရှုံးသုံးသပ်ချက်၌ ဗုဒ္ဓဘာသာများကြောင့် စစ်ရှုံးရသည်" ဟူ၍ သုံးသပ်ထားသည်။

ဗုဒ္ဓဘာသာများသည် ဤသို့ခံရသောကြောင့် မျက်နှာငယ်ကြရသည်၊ စစ်အတွင်း ဖရိုဖရဲကြောင့် ဆရာနှင့်တပည့်တို့လည်း အကွဲကွဲအလွဲလွဲဖြစ်ကြရသည်၊ ထိုအကြောင်းများသည် စာဏကျပစ်လိုက်သောမြားကို မရှောင်နိုင် ဖြစ်ကြရစေသော အကြောင်းများဖြစ်သည်။

ဗုဒ္ဓဘုရား၌ပူးဝင်ခံရသော ဗိရှနု၏ နာမ်ဝိညာဉ်သည် ဗုဒ္ဓဘုရား၏ စေတီတစ်ဆူဖြစ်သော ဓမ္မစေတီကပေးသော အသိများကိုပြောင်းလဲစေသည်၊ ဓမ္မစေတီများသည် လူ၏အမှုများကို အဓိပ္ပာယ်မဖော်ကြတော့ဘဲ လူကိုအဓိပ္ပာယ်ဖော်သော ဓမ္မစေတီဖြစ်လာသည်။

## လူ နှင့် အမှု(ကံ)

ဗိရှနု၏ နာမ်ဝိညာဉ်သည် "လူနှင့်အမှုကို ခွဲခြား၍မသိပေ၊ အမှုသည် အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ၊ လူကပြုလုပ်သည်ဟူ၍ သိသူဖြစ်သည်၊ အမှု၏လက်သည်သည် လူဖြစ်သည်ဟူ၍ သိသူပင် ဖြစ်သည်၊ ထို့ကြောင့် လူနှင့်အမှုသည် တစ်ခုတည်း၏ အမည်"ဟူ၍ မှတ်ယူသည်။

ဤအသိသည် တစ်လောကလုံးကလည်း ဤသို့ပင် သိကြသောအသိပင်ဖြစ်သည်၊ မိဘများသည်

သားသမီးများကို ချစ်ကြသည်၊ သားသမီးများသည်လည်း မိဘများကိုချစ်ကြသည်၊ ဘာကိုချစ်သနည်း ပုစ္ဆာကို အဖြေထုတ်ခိုင်းလျှင် မိဘသားသမီးများသည် 'လူ' များဖြစ်ကြ၍ ချစ်ကြသည်ဟူ၍ ဖြေကြမည်၊ ဤအဖြေသည် လူတိုင်း၏ အဖြေဖြစ်သည်။

ဤသို့ဖြေသော်လည်း ဤအဖြေသည် မှန်သောအဖြေမဟုတ်ပေ၊ ရက်စက်ရိုင်းစိုင်း ဆိုးသွမ်းသော မိဘသားသမီးများကို ဘယ်မိဘသားသမီးကမျှ မချစ်နိုင်ကြသည်မှာ လောက၌ အထင်အရှားတွေ့မြင်နိုင်သည်၊ မိဘဖြစ်၍ သားသမီးဖြစ်၍ ချစ်သည်ဆိုလျှင် မိမိအပေါ် မခံသာစရာနှင့် ရှက်နိုးစရာများပြုသော မိဘနှင့်သားသမီးများသည် မိဘသားသမီးအဖြစ်က ရွေ့လျားသွားခြင်းမရှိ၍ ချစ်နေရမည်ဖြစ်သော်လည်း မချစ်နိုင်ကြသောကြောင့်ပင် ဖြစ်သည်။

ဤသို့ဖြစ်လျှင် မိဘသားသမီးချစ်ကြသည်မှာ မိဘသားသမီးဖြစ်သော လူကိုမချစ်လျှင် အဘယ်ကိုချစ်သနည်း ကြည့်ရမည်၊ မိဘသားသမီးတို့၌ရှိသော ကောင်းသောအမှုရှိသောကြောင့် အမှုကိုချစ်ကြောင်းတွေ့ရမည်ဖြစ်သည်၊ အမှု မကောင်းလျှင် မိဘဖြစ်ဖြစ် သားသမီးဖြစ်ဖြစ် မုန်းကြမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

မိတ်ဆွေအချင်းချင်း ချစ်ခင်ကြသည်မှာလည်း ဤအတိုင်းပင်ဖြစ်သည်၊ မိတ်ဆွေဖြစ်သော လူကို ချစ်ခင်ခြင်းမဟုတ်ဘဲ မိတ်ဆွေဖြစ်သူ၏ မိမိအပေါ် ကောင်းမွန်သောအမှုကို ချစ်ခင်ခြင်းဖြစ်သည်၊ ဤအရာမရှိလျှင် မိတ်ဆွေသည်လည်း မိတ်ဆွေမဟုတ်သူပင် ဖြစ်မည်ဖြစ်သည်။

အမှုနှင့်လူ အတူမဟုတ်ရုံမျှမက "အမှုကို လူကပြုလုပ်သည်"ဟူသော အသိသည်ပင် မှန်ကန်သောအသိ မဟုတ်ပေ၊ ဤသို့ဖြစ်သော်လည်း လူ့လောကတစ်ခုလုံးပင် "အမှုကို လူကပြုလုပ်သည်"ဟု မြင်နေကြသည်ကိုလည်း တွေ့မြင်နေရသည်။

တစ်လောကလုံးရှိတရားသူကြီးများသည် သူတို့တရားခွင်သို့ ရောက်လာသူအား ဤအမှုကို လွန်ကျူးသလား စစ်မေး၍ လွန်ကျူးသည်ကိုတွေ့ရလျှင် လွန်ကျူးသူအား ပြစ်ဒဏ်သတ်မှတ်ပေးကြသည်၊ ဤအဖြစ်ကိုကြည့်၍ တစ်လောကလုံးသည် အပြစ်လွန်ကျူးသူကို လူအဖြစ်သိနေမှု၊ အပြစ်နှင့်လူ အတူဟူ၍မှတ်ယူမှု ဖြစ်ကြောင်း ထင်ရှားသည်။

တစ်လောကလုံးက "အမှုနှင့်လူ အတူ"ဟူ၍ သိနေသော်လည်း ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်သည် "အမှုနှင့်လူ အတူမဟုတ်" ဟူ၍ သိသူအဖြစ် လူ့လောကထက် လွန်မြောက်ပြီးသူ ဖြစ်သည်။

ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်သည် "ကံကို လူကပြုလုပ်သည်"ဟု လူအများကသိနေကြသော်လည်း ကံကို လူကပြုလုပ်ခြင်းမဟုတ်ကြောင်းသိရာက ဗုဒ္ဓဘုရား နာမ်ဝိညာဉ်တော်ကို ရခဲ့ခြင်းဖြစ်သည်၊ အမှုပြုလုပ်ခြင်း၌ ပြုလုပ်သူသည် ပြုလုပ်သူ(ကတ္တာ) သတ္တိမရှိဘဲ အသုံးချခံ(ကရဏ)သတ္တိသာရှိသူအဖြစ် သိသောနာမ်ဝိညာဉ်ဖြစ်သည်။

ထို့ကြောင့် လူသည် အမှုကိုပြုလုပ်ရာ၌ အိပ်ပျော်သူသည် အိပ်မက်ယောင်ပြီးပြုလုပ်ခြင်းကဲ့သို့ ဖြစ်သည်၊ အိပ်မက်ယောင်ပြီးပြုလုပ်သောအမှုသည် ပြုလုပ်သူကိုယ်တိုင် မသိသောအမှုဖြစ်သည်၊ အဘယ့်ကြောင့် ပြုလုပ်ရသည်ဟူ၍လည်း မသိ၊ ပြု၍ အဘယ်အကျိုးရှိသည်ဟူ၍လည်း မသိပေ၊ အိပ်မက်ယောင်ပြီးပြုရာ၌ ပြုသူသည် ပြုသူ(ကတ္တာ)သတ္တိရှိသူမဟုတ်ဘဲ ပြုရာ၌ အသုံးချခံ(ကရဏ)သတ္တိသာရှိသည်။

ဗိရုန၏နာမ်ဝိညာဉ်နှင့် ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်သည် "ကံနှင့်လူအတူ" ဟူ၍ သိခြင်း မသိခြင်း၌ အစပြု၍ ခြားနားကြသည်၊ "ဗိရုနနာမ်ဝိညာဉ်သည် ကံနှင့်လူအတူအဖြစ် သိသည်၊ ဗုဒ္ဓဘုရားနာမ်ဝိညာဉ်သည် ကံနှင့်လူသား သီးခြားအဖြစ်

သိသည်" ။

ကံနှင့်လူအတူအဖြစ် သိသော ဗိရုနုနာမ်ဝိညာဉ်သည် လူသတ္တဝါကို ကံကလုပ်သည်၊ ကံကို လူသတ္တဝါက လုပ်သည်ဟူ၍ လောကကို အသိတရားဖြန့်ဝေသည်၊ ရှေးက လူသတ္တဝါက ကံကိုလုပ်၍ အခုလူသတ္တဝါဖြစ်ပြီး၊ အခုလူသတ္တဝါက ကံကိုလုပ်သောကြောင့် နောင်လူသတ္တဝါ ဖြစ်မည်၊ ကံနှင့်လူသူသတ္တဝါ ချာချာလည့်နေသည်ကို လောကအားအသိပေးသည်။

ကံကိုပြုနိုင်သော လူသတ္တဝါမရှိမီက လူကိုဖြစ်စေနိုင်သော ကံမရှိသောကြောင့် အစဦးဆုံး လူသတ္တဝါသည် အဘယ်သို့ဖြစ်သနည်း မေးဘွယ်ကို ဗိရုနု၏ နာမ်ဝိညာဉ်က ဤသို့ဖြေသည်၊ အစဦးဆုံးလူသတ္တဝါသည် ဘုရား(ဗြဟ္မာ)ဖန်ဆင်းမှုမှ ဖြစ်သည်ဟူ၍ပင်တည်း၊ လူသတ္တဝါ၏အဆုံးကိုလည်း ဗြဟ္မာမှာပင် အဆုံးသတ်ပြသည်၊ လူက ကာမလွန်ကျူးမှုကံများကို မပြုမိအောင် ပရမတ်အာရုံဖြင့်နေသူ၏ အတ္တမသည် ပရမတ္တမဖြစ်၍ ပရမတ္တမဖြစ်သူ ဗြဟ္မာနှင့်ပေါင်းမိပြီး အဆုံးသတ်ပြသည်၊ ဤကား ကံနှင့်လူအတူဟူ၍ မြင်ပြသူ ဗိရုနုနာမ်ဝိညာဉ်၏ သံသရာနှင့် သံသရာကထွက်ရာပင် ဖြစ်သည်။

လူနှင့်ကံတရား သီးခြားအဖြစ်သိသော ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်သည် "လူကို ကံကဖြစ်စေသည်ဟူ၍ မသိစေဘဲ လူကို မိဘနှစ်ပါးကဖြစ်စေပြီး ထမင်းအစားအစာက ကြီးပွားစေသည်" ဟူ၍ လောကကိုအသိပေးသည်။

ကံကို လူကပြုလုပ်သည်ဟူ၍ အသိမပေးဘဲ "ကံကို လူ၏အသိမဟုတ်သောအသိက ဖြစ်စေသည်" ဟူ၍ အသိပေးသည်၊ ထို့ကြောင့် ကံပြုသောအသိသည် လူ့အသိမဟုတ်ဟုဆိုလိုသည်၊ လူမှာ လူ့အသိမဟုတ်သောအသိနှင့် လူ့အသိဟူ၍ နှစ်မျိုးရှိကြောင်းကို ဗုဒ္ဓဘုရား၏ နာမ်ဝိညာဉ်က သိသူဖြစ်သည်။

လူ့အသိနှင့် လူ့အသိမဟုတ်သောအသိကို ခွဲခြားသိရပါမည်၊ လူ့အသိသည် လူမှာရှိသော သိစရာများကို လက်ခံသောအစိတ်အပိုင်းများဖြင့် သိစရာများ၏ အတိုင်းအထွာပမာဏမှန်အတိုင်း သိသောအသိဖြစ်သည်၊ လူ့အသိမဟုတ်သော အသိသည် သိစရာများကို လက်ခံသောအစိတ်အပိုင်းများဖြင့် သိစရာကိုသိသောအခါ သိစရာ၏ အတိုင်းအထွာပမာဏမှန်နှင့် လွဲချော်ပြီး သိသောအသိဖြစ်သည်။

သိစရာများကို ပမာဏမှန်အတိုင်းအသိနှင့် ပမာဏမှန်နှင့်လွဲချော်သောအသိဟူ၍ အဘယ်ကြောင့်ဖြစ်ရသနည်း မေးလာလျှင် ဦးနှောက်မှန်နေခြင်းနှင့် ပျက်နေခြင်းကြောင့်ဟု တိုတိုဖြေရပါမည်။

ရှေးအခါက ဦးနှောက်ကို မသိကြသောကြောင့် စိတ်မှန်နှင့် မမှန်ဟူ၍ ပြောကြပါသည်၊ စိတ်ဖြစ်ပွားမှုသည် ဦးနှောက် လှုပ်ရှားမှုများဖြစ်သည်ကို ယနေ့ သိရှိနေကြပြီဖြစ်သည်၊ ထို့ကြောင့် ဦးနှောက်ဟုသုံးလိုက်ပါသည်၊ စိတ်နှင့် ထပ်တူသိရန်ဖြစ်ပါသည်၊ ဦးနှောက်ပျက်သည်ဟူသည် အဘယ်သို့ဖြစ်သနည်း ဟူ၍လည်း မေးစရာရှိပါသည်၊ လူသည် သူ့ပတ်ဝန်းကျင်မှ လူများအား အသိပေးတုံ့ပြန်မှု ပြုရသည်၊ တုံ့ပြန်စရာ အချက်သုံးချက်ရှိသည်၊ ကိုယ်နှင့်တုံ့ပြန်ချက်၊ နှုတ်နှင့် တုံ့ပြန်ချက်၊ ဟန်ပန်မူယာနှင့်တုံ့ ပြန်ချက်တို့ဖြစ်ကြသည်။

လူ၏ဦးနှောက်သည် သိစရာများကို လက်ခံမှု၊ တွက်ချက်မှု၊ တုံ့ပြန်မှုအားလုံးကိုလည်း အမှတ်အသားပြုရသည်၊ လူ၏ တစ်ကိုယ်လုံးကိုထိန်းထားသည်မှာ ဦးနှောက်ဖြစ်သည်၊ လူ၏ သူ့ပတ်ဝန်းကျင်လူတို့အပေါ် တုံ့ပြန်မှုတစ်မျိုးမျိုးသည် တုံ့ပြန်ရမည့်အတိုင်းအထွာ ပမာဏမှန်ရှိသည့်အတိုင်း မတုံ့ပြန်ဘဲ ပမာဏမှန်ထက်ကျော်လွန်၍ဖြစ်စေ၊ ယုတ်လျော့၍ဖြစ်စေ တုံ့ပြန်

လျှင် ဤတုံ့ပြန်ချက်ကို တုံ့ပြန်သူ၏ဦးနှောက်သည် အမှတ်အသားပြုမည်ဖြစ်သည်။

ဤဦးနှောက်သည် ပုံစံအားဖြင့် တစ်နေ့တာဝင်ငွေနှင့် ထွက်ငွေစာရင်းပြုရာ၌ ပိုသွင်းထားသော ဝင်ငွေ ထွက်ငွေဖြစ်စေ၊ လိုလျှော့သွင်းထားသော ဝင်ငွေထွက်ငွေဖြစ်စေ ပမာဏမှန်မဟုတ်သော ဝင်ငွေ ထွက်ငွေစာရင်းအလားဖြစ်သည်။

ဤစာရင်းကို စာရင်းအရာမသွင်းရဘဲ စာရင်းမှားစာရင်းပျက်ဟူ၍ ပြောရသကဲ့သို့ ဤပမာဏမှန်မဟုတ်သည်ကို အမှတ်အသားပြုထားသော ဦးနှောက်သည်လည်း ဦးနှောက်ပျက်ဖြစ်သည်၊ ထို့ကြောင့် ဦးနှောက်ပျက်ရခြင်းသည် မှားယွင်းသော တုံ့ပြန်ချက်များကြောင့်ဖြစ်သည်။

ဤဦးနှောက်ပျက်မှုသည် ပျက်ရခြင်း၏ အကြောင်းအမျိုးမျိုးအလျောက် ပျက်ပုံလည်းအမျိုးမျိုး ရှိသည်၊ ဦးနှောက်ပျက်ကို ပိုင်ဆိုင်ထားသောလူသည် ဦးနှောက်ကောင်းသောလူ၏ ဝန်းကျင်လူများအပေါ် တုံ့ပြန်မှုမျိုး မတုံ့ပြန်တတ်သူ ဖြစ်စေသည်၊ ဦးနှောက်ပျက်ကိုဖြစ်စေသော အမှုမျိုးဖြင့် တုံ့ပြန်မည့်သူသာဖြစ်သည်။

ဤဦးနှောက်ပျက်သည် မြင်ရ ကြားရရာတို့မှာ ဦးနှောက်ပျက်က တွက်ပေးသည့်အတိုင်း မြင်ခြင်း ကြားခြင်းများသာဖြစ်စေ၍ ပကတိတည်ရှိသော မြင်စရာ ကြားစရာကို မမြင်နိုင် မကြားနိုင်ဖြစ်သည်၊ ကိုယ်ထင်လျှင် ကုတင်ရွှေနန်းဆိုသော ဇမာစကားပုံ အတိုင်းဖြစ်သည်။

ဤအသိသည် လူ၏အသိမဟုတ်ဘဲ ဦးနှောက်ပျက်မှုတစ်မျိုးမျိုးက သိသော အသိသာဖြစ်သည်၊ ဤသို့ သိသူသည် သိသည်ကို တုံ့ပြန်ရာ၌ ပမာဏမှန်သော တုံ့ပြန်မှုမဖြစ်ဘဲ ပမာဏမှန်ထက် အပိုအလို တုံ့ပြန်မှုကိုသာဖြစ်စေသည်။

ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်သည် ဗိရှနုဘုရား၏နာမ်ဝိညာဉ်ကဲ့သို့ လူကို ဘယ်ကလာသည် မလာသည်၊ ဘယ်ကိုသွားမည် မသွားမည်ဟူ၍ ဝေဘန်မှု(ဝိဘဇ္ဇ)မလုပ်ဘဲ အမှု(သင်္ခါရကံ)ကို ဝေဘန်မှု(ဝိဘဇ္ဇ)ပြုသူဖြစ်သည်၊ ဤအမှု(သင်္ခါရကံ)ကြောင့် ဘာဖြစ်သည်၊ ဤအမှု(သင်္ခါရကံ)ကို ဘာကဖြစ်စေသည်၊ သင်္ခါရကံကို ဖြစ်စေသောအကြောင်းသည် ဘာဖြစ်သည်ဟူ၍ပင်တည်း။

ဗုဒ္ဓဘုရား၏ နာမ်ဝိညာဉ်သည် အမှုကို ဝိဘဇ္ဇလုပ်သော နာမ်ဝိညာဉ်ဖြစ်ပြီး ဗိရှနုဘုရား၏ နာမ်ဝိညာဉ်သည် လူသူသတ္တဝါ အကောင်ဘလောင်ကို ဝိဘဇ္ဇလုပ်သော နာမ်ဝိညာဉ်ဖြစ်သည်။

ဗုဒ္ဓဘုရား ဝိဘဇ္ဇလုပ်သောအမှုသည် လူ၌ဖြစ်ပွားနေသော အဖြစ်အပျက်များဖြစ်၍ လူများ ကိုယ်တိုင် ထင်ရှားမြင်နိုင်သောအရာဖြစ်၍ ယုံမှားသံသယ ဝိစိကိစ္ဆာကို မဖြစ်စေနိုင်ပေ၊ ဗိရှနု၏ဝိဘဇ္ဇသည် လူသူသတ္တဝါ အကောင်ဘလောင် များ မဖြစ်ပေါ်မီနှင့် သေဆုံးပြီးနောက်ဖြစ်သောကြောင့် ကိုယ်တိုင်မသိမြင်နိုင်ကြဘဲ ယုံမှားသံသယမဖြစ်အောင် မတတ်နိုင်သော အမြင်ဖြစ်သည်။

ကိုယ်တိုင်မမြင် မကြား မတွေ့ရဘဲဖြစ်စေ၊ ကိုယ်တိုင်တွက်ချက်၍ ညီမျှခြင်းထုတ်နိုင်အောင် မသိဘဲဖြစ်စေ၊ ယုံမှားကင်္ခါကို ပျောက်အောင် ဖျောက်နိုင်သည်ဟူ၍ လူလောက၌ အရှင်းမရှိပေ၊ ရှိသည်ဆိုလျှင် ဤသူသည် ကိုယ်တိုင်အမြင် အကြား အတွေ့နှင့် အတွက်အချက်ခေါင်းပါးသူများ ဖြစ်နေသည်ကို တွေ့ရမည်မလွဲဖြစ်သည်။

ယုံမှားကင်္ခါသည် လူ့လောကကိုမျက်စိလည်စေသည်၊ မျက်စိလည်သူသည် တောအုံကန္တာရ၌ကျက်စားသော တောတိရစ္ဆာန်ကောင်အလား တောမှုဆိုး၏ ခြောက်လှန့်ပြီး ပစ်ကွင်းသို့မောင်းသွင်းခံရကာသေဆုံးရသည့်ဒုက္ခက မလွတ်နိုင်ဖြစ်သည်။

ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်သည် လူ့လောကအား ယုံမှားကခ်ါ သံသယ ဝိစိကိစ္ဆာကိုဖြစ်စေသော ကိုယ်တိုင်အမြင်အကြား အတွေ့ အသိတို့၏ အာရုံမဟုတ်သော သိစရာများကို ပြောဆိုခြင်းအား လုံးဝရှောင်ရှားခဲ့သည်၊ လူ့လောကက ကိုယ်တိုင်သိနိုင်သော ကိုယ်နှုတ်နှလုံး လွန်ကျူးမှု(သခ်ၤါရကံ)များနှင့် ဤလွန်ကျူးမှုကြောင့် ဖြစ်ပွားမှုရလဒ်များအပြင် လွန်ကျူးမှုပြုလုပ်ရခြင်း၏အကြောင်းများ လူ၌ ဤအဖြစ်သုံးပါး ယန္တရားစက် ဖြစ်ပွားနိုပ်စက်နေသည်ကိုသာ ညွှန်ပြခဲ့သည်။

ဤအဖြစ်များသည် လူမှာ အထင်အရှားရှိသော အရာများဖြစ်သည်၊ မြင်အောင်ပြသူ၏ ညွှန်ပြချက်ရသူတိုင်း ကိုယ်တိုင်မြင်နိုင်သော အဖြစ်အပျက်ဖြစ်သည်၊ ရောဂါဖြစ်နေသည်ကို သိသောသူသည် ရောဂါကိုကုစားပြီး ရောဂါပျောက်စေသကဲ့သို့ ကိုယ့်ကိုနှိပ်စက်နေသော အဖြစ်အပျက်များအား သိသူသည်လည်း ဤအဖြစ်အပျက်များမှ လွန်မြောက်လွတ်လပ်သူဖြစ်သည်။

ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်နှင့် ဗိရှနု၏နာမ်ဝိညာဉ်သည် အလင်းနှင့်အမှောင်အလား ကွဲပြား ခြားနားကြသည်၊ ဤသို့ဖြစ်သော်လည်း ဗိရှနု၏ပြချက်သည် လူ့လောကအနေဖြင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သည်လည်းတစ်ချက်၊ ဗုဒ္ဓဘုရား၏ပြချက်သည် အလွန်နက်နဲခက်ခဲပြီး မြင်အောင်ကြည့်ရန် ခက်ခဲသည်ကတစ်ချက်၊ စစ်ရှုံးတရားခံအဖြစ် သတ်မှတ်ခံရသောကြောင့် လွတ်လွတ်လပ်လပ် ညွှန်ပြသူရရန် ရှားပါးသည်ကတစ်ချက်၊ စာဏကျအမတ်ကြီး၏ပညာဖြင့် ဗုဒ္ဓဘုရား၌ ဗိရှနု၏ နာမ်ဝိညာဉ်သွင်းထားသည်ကို မငြင်းဆန်နိုင်သည်ကတစ်ချက် အစစအကြောင်းများကြောင့် ဗုဒ္ဓဘုရား၏ နာမ်ဝိညာဉ်သည် ပျောက်ခြင်းကြီးလုလု အပျောက်ခံရသည်၊ ထို့ကြောင့် ဗုဒ္ဓဘုရား၌ ဗိရှနု၏နာမ်ဝိညာဉ် အပူးအဝင်ခံရသည်။

ဗုဒ္ဓဘုရားဆည်းကပ်ကြသူများသည် ဗုဒ္ဓဘုရား၏ ဓာတ်တော် မွေတော် စေတီတော်များကို ဆည်းကပ်ကြရာ၌ ဗိရှနုနာမ်ဝိညာဉ်ရှိသော ဗုဒ္ဓဘုရားအား စိတ်နှလုံးရည်မှန်းချက်ထား၍ ဝပ်တွား ဆည်းကပ်ကြရသည်။

ဗုဒ္ဓဘုရား၏ ဓမ္မစေတီဖြစ်သော ဟောကြားချက်တရားဒေသနာများကို ဆည်းကပ်ဖူးမြော် ပူဇော်မှုအဖြစ် လေ့လာဆည်းပူး ကျင့်ကြံကြရာမှာလည်း ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်ဖြင့် ဟောကြားခဲ့ချက်များကို ဗိရှနုနာမ်ဝိညာဉ်၏ ညွှန်ပြသော အနက်အဓိပ္ပာယ်များကိုထင်စေလျှက် လေ့လာဆည်းပူး ကျင့်ကြံကြသည်။

ဗိရှနုနာမ်ဝိညာဉ်သည် လူသူသတ္တဝါခပ်သိမ်းမှာ မမွေးမီက ပြုခဲ့သည့်အတိုင်းဖြစ်၍ လူသူသတ္တဝါ ခပ်သိမ်း ပြုနေသည်များက သေပြီးနောင်၌ဖြစ်မည်များကြောင့် အပါယ်ဆိုးဝါး၌မဖြစ်ဘဲ လူကောင်း နတ်ကောင်းဖြစ်စေရန် မကောင်းမှု ကံငါးပါးကို မပြုလုပ်ဖို့နှင့် ဒါန သီလ ဘာဝနာများ ပြုဖို့ညွှန်ပြသည်၊ ဗိရှနုနာမ်ဝိညာဉ် ပူးဝင်နေသော ဗုဒ္ဓဘုရား ဆည်းကပ်ကြသူများသည် ဤညွှန်ပြချက်ကို ဗုဒ္ဓဘုရား၏ညွှန်ပြချက်အဖြစ် သိမြင်ကျင့်ကြံကြသည်။

ဗိရှနုနာမ်ဝိညာဉ်၏ညွှန်ပြချက်သည် ကံနှင့် ကံ၏အကျိုးကို ယုံကြည်ရန်ဖြစ်သည်၊ ကံနှင့် ကံ၏အကျိုးကို အဘယ်သို့ ယုံကြည်ကြသနည်း၊ ယခုဘဝ ဖြစ်သမျှအဖြစ်များသည် မမွေးမီ ရှေးရှေးဘဝများက ကံများကြောင့်ဖြစ်ရသည်၊ ယခုဘဝမသေမီ ပြုပြုသမျှကံများသည် သေပြီး နောက်နောင်ဘဝများ၌ အကျိုးပေးကြမည်ဟူ၍ ယုံကြည်ကြခြင်းဖြစ်သည်။

ဥစ္စာဓနပေါများခြင်း နွမ်းပါးခြင်း၊ အနာရောဂါများပြားခြင်း ကင်းရှင်းခြင်း၊ အတတ်အသိပညာများ တတ်သိခြင်း ခေါင်းပါးခြင်း၊ အခြံအရံများပြားခြင်း ရှားပါးခြင်း၊ ရုပ်ဆင်းလှပခြင်း မလှပခြင်း၊ ချမ်းသာသောမိဘမှ မွေးဖွားခံရခြင်း မခံရခြင်းများသည် မမွေးမီ ရှေးရှေးဘဝကံ၏ အကျိုးများဟု ယုံကြည်စေသည်။

အုပ်ချုပ်သူ၏ ပညာရှိအမတ်ကြီးကပြောသော ဗိရှနုဝင်စားသည်ဆိုသော ဗုဒ္ဓဘုရားသည် ယုံလွယ်သော ဗုဒ္ဓဘုရားဆည်းကပ်ကြသူများအကြား၌ တောမီးပမာ အလျှင်အမြန် ပြန့်ပွားလွယ်ခဲ့သည်၊ ယုံကြည်ရသည်မှာ ပြောပြသူ၏ သြဇာအာဏာနှင့် ရသဝင်အောင်ပြောဆိုချက်၌ တည်လေသည်၊ ဟုတ်မှန်သောအဖြစ် ရှိခြင်း မရှိခြင်းသည် ယုံကြည်မှုအတွက် အကြောင်းမဟုတ်သောကြောင့် ဖြစ်သည်။

## အရိယသစ္စာ နှင့် ပကတိသစ္စာ

ဗုဒ္ဓဘုရားနာမ်ဝိညာဉ်၏ ညွှန်ပြချက်သည် စာဏကျ၏ဗိရှနုနာမ်ဝိညာဉ် ဗုဒ္ဓ၌အသွင်းမခံရမီ နှစ်ပေါင်း (၁၅၀)လောက်အထိ အသက်ဝင်ခဲ့သည်၊ ဗိရှနုနာမ်ဝိညာဉ် အဝင်ခံရသောအခါ၌ ဗုဒ္ဓဘုရား၏ဟောပြောချက်၌ ပဓာနဖြစ်သော “အရိယသစ္စာတရားကိုပင် အရိယသစ္စာတရားဟူ၍ မသိကြတော့ဘဲ သစ္စာတရား” ဟူ၍သာ သိကြတော့သည်အထိ ဖြစ်ကြသည်။

သစ္စာဟူသောစကားလုံးသည် ပကတိဟုအဓိပ္ပာယ်ရှိသော စကားလုံးပင်ဖြစ်သည်၊ ပကတိဖြစ်သောအရာကို ဗိရှနုက အဘယ်သို့ ညွှန်ပြသနည်း၊ ပရမတ္ထများသည် ပကတိများဟူ၍ ပြသည်၊ ရုပ်ဓာတ်အမျိုးမျိုး၊ နာမ်ဓာတ်အမျိုးမျိုးသည် ပရမတ္ထများဖြစ်ကြသည်။

ဗုဒ္ဓဘုရားညွှန်ပြသော အရိယသစ္စာ၌ အရိယကိုဖြုတ်ပယ်လျှင် သစ္စာဟူသော စကားလုံး၏အဓိပ္ပာယ်သည် ဗိရှနုညွှန်ပြသော ပရမတ္ထတရားများကိုသာ ရစေတော့သည်၊ အရိယသစ္စာဟုဆိုမှသာ အရိယာဖြစ်ကြောင်း ပကတိတရားဟူ၍ ရနိုင်ပေမည်။

အရိယာဖြစ်ကြောင်းပကတိတရားသည် ပရမတ္ထတရားများ မဟုတ်ကြဘဲ လွန်ကျူးမှုကြောင့်ဖြစ်ပွားချက်များကို ပိုင်းခြားအသိခံခြင်း ပိုင်းခြားသိခြင်း ထိုဖြစ်ပွားချက်များက ဖြစ်စေသောအကြောင်းများနှင့် ယင်းကြောင့်ဖြစ်သော လွန်ကျူးချက်များကိုပယ်၍ လွန်ကျူးချက်ကဖြစ်စေသော အဖြစ်များ ငြိမ်းချမ်းလွတ်မြောက်ခြင်း၏ အမည်ဖြစ်သည်၊ ဤအရာသည် အရိယသစ္စာဖြစ်သည်။

အသိတရား၊ အသိခံတရား၊ အသိခံတရား၏ အကြောင်းတရား၊ အသိခံများက လွတ်လပ်ခြင်းတရား၊ ဤတရားလေးပါးသည် အရိယသစ္စာဖြစ်သော အရိယာဖြစ်ကြောင်း ပကတိတရားများဖြစ်သည်။

ပရမတ္ထသစ္စာများသည် အရိယာဖြစ်ကြောင်း ပကတိတရားများမဟုတ်ကြဘဲ ရေမြေ တောတောင် သတ္တဝါသဘာဝ တို့ဖြစ်ကြောင်း ပကတိတရားများသာဖြစ်သည်၊ သိပ္ပံပညာရှင်များတွေ့ကြသော ဒြပ်စင်များအလား ဒြပ်ပေါင်းပစ္စည်းများ ဖြစ်ခြင်းဆိုင်ရာအကြောင်းဖြစ်သော ပကတိတရားမျိုးဖြစ်သည်။

အရိယာဖြစ်ကြောင်း ပကတိတရားသည် ဒြပ်ပေါင်းကိုဖြစ်စေသော ဒြပ်စင်မျိုးမဟုတ်ဘဲ စားစရာမုန့်တစ်ခု ဖြစ်ကြောင်းအဖြစ် မုန့်မှာပါဝင်ရသော ဆား၊ သကြား၊ နို့၊ ဆန်မှုန့်၊ ဂျုံမှုန့်ကဲ့သို့သော ပကတိပစ္စည်းမျိုးသည်သာ အရိယာဖြစ်ကြောင်း ပကတိတရားဖြစ်သည်။

ထို့ကြောင့် အရိယာဖြစ်ကြောင်းပကတိတရား၌ အသိနှင့် အသိဖြစ်မှုထောက်ကူသော အစိတ်အပိုင်းများရှိခြင်း၊ ဤအသိဖြင့် အသိခံစရာများရှိခြင်း၊ ဤအသိခံစရာများ၏ အကြောင်းများရှိခြင်း၊ ဤအချက် ပေါင်းရုံးလုပ်ဆောင်ချက်ကြောင့် အသိခံများမှ လွတ်မြောက်မှုရှိခြင်း၊ ဤအချက်လေးချက်သည် အရိယာဖြစ်ကြောင်း ပကတိဖြစ်သော သစ္စာများဖြစ်သည်။

စားသောက်စရာ မုန့်အဖျော်ဖြစ်ကြောင်း ပကတိတရား(ဆား သကြား နို့ သစ်သီးဝလံများ)သည် (ဤပကတိတရားဖြစ်သော) ဆား သကြား နို့ သစ်သီးဝလံတို့၏ ပကတိတရားဖြစ်ကြသော ပထဝီသဘာဝ၊ အာပေါသဘာဝ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာသဘာဝများ မဟုတ်ကြပေ။

စားသောက်စရာ မုန့်အဖျော်၌ ပကတိတရားသည် ဆားသကြားစသည်များမဟုတ်ဘဲ ပထဝီ အာပေါစသည်များဖြစ်လျှင် ပထဝီ အာပေါစသောပကတိများသည် အမှိုက်သရိုက် အညစ်အကြေးများ၏ ပကတိများလည်း ဖြစ်သောကြောင့် စားသောက်စရာနှင့်အညစ်အကြေးကို မကွဲမပြားအဖြစ်ခံရဖို့မှ လွတ်အောင်ပြု၍မရ ဖြစ်မည်၊ ထို့ကြောင့် စားသောက်စရာများဖြစ်ကြောင်း ပကတိတရားသည် ဆား သကြား စသည်များသာဖြစ်ပြီး ပထဝီ အာပေါ တေဇော ဝါယောတို့က စားသောက်စရာများ၏ ပကတိတရား သစ္စာမဟုတ်ခြင်းဖြစ်သည်။

ဒြပ်စင်များသည် ဒြပ်ပေါင်းဖြစ်ကြောင်း ပကတိများဖြစ်သော်လည်း ဒြပ်ပေါင်းအမျိုးမျိုးကိုပေါင်း၍ နောက်ထပ်ဖြစ်ပေါ်လာသော ဒြပ်ပေါင်း၏ ပကတိတရားသည် ဒြပ်စင်များမဟုတ်တော့ဟု ဆိုလိုပါသည်။

ထို့ကြောင့် အရိယသစ္စာသည် သစ္စာဟုခေါ်၍ မရနိုင်ပေ၊ သစ္စာဟုခေါ်လျှင် အခြားသောဖြစ်စရာများ၏ ဖြစ်ကြောင်းသစ္စာများနှင့် ရောထွေးနေပေမည်၊ အရိယသစ္စာအရကို ယူကြရာ၌ ပရမတ္ထများကို ယူနေကြခြင်းသည် ထင်ရှားချက်ဖြစ်သည်။

အရိယသစ္စာ၏အဓိပ္ပာယ်ကို ဤသို့ အရယူလွဲမှားရာမှ အကျင့်အကြံများ လွဲမှားမှုများကို ထပ်ဆင့်ဖြစ်ပွား စေသည်၊ အရိယာဖြစ်အောင် ကျင့်စရာတရားသည် ပရမတ်များဖြစ်သည်ဟု မြင်လာကြခြင်းဖြစ်သည်၊ အသိလွဲလျှင် အကျင့်လွဲမည်၊ အကျင့်လွဲလျှင် အမြင်လွဲမည်၊ အမြင်လွဲလျှင် ပေါင်းသင်းဆက်ဆံရေးများ ကွဲပြားမည်။

ထို့ကြောင့်ပင် ထိုခေတ်ကာလဖြစ်သော သာသနာနှစ်တစ်ရာကျော်ကာလ၌ သာသနာ့ဝန်ထမ်း ရဟန်းတို့၏ အသင်းအဖွဲ့သည် တစ်ဆယ့်ရှစ်ဖွဲ့မျှ ဖြစ်နေသည်ကို တွေ့ရခြင်းဖြစ်သည်၊ ဤအသင်းအဖွဲ့များသည် ဝိနည်းစည်းကမ်းကြောင့် ကွဲပြားကြခြင်းမဟုတ်ဘဲ အကျင့်အကြံဓမ္မကြောင့် ကွဲပြားကြခြင်းဖြစ်သည်၊ ဤအကွဲများငြိမ်းသတ်မှုပြုရာ၌ ကွဲပြားခြင်းအကြောင်း ဆွေးနွေးချက်မှတ်တမ်းများက ဤအကြောင်းကို ထင်ရှားစွာသိရသည်၊ ဤဆွေးနွေးချက်များ၌ ဝိနည်းစည်းကမ်းဆိုင်ရာ ဆွေးနွေးချက် အရှင်းပင်မတွေ့ရပေ၊ ထို့ကြောင့် တစ်ဆယ့်ရှစ်စုကွဲနေသည်မှာ တရားကြောင့်ချည်း ဖြစ်ကြသည်ဟု သိရခြင်းဖြစ်သည်။

စန္ဒဂုတ္တဘုရင်၏ ပညာရှိအမတ်ကြီးစာဏက္ကျ ပြုစားချက်သည် ဗုဒ္ဓဘာသာဝင်များကို သူတို့၏လမ်းညွှန် အိမ်မြှောင်သဖွယ်ဖြစ်သော ဗုဒ္ဓဘုရား၏ နာမ်ဝိညာဉ်ကိုချုပ်ပျောက်စေပြီး ဗိရှနု၏နာမ်ဝိညာဉ်အား ဆည်းကပ်အားကိုးပြုကာ ဗုဒ္ဓဘုရား၏ဟောကြားချက်များကို ဗိရှနုနာမ်ဝိညာဉ်၏ လမ်းညွှန်ချက်အဖြစ် နားလည်စေခဲ့သည်။

ဗုဒ္ဓဘုရား၏ ညွှန်ပြချက်အား ဗိရှနုနာမ်ဝိညာဉ်၏ ညွှန်ပြချက်ဖြင့် ချဉ်းကပ်ကြရာ၌ ကိုယ့်အသိဉာဏ်ရှိသလို ချဉ်းကပ်ကြရသည်၊ အလင်းနှင့်အမှောင်ကဲ့သို့ မတူညီသောညွှန်ပြချက်ကို အတူပြုချဉ်းကပ်ရခြင်းဖြစ်၍ ချဉ်းကပ်ကြသူအစုနှင့်

အခြားအစုများ မတူခြားနား ကွဲပြားကြခြင်း ဖြစ်သည်။

မတူခြားနား၍ ကွဲပြားနေကြသော အသင်းအဖွဲ့တစ်ဆယ့်ရှစ်စုအကြား၌ မတူညီချက်များအကြားမှ တူညီချက်တစ်ချက်ရှိသည်၊ ယင်းမှာ အရိယသစ္စာ အပျောက်ဆုံးခံကြရခြင်း ဖြစ်သည်၊ အရိယသစ္စာပျောက်သောကြောင့် ပရမတ်နှင့် သမုတိသစ္စာများကို လက်ခံကြရသည်။

မမွေးမီမှလာခဲ့ကြပြီး သေပြီးဆက်သွားမည်ဟူသော သမုတိသစ္စာနှင့် ဤသို့သွားရမှုများ နိဂုံးချုပ်ရန် ပရမတ်ရုပ်နာမ် ပွားရမည်ဟူသော ပရမတ္ထသစ္စာများကို ခံယူကြရသည်၊ ဤသမုတိနှင့် ပရမတ်သစ္စာနှစ်ပါး ခံယူချက်သည် ဗိရုန္နဘုရား ညွှန်ပြချက်အတိုင်းဖြစ်သည်။

ဗုဒ္ဓဘာသာတစ်ဆယ့်ရှစ်ဂိုဏ်းသည် ဤသို့ သစ္စာနှစ်ပါးကိုခံယူသော်လည်း တတိယသစ္စာဖြစ်သော အရိယသစ္စာဟောချက် သုတ္တန်များကို သစ္စာနှစ်ပါးဖြင့် နားလည်အောင်လေ့လာကြရသောကြောင့် တစ်ယောက်တစ်မျိုး အသိကွဲပြားကြရခြင်း ဖြစ်သည်။

ဗုဒ္ဓဘုရားဟောကြားခဲ့သော သုတ္တန်များသည် လူ့လောကဆိုင်ရာ အဖြစ်အမျိုးမျိုးအား အရိယသစ္စာဖြင့် ချဉ်းကပ်ပုံ စည်းကမ်းအဖြစ် ပြဆိုချက်ဖြစ်သည်၊ သုတ္တန်ဆိုသော ဗမာအခေါ်၏ ပါဠိအမည်မှာ သုတ္တဖြစ်သည်၊ သုတ္တသည် ချည်ပင်ဟူ၍ အဓိပ္ပာယ်ရှိသည်၊ဆိုလိုသည်ကား ချည်ပင်သည် မျဉ်းရိုက်ရာ၌ အသုံးချရသောကြောင့် မျဉ်းကြိုးဟုဆိုလိုသည်၊ လူ့လောကဆိုင်ရာ အဖြစ်အမျိုးမျိုးအား အရိယသစ္စာဖြင့် ယူပြချက်များသည် သုတ္တန်များဖြစ်သည်၊ သဒ္ဒါစည်းကမ်းများကိုပြရာ၌ သုတ်များဖြင့် ပြကြ သည်၊ ဤသုတ်များသည်လည်း သုတ္တများပင်ဖြစ်သည်၊ စာပေရေးသားပြောဆိုရာ၌ ဤစည်းများကို မကျော်ရန် ပြချက်များဖြစ်သည်၊ ဤနေရာ၌လည်း ဤအတူဖြစ်သည်၊ ဗုဒ္ဓဆည်းကပ်မှုများသည် ဗုဒ္ဓဘုရား၌ ဗိရုန္နနာမ်ဝိညာဉ် အပူးဝင်ခံရသောကြောင့် ဗုဒ္ဓဘုရားဟောကြားသော အရိယသစ္စာပျောက်၍ သမုတိနှင့် ပရမတ်သစ္စာများဖြင့်သာ သုတ္တများအား နားလည်ကြသည်။

ပထမဆုံး ပဋိစ္စသမုပ္ပာဒသုတ္တများ၌ အလယ်အင်္ဂါရှစ်ရပ်သာ ယခုဘဝဖြစ်ပြီး ရှေ့နှင့်နောက် အင်္ဂါနှစ်ရပ်တို့ကို မမွေးမီနှင့် သေပြီးဟု နားလည်ကြသည်၊ ဤသို့နားလည်ရန် ဗုဒ္ဓဘုရားက ဘယ်ကျမ်းဂန်မှာမျှ မဟောပြောခဲ့ပေ၊ ဗိရုန္န၏ သမုတိ အမြင်ဖြင့် နားလည်ကြခြင်းသာ ဖြစ်သည်။

မွေးမှသေအတွင်းရှိနေသောခန္ဓာများသည် ဥပါဒါနက္ခန္ဓာဖြစ်သည်ဟု နားလည်ကြပြီး ဥဒယဗ္ဗယသည် ပရမတ္ထတို့၏ ဥပါဒ်ဘင်များအဖြစ်လည်း နားလည်ကြသည်။

ဓမ္မစကြာ၌ ကာမကုသိုလ်၊ အကုသိုလ်ကံများကို ကာမသုခလ္လိကာနုယောဂအကျင့်၊ မဟဂ္ဂုတ်ကံများကို အတ္တကိလမထာနုယောဂအကျင့်အဖြစ် အရိယဝေါဟာရများကို အိမ်ထောင်သားမွေးကာမဂုဏ်အကျင့်၊ ရေငုပ်မီးလှုံစသော အကျင့်များအဖြစ် နားလည်ကြပြီး ဘုံသုံးပါးကံများက ဖြစ်စေချက် ဒုက္ခအဖြစ်အမြင်ကို ရုပ်နာမ်ဖြစ်ပျက် ဒုက္ခအမြင် သမ္မာဒိဋ္ဌိအဖြစ် ပြကြသည်၊ ဤအတိုင်း ရုပ်နာမ်ဖြစ်ပျက်၌ အသိဖြစ်စေသည်ကို သမ္မာသင်္ကပ္ပ၊ ဘုံသုံးပါးကံကလွတ်သော ပြောပြုနေကို သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ ယင်းကို ဒုစရိုက် ဒုရာဇီဝကလွတ်သော ပြောပြုနေများဟု သိကြသည်။

ဘုံသုံးပါးကံမဖြစ်ရန် သမ္မပ္ပဓာန် သမ္မာဝါယာမကို ရုပ်နာမ်ရှုမှုကမလွတ်ရန် သမ္မပ္ပဓာန်အဖြစ်လည်းကောင်း၊

ဘုံသုံးပါးကံမပြုမိရန် သတိထားမှုများ သတိပဋ္ဌာန်သမ္မာသတိကို ရုပ်နာမ်မြင်အောင်သတိထားမှုအဖြစ်လည်းကောင်း ဘုံသုံးပါးကံများကဖြစ်စေချက်များ အနိစ္စဒုက္ခအနတ္တအဖြစ်မှာ စိတ်ဝင်စားသည့် သမ္မာသမာဓိကို ရုပ်နာမ်များ၏ဖြစ်ပျက်အသိများ၌ တည်နေခြင်းအဖြစ်လည်းကောင်း သိနေကြသည်။

ဘုံသုံးပါးကံများပြုပြီးနောက် ကံဇာတ်ဝင်နေသောအဖြစ်ဇာတိကို အမိဝမ်းမှာနေရခြင်း၊ ကံဇာတ်ဝင်ပြီးနောက် ယိုယွင်းပျက်စီးရခြင်း ဇရာမရဏကို အိုမင်းမစွမ်းနှင့်သေဆုံးရခြင်း၊ ကံဇာတ်ဝင်သူအားဖြစ်သော မနှစ်သက်မှုနှင့်တွဲ နှစ်သက်မှုနှင့်ကွဲ လိုတာမရဖြစ်ခြင်း၊ အပ္ပိယသမ္ပယောဂ ပိယဝိပ္ပယောဂ အပ္ပိစ္ဆာလာဘများကို ချစ်သူကွဲ မုန်းသူတွဲ လိုတာမရများအဖြစ်သိခြင်း၊ ဘုံသုံးပါးကံက လက်ငင်းဖြစ်စေသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဥပါဒါနက္ခန္ဓာကို အမေကမွေးပေးလိုက်သော ခန္ဓာဟုနားလည်ခြင်း၊ ဤသို့ ဒုက္ခအရိယသစ္စာကို သိကြသည်။

သမုဒယသစ္စာအရ တဏှာကိုလည်း ဘုံသုံးပါးကံများကိုဖြစ်စေသော ထိုကံများကြောင့်ဖြစ်သော ခန္ဓာရှိသူ၏ အမြင်မှား လိုလားမှုများ သမုဒယအရိယသစ္စာ၏အရကိုလည်း အာရုံငါးပါးလိုလားမှု တဏှာများအဖြစ် ကောက်ကြသည်။

ဘုံသုံးပါးကံကိုဖြစ်စေသော ထိုဘုံသုံးပါးကံများကြောင့်ဖြစ်သော ခန္ဓာများကဖြစ်စေသော အမြင်အသိဖောက်ပြန်ယွင်းမှားသော အလိုလောဘတဏှာများ အကြွင်းမဲ့ချုပ်ခြင်း နိရောဓအရိယသစ္စာကို အမေမွေးရာပါရုပ်နာမ်များ ဖြစ်ပြီးနောက် မရှိသည်ကိုမြင်ပြီး သေဆုံးရဲ့နောက် ရုပ်နာမ်မဖြစ်ခြင်းဟု သိကြသည်။

အနတ္တလက္ခဏသုတ္တံ၌ ကံသင်္ခါရများကဖြစ်စေသော ရုပ်စသော ခန္ဓာငါးပါး၏ ဇာတ်ဝင်ခြင်း၊ ယိုယွင်းပျက်စီးခြင်းများမဖြစ်အောင် မတတ်နိုင်သောကြောင့် အနတ္တအနှစ်သာရမဲ့ခြင်းကို အမေမွေးခန္ဓာများ အနှစ်မဲ့အနတ္တအဖြစ် သိကြသည်၊ ဘုံသုံးပါးကံများကဖြစ်ချုပ်ပြီး ဇာတ်ဝင်မှုအဖြစ်ပြောင်းသွားသောခန္ဓာများသည် ဤခန္ဓာများမှာရှိသော အာရုံခံများ၌ ထင်လာသောအာရုံများကို ထင်သလိုဆွဲမြင်ကြ၍ အာရုံပမာဏမှန်ကိုမမြင်သောကြောင့် ဘုံသုံးပါးကံများကို ထပ်ဖြစ်စေခြင်းဖြင့် ပျက်စီးရခြင်း အနိစ္စဖြစ်သည်ကို ဤခန္ဓာများ ဖြစ်ပြီးမရှိသွား၍ အနိစ္စဖြစ်သည်ဟု သိကြခြင်းများ၊ ဒုက္ခမှာလည်း ပျက်၍မရှိသည်က ဒုက္ခဖြစ်ရသည်ဟု သိခြင်းများဖြစ်ကြသည်။

အကယ်၍ ဘုံသုံးပါးကံက ဇာတ်ဝင်စေ၊ ဇာတ်ဝင်မှုက ဇာတ်ဝင်သူအမြင်များကိုမြင်စေ၊ ဤသို့မြင်မှုက ဘုံသုံးပါးကံကို ထပ်ပြုစေပြီး လည်ပတ်ဖြစ်ပွားနေရခြင်းက ဒုက္ခဖြစ်သည်ကို အရိယအမြင်မရှိသောကြောင့် လွဲမှားသိကြခြင်းဖြစ်သည်၊ ဘုံသုံးပါးကံကပြုပြီး ဇာတ်ဝင်ခန္ဓာအဖြစ် ပြောင်းလဲဖြစ်ပွားသောခန္ဓာများကို ဤခန္ဓာများသည် ငါ့ဟာ ငါနှင့် ငါ့အတ္တမဟုတ်ဟုမြင်စေသည်ကို အမေမွေးရာပါလာသော ခန္ဓာငါးပါးကို ငါ့ဟာ ငါ ငါ့အတ္တမဟုတ် လုပ်ကြသည်။

ဘုံသုံးပါးကံကဖြစ်စေသော ဇာတ်ဝင်ခန္ဓာများကို အနိစ္စ ဒုက္ခ အနတ္တမြင်၍ ငါ့ဟာ ငါနှင့် ငါ့အတ္တမဟုတ်အမြင်မှ လွတ်မြောက်ခြင်း ဝိရာဂ ဝိမုတ္တဖြစ်ခြင်းကို အမေမွေးရာပါခန္ဓာတို့ကို ဖြစ်ပြီးပျက်၍ မရှိသည်အဖြစ်သိခြင်း ဝိရာဂ ဝိမုတ္တဟုသိကြသည်။

မဟာသတိပဋ္ဌာနသုတ္တံ၌လည်း ဘုံသုံးပါးကံသင်္ခါရများကဖြစ်စေလိုက်သော ကံဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်များ၌ အာရုံတရားများထင်လာသောအခါ ဤအာရုံများ၏ ပမာဏအမှန်ကိုမသိဘဲ ကံဇာတ်ဝင်ထားသည့် အတိုင်း ကိုယ်ထင်ကုတင်ရွှေနန်း အထင်မျိုးထင်သော အဘိဇ္ဈာဗျာပါဒ ကိလေသာများဝင်သောကြောင့် ထွက်လေဝင်လေဖြစ်ဖြစ်

လျောင်းထိုင်ရပ်သွားဖြစ်ဖြစ် ခံစားချက်အမျိုးမျိုးများဖြစ်ဖြစ် စိတ်ကူးစိတ်သန်းများဖြစ်ဖြစ် သဘောဓမ္မလေ့လာချက်များဖြစ်ဖြစ် ကံသင်္ခါရပြုဖို့ဘက်ဦးတည်နေကြသည်၊ ဤထွက်လေဝင်လေ အစစကို ကံကဖြစ်စေသော ခန္ဓာကြောင့်ဖြစ်သည့်အဖြစ်များဟုသိပြီး လို့လပညာတို့ဖြင့် ဤထွက်လေဝင်လေအစစများကို ဖယ်ရှားဖို့ဟောကြားချက်များကို ရုပ်နာမ်အသိသာဖြစ်ပြီး ထွက်လေဝင်လေအစစ အသိများပျောက်ရန် သတိထားမှုလုပ်နေကြသည်။

## ပဋိစ္စသမုပ္ပာဒ်အရ ဘုရားဟော နှင့် ယနေ့အသိ

ပဋိစ္စသမုပ္ပာဒ်အင်္ဂါဖြစ်သော အဝိဇ္ဇာ၏အရသည် ကိုယ်နှုတ်နှလုံးတစ်မျိုးမျိုးဖြင့် ဘုံသုံးပါးကံကဖြစ်စေသော ကံဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ဥပါဒါနက္ခန္ဓာများထဲက မျက်စိ နား နှာ လျှာ ကိုယ်စိတ်ကို အဆင်း အသံ အနံ့ အရသာ အတွေ့နှင့် သိစရာတစ်ခုခုမှာ တက်စေလိုက်သောအခါ သိလာသောအသိတရားဖြစ်သည်၊ ဤအသိတရားသည် အဆင်း အသံ အနံ့ အရသာ အတွေ့နှင့် သိစရာ၏ပမာဏမှန်အတိုင်း မသိ မမြင် မကြား မတွေ့ဘဲ ကံဇာတ်ဝင်နေသော မျက်စိ နား နှာ လျှာ ကိုယ်စိတ်က သိခြင်းဖြစ်သောကြောင့် ကံဇာတ်ဝင်စေသော ကံပြုစဉ်က မြင်ခဲ့ ကြားခဲ့ တွေ့ခဲ့ သိခဲ့သည့်အတိုင်း ဆွဲငင်၍မြင်ခြင်း ကြားခြင်း တွေ့ခြင်း သိခြင်းကိုဖြစ်စေသည်။

ထို့ကြောင့် ဤအသိသည် ရှိသည့်အတိုင်းသိခြင်းမဟုတ်ဘဲ အရှိမဟုတ်သည်ကို အရှိဟုထင်၍ သိခြင်းဖြစ်သောကြောင့် အသိဟုမပြောနိုင်သောအသိ ဖြစ်သည်၊ ဤအသိကို အဝိဇ္ဇာအဖြစ် ဗုဒ္ဓဘုရားကဟောထားသည်ကို ရုပ်နာမ်ဖြစ်ပျက် မသိခြင်းအဖြစ် သိကြသည်။

သင်္ခါရသည် မြန်မာလို လွန်ကျူးခြင်းအနက်ရှိသော်လည်း လွန်ကျူးစရာသည်လည်း လူမှာ ကိုယ်နှုတ် စိတ်နှလုံးဟူ၍ သုံးမျိုးရှိသော်လည်း လုပ်သင့်တာထက် အပိုအလို ပြောဆိုပြုလုပ်စိတ်ထားတာတိုင်း လွန်ကျူးသည်ဟု ပြောစရာရှိသော်လည်း ဤ၌ ဤအရာအားလုံးကို လွန်ကျူးသည်ဟုမဆိုရဘဲ ဤလွန်ကျူးတာတွေထဲမှ အဝိဇ္ဇာ တဏှာ ဥပါဒါန်များက ဖြစ်စေသောလွန်ကျူးမှုကိုသာ လွန်ကျူးခြင်းဟု ပြောရခြင်းဖြစ်သည်၊ အဝိဇ္ဇာကြောင့်ဖြစ်သော လွန်ကျူးခြင်း ဟုဆိုထားသောကြောင့်ဖြစ်သည်၊ အဝိဇ္ဇာစတာများမပါဘဲ ကိုယ်နှုတ်နှလုံး ပြုလုပ်မှုများသည် သင်္ခါရမဟုတ်သော ပြုလုပ်ခြင်းများပင် ဖြစ်သည်။

ဤလွန်ကျူးခြင်းသည် စေတနာဟုပြောရသော်လည်း စေတနာသည် ပိုမို မပေါ်လွင်သောစကားဖြစ်သည်၊ အကယ်၍ စေတနာဆိုသောအရာတွင် ပါဝင်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ခန္ဓာငါးပါးဖြစ်သည်၊ ဤခန္ဓာများသည် အဝိဇ္ဇာတဏှာစသည်က ဖြစ်စေလိုက်သောခန္ဓာများပင် ဖြစ်သည်၊ ဘုံသုံးပါးကံကဖြစ်စေလိုက်သော ကံဇာတ်ဝင်နေသော အရာကဖြစ်စေသောကြောင့် ဘုံသုံးပါးမသိခြင်း အဝိဇ္ဇာ တဏှာတရားကပင် အကြောင်းဖြစ်သောကြောင့် ဤသင်္ခါရသည် ဘုံသုံးပါး လွန်ကျူးမှုကံများဖြစ်သည်။

ဤသင်္ခါရအရကို ကာမအကုသိုလ် လွန်ကျူးမှုခန္ဓာများ၊ ကာမကုသိုလ် လွန်ကျူးမှုခန္ဓာများ၊ ရူပကုသိုလ် လွန်ကျူးမှုခန္ဓာများ၊ အရူပကုသိုလ် လွန်ကျူးမှုခန္ဓာများအဖြစ် ဟောပြောထားသော်လည်း ဤသို့လွန်ကျူးမှုအဖြစ်ကို

အကုသိုလ်ခန္ဓာများလောက်သာသိကြပြီး ကာမကုသိုလ်နှင့် ရူပအရူပကုသိုလ်များကို သင်္ခါရအဖြစ် မသိမြင်ကြတော့ဘဲ သင်္ခါရကို ကံစိတ်ဥတုအာဟာရ အကြောင်းလေးပါးကပြုပြင်ထားတဲ့ခန္ဓာများအဖြစ်သာ ကောက်ယူကြတော့သည်။

ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာများ၏အရကို ကာမအကုသိုလ် ကုသိုလ်၊ ရူပ အရူပကုသိုလ်ကံသင်္ခါရပြုပြီးနောက် ကာမအကုသိုလ် ကုသိုလ်၊ ရူပ အရူပကုသိုလ်ခန္ဓာများက ဖြစ်စေသောခန္ဓာများအဖြစ် ဝိညာဉ်ခန္ဓာ နာမ်ရုပ်ခန္ဓာ သဠာယတနခန္ဓာ ဖဿခန္ဓာ ဝေဒနာခန္ဓာများဖြစ်ပွားသည်ကို ရယူရမည်ဖြစ်သော်လည်း မမွေးမီကပြုခဲ့သော သင်္ခါရများကဖြစ်စေလိုက်သော အမိဝမ်းတွင်းမှာအစပြု၍ဖြစ်သော ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာများကို ယူစရာအဖြစ် သိနေကြသည်။

ဤအင်္ဂါခုနစ်ရပ်သည် ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋသုံးပါး တစ်ပတ်လည်သော သံသရာတစ်ပတ်အဖြစ်ဟောပြီး နောက်တစ်ပတ်လည်ပုံသိဖို့ နောက်အင်္ဂါငါးရပ်ဆက်ဟောသည်ကိုလည်း မသိကြတော့ဘဲ အင်္ဂါတစ်ဆယ့်နှစ်ရပ်ပြည့်မှ သံသရာတစ်ပတ်ဟုလည်း သိကြသည်၊ နောက်အင်္ဂါငါးပါးသည် နောက်သံသရာတစ်ပတ်ဖြစ်သည်ကို မသိကြတော့ပေ၊ အဝိဇ္ဇာသည် အဝိဇ္ဇာချည်း ဖြစ်သည်မဟုတ်ဘဲ တဏှာဥပါဒါန်တွေပါဖြစ်ခြင်း၊ သင်္ခါရကလည်း ဘဝဖြစ်ခြင်း၊ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာများကလည်း ဇာတိ ဇရာမရဏဖြစ်ခြင်းအဖြစ်ကို မသိကြတော့ဘဲ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းများဖြစ်သည်ကို ဇာတိ ဇရာမရဏဖြစ်သည်ဟု သိကြသည်။

ကာမ အကုသိုလ်-ကုသိုလ်၊ ရူပ-အရူပ ကုသိုလ် သင်္ခါရလေးမျိုးအနက် တစ်မျိုးမျိုးလုပ်ပြီးနောက် ကာမ-အကုသိုလ် ကာမ-ကုသိုလ်၊ ရူပ-အရူပ ကုသိုလ်များ၏ ဇာတ်ဝင်သောခန္ဓာများအဖြစ် ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာခန္ဓာများ ဖြစ်ကျန်ခဲ့ကြသည်ကိုလည်း မသိကြတော့ပေ။

အပြော အပြု အနေသုံးမျိုး တစ်မျိုးမျိုးကိုဖြစ်စေပြီးနောက် ဤပြောခဲ့ချက် ပြုခဲ့ချက် နေထိုင်ခဲ့ချက်များ ဇာတ်ဝင်သောအပြောမျိုး အပြုမျိုး အနေအထိုင်မျိုး ဖြစ်ကျန်ခဲ့သည်ကို မသိကြတော့ပေ၊ အဝတ်ကို ဆေးရောင်ရှိရေမှာ အနှစ်ခံရလျှင် အဲဒီရေက ဆယ်ယူပြီးနောက် အဝတ်မှာ အဲဒီဆေးရောင်ကျန်ခဲ့တာလိုမျိုးဖြစ်သည်၊ ဤ၌ ပဋိစ္စသမုပ္ပာဒ်ကို တို့ထိရုံမျှပြောရမည်၊ ပဋိစ္စသမုပ္ပာဒ်သည် အလွန်နက်နဲသောကြောင့် မသိနိုင်ကြဖြစ်ပြီး အရိယသစ္စာလည်း မသိကြခြင်းပင်ဖြစ်သည်။

ဤစကားများသည် အရိယသစ္စာဟောသောဘုရားကို ပရမတ္ထသစ္စာနှင့် သမုတိသစ္စာဟောသော ဗိရုန နာမ်ဝိညာဉ်ဝင်စားသောဘုရားအဖြစ် အပြုခံထားရသောကြောင့် တကယ့်ဘုရားဟောချက်များ အနက်မထင်နိုင်ပုံ မြင်သာရုံပြောပြချက်ဖြစ်သောကြောင့် ဤမျှသာပြလိုက်သည်။

ပေါဋ္ဌပါဒသုတ္တ အဂ္ဂိဝစ္ဆသုတ္တ မာလုကျပုတ္တစသည်များ၌ သတ္တဝါများသေပြီးနောက် ဖြစ်ခြင်းမဖြစ်ခြင်း၊ တချို့ဖြစ် တချို့မဖြစ်ခြင်း၊ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်ခြင်း၊ အသက်သည် ကိုယ်နှင့်အတူ ဖြစ်ခြင်းမဖြစ်ခြင်း၊ သတ္တဝါများ အရှိဖြစ်ခြင်းမဖြစ်ခြင်း၊ အဆုံးရှိခြင်းမရှိခြင်း၊ ဤစကားများသည် လူသူသတ္တဝါ အကောင်ဘလောင်များ၏ အကြောင်း ပြောသောစကားများဖြစ်သည်၊ ဤအကောင်ဘလောင်များကို ဘယ်က လာမလာ၊ ဘယ်ကို သွားမသွား၊ ဒီမှာ ရှိမရှိ ဆိုင်ရာမေးခွန်းများဖြစ်သည်၊ ဤစကားများကို ဗုဒ္ဓဘုရားက သူမပြောကြောင်း အကြောင်းပြပေါင်းများစွာဖြင့် မိန့်ကြားခဲ့ချက်

ဖြစ်သည်၊ ဆက်လက်၍လည်း ဗုဒ္ဓဘုရားက သူပြောသောစကားများမှာ လူသူသတ္တဝါ အကောင်ဘလောင်များ၌ဖြစ်ပွားသော အမှုအကောင်းအဆိုးနှင့် အမှုများ၏အကျိုးအပြစ် ဤလေးချက် အမှန်အကန်ကိုမသိကြဘဲ လွဲမှားသိနေကြသည်ကို အမှန်သိကြဖို့ ကိုသာပြောဆိုကြောင်း မိန့်ကြားခဲ့သော်လည်း ဗုဒ္ဓဘုရား၏ နာမ်ဝိညာဉ်ကိုဖျောက်၍ ဗိရုန္ဓနာမ်ဝိညာဉ်ဝင်နေသော ဗုဒ္ဓဘုရားကို ဆည်းကပ်ကြသူများအနေဖြင့် ဗုဒ္ဓဘုရား၏ နာမ်ဝိညာဉ်စစ်စစ်က မိန့်ကြားချက်ကို နားလည်၍မရဖြစ်ကြပြီး ဗုဒ္ဓဘုရားကိုယ်တိုင်ပင် မမွေးမီက ဗိရုန္ဓဖြစ်ခဲ့သေးသည်ဟုဖြစ်ကာ ဘယ်က လာကိုလာသည်၊ ဘယ်ကို သွားကိုသွားသည် ဒီမှာ ရှိကိုရှိသည် အစစများကိုသိနေကြသည်။

ဗုဒ္ဓဘုရားက အမြဲမပြတ်ဆင်ခြင်ရန်ဟောထားခဲ့ချက်အဖြစ် ဆင်ခြင်စရာများကို ကံပြုပြီးနောက် ကံခန္ဓာများအတိုင်းဖြစ်နေသော ခန္ဓာများအား ဇာတိခန္ဓာ ဇရာမရဏခန္ဓာအဖြစ် ဟောကြားချက်ကိုလည်း လူသူသတ္တဝါများ၏ ပဋိသန္ဓေနေသောခန္ဓာအဖြစ် အိုသောခန္ဓာအဖြစ် နာသောခန္ဓာအဖြစ် ဖြစ်ကြောင်းနှင့် ဤဇာတိ ဇရာမရဏခန္ဓာများသည် ကံသာလျှင် သူ့အဖြစ်၊ ကံသာလျှင်ဆွေမျိုး၊ ကံသာလျှင်အမွေခံ၊ ကံသာလျှင်လဲလျောင်းရာဟုဟောကြားချက်ကို ကံယုံပြီး ကောင်းကံများပြုဖို့အဖြစ် သိနေကြသည်။

ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်အစား ဗိရုန္ဓနာမ်ဝိညာဉ်ကို ဗုဒ္ဓဘုရား၌သွင်း၍ ဆည်းကပ်မိကြသူ ဗုဒ္ဓဘာသာအများသည် ဗုဒ္ဓဘုရား၏ အရိယသစ္စာဟောကြားချက်များကို အရိယသစ္စာအနက်များ မထင်နိုင်ကြတော့ဘဲ ပရမတ္ထသစ္စာ သမုတိသစ္စာ အနက်များသာထင်ကြတော့သည်၊ ဗုဒ္ဓဘုရားဟောပြောသမျှ ဓမ္မက္ခန္ဓာစကားလုံးတိုင်းအား ဤအတိုင်းပင် အနက်ထင်ကြသည်အဖြစ် ရောက်ကြသည်။

## သစ္စာတရားတို့၏ တန်ဖိုးများ

ဤ၌ သမုတိသစ္စာ ပရမတ္ထသစ္စာ အရိယသစ္စာတို့၏ အရများသည် တန်ဘိုးချင်း လုံးဝခြားနားကြပါသည်၊ ဦးစွာ ဥပမာဖြင့် ဤသို့သိရမည်၊ မြေ၊ မြေဖြင့်လုပ်ထားသော အုတ်၊ အုတ်ခဲဖြင့်ဆောက်လုပ်ထားသော ရုပ်ပွားဆင်းတု စေတီပုထိုး ကျောင်းအိမ်စသည်ဟူ၍ အမျိုးအစား သုံးစားရှိသည်၊ မြေသည် အုတ်ခဲအဖြစ်မပြုမီက မြေမျှသာဖြစ်သည်၊ အုတ်ခဲဖြစ်သောအခါ မြေမဟုတ်တော့ဘဲ အုတ်ခဲဖြစ်သည်၊ အုတ်ခဲများဖြင့်ဆောက်လုပ်ထားသော ရုပ်ပွားဆင်းတု စေတီပုထိုး အိမ်ကျောင်းစသည်လည်း အုတ်ခဲမဟုတ်တော့ဘဲ ရုပ်ပွားဆင်းတုစသည်ဖြစ်သည်။

ရုပ်ပွားဆင်းတု၏တန်ဖိုးသည် အုတ်တန်ဖိုးနှင့် အခြားနားကြီးခြားနားသည်၊ အုတ်ခဲကိုရှိခိုးပူဇော်မှု မပြုကြရသော်လည်း ရုပ်ပွားဆင်းတုသည် ရှိခိုးပူဇော်မှုပြုကြရသည်၊ အုတ်ခဲသည်လည်း မြေဖြင့်ပြုလုပ်ခံထားရသော်လည်း အုတ်ခဲ၏ အသုံးတန်ဘိုးနှင့် မြေ၏ အသုံးတန်ဘိုးသည် အခြားနားကြီးခြားနားသည်၊ ထို့ကြောင့် အုတ်ခဲကို မြေပါဝင်သောကြောင့် မြေဟုအသိအမှတ်ပြု၍ မရတော့ပေ။

စေတီပုထိုး၌ အုတ်ခဲ၊ မြေများပါဝင်သော်လည်း စေတီပုထိုးကို ရှိခိုးပူဇော်အသုံးပြုသကဲ့သို့ အုတ်ခဲနှင့်မြေတို့

ကို ရှိခိုးပူဇော်အသုံးပြု၍ရမည်မဟုတ်သည်မှာ ထင်ရှားသည်၊ ဤအတူပင် ပရမတ္ထသစ္စာသည် မြေကဲ့သို့သော "အခြေခံသဘာဝသစ္စာ" ဖြစ်သည်၊ သမုတိသစ္စာသည် အုတ်ခဲကဲ့သို့သော အခြေခံသဘာဝတို့၏ "အပေါင်းသစ္စာ" ဖြစ်သည်၊ အရိယသစ္စာသည် စေတီပုထိုးကဲ့သို့သော ကိုးကွယ်သူတို့၏ ရှိခိုးပူဇော်မှုပြုရသော "အမှုသစ္စာ" ဖြစ်သည်။

ဤသစ္စာသုံးပါးသည် "အစိတ်သစ္စာ အစုသစ္စာ အမှုသစ္စာ"ဟူ၍ သိရသောသစ္စာများဖြစ်သည်၊ ဤသစ္စာသုံးပါး၌ လူ့လောကသုံးသောသစ္စာမှာ "အမှုသစ္စာသာ" ဖြစ်သည်၊အစုသစ္စာနှင့် အစိတ်သစ္စာများသည် လူ့လောက၏ အသုံးမခံရသော သစ္စာများဖြစ်ကြသည်။

ဤသစ္စာသုံးပါးကို "အခြေအနေသစ္စာ၊ အခြင်းအရာသစ္စာ၊ အရည်အချင်းသစ္စာ"ဟူ၍လည်း ခေါ်နိုင်သည်၊ အစိတ်သစ္စာသည် အခြေအနေသစ္စာ၊ အစုသစ္စာသည် အခြင်းအရာသစ္စာ၊ အမှုသစ္စာသည် အရည်အချင်းသစ္စာ ဖြစ်သည်၊ လူ့လောကသည် အခြေအနေနှင့် အခြင်းအရာသစ္စာများကို ပဓာနထား၍မသုံးဘဲ အရည်အချင်းသစ္စာကိုသာ ပဓာနထား၍ သုံးကြသည်။

အရည်အချင်းသစ္စာသည် အရိယသစ္စာဖြစ်သည်၊ အခြင်းအရာသစ္စာသည် သမုတိသစ္စာဖြစ်သည်၊ အခြေအနေသစ္စာသည် ပရမတ္ထသစ္စာဖြစ်သည်၊ လူတစ်ဦး၌ အခြေအနေလည်းရှိသည်၊ အခြင်းအရာလည်းရှိသည်၊ အရည်အချင်း လည်းရှိသည်၊ လူတစ်ဦးက တစ်ဦးကို မိတ်ဆွေရန်သူအဖြစ် သတ်မှတ်သုံးစွဲရာ၌ ထိုလူ၏ အခြေအနေ အခြင်းအရာများဖြင့် သတ်မှတ်သုံးစွဲခြင်းမပြုဘဲ အရည်အချင်းဖြင့်သာ သတ်မှတ်သုံးစွဲကြခြင်းဖြစ်သည်။

လူ၏ ဓာတ်ပရမတ်သဘာဝများသည် အခြေအနေများဖြစ်ပြီး လူ၏ ခြေလက်ခေါင်းခါးရှိသူအဖြစ် အကောင်ဘလောင်သည် အခြင်းအရာများဖြစ်သည်၊ လူ၏ ပြောဆိုပြုလုပ်နေထိုင်သောအမှုများသည် အရည်အချင်းများပင်ဖြစ်သည်၊ ဤအမှုများကောင်းလျှင် အရည်အချင်းများကောင်းပြီး အမှုများဆိုးလျှင် အရည်အချင်းများ အဆိုးဖြစ်သည်၊ အရည်အချင်း ကောင်းသည် လွတ်လပ်စေပြီး အဆိုးသည် မလွတ်မလပ်ဖြစ်စေသည်၊ ထို့ကြောင့် အရိယသစ္စာလေးပါးဖြစ်လာသည်။

ဓာတ်ပရမတ်တွေက ဖြစ်ဖို့အကြောင်းဆုံခိုက်မှာဖြစ်ပြီး အကြောင်းတွေကွဲကြလျှင် ဖြစ်မှုများရပ်စဲပြီး ဘာမျှမရှိသည့်အဖြစ် ရောက်ကြသည်၊ ဤအဖြစ်သည် ပရမတ္ထသစ္စာ၏အဖြစ်များ ဖြစ်သည်၊ သမုတိသစ္စာသည်လည်း ဤနည်းတူပင်ဖြစ်သည်၊ ပရမတ်သဘာဝတို့၏ စုပေါင်းဆုံဆည်းမှုသည် သမုတိဖြစ်သည်၊ ဤသမုတိအချင်းချင်းတို့၏ ဆုံဆည်းမှုအမျိုးမျိုးသည်လည်း သမုတိပင်ဖြစ်သည်၊ ဤသမုတိများလည်း အကြောင်းကုန်၍ ဆုံဆည်းမှုရပ်စဲကြလျှင် သမုတိအဖြစ်က ပြိုကွဲပျက်စီးကြသည်။

အရိယသစ္စာသည်ကား ပရမတ္ထသစ္စာ သမုတိသစ္စာများကဲ့သို့ လူ၏အပြင်အပ၌ အလိုအလျောက်ဖြစ်ပေါ်တည်ရှိနေသောအရာမဟုတ်ဘဲ လူ၌သာဖြစ်တည်သောအရာဖြစ်သည်၊ လူ၌ရှိသော လူကတည်ဆောက်ထားခြင်းမဟုတ်သော ပရမတ်သဘာဝများနှင့် သမုတိသဘာဝများလည်းရှိသည်၊ ဤသဘာဝများသည် လူကို မငြိမ်းမချမ်းများကိုဖြစ်စေသည်၊ ဤသဘာဝများကို ဟုတ်မှန်သောအတိုင်းသိပြီး ဤသဘာဝဖြစ်ကြောင်းများ မဖြစ်ပေါ်ရန် ဆန့်ကျင်ဘက်အကြောင်းများကိုပြုပြီး လူကိုမငြိမ်းချမ်းစေသော သမုတိပရမတ်သဘာဝများ ချုပ်ငြိမ်းလွတ်မြောက်ခြင်းဖြစ်သည်။

ဤလွတ်မြောက်ခြင်းသည် အကြောင်းများပေါင်းဆုံ၍ဖြစ်သော လွတ်မြောက်ခြင်းမဟုတ်သောကြောင့် အကြောင်းကွဲပြီး လွတ်မြောက်မှု ပျက်ကွဲသည်ဟူ၍ မရှိသောအရာဖြစ်သည်၊ ဤလွတ်မြောက်မှုသည် ထာဝရတည်သော လွတ်

မြောက်မှုဖြစ်သည်၊ ဤအမှန်ပကတိ သဘာဝသည် အရိယသစ္စာသဘာဝဖြစ်သည်။

အစိတ်သစ္စာ အစုသစ္စာ အမှုသစ္စာ ဤသုံးပါး၌ အမှုသစ္စာဖြစ်သော အရိယသစ္စာ၏ ထူးခြားချက်မှာ အစိတ်အစုသစ္စာနှစ်ပါးသည် လူမှာလည်းဖြစ်သည်၊ လူ့အပြင်မှာလည်းဖြစ်သည်၊ အမှုသစ္စာကား လူမှာသာဖြစ်သည်၊ လူ့အပြင်၌ မဖြစ်ပေ၊ နောက်တစ်ခု ထူးခြားချက်လည်းရှိသည်၊ အစိတ်အစုသစ္စာနှစ်ခုသည် အကြောင်းဆုံလျှင်ဖြစ်ပြီး အကြောင်းရပ်စဲလျှင် ပျက်ကြကွဲကြသည်၊ အမှုသစ္စာကား အကြောင်းဆုံ၍ဖြစ်ခြင်းမဟုတ်ဘဲ အကြောင်းစဲသော်လည်း ပျက်ကွဲခြင်းမရှိသောအရာ ဖြစ်သည်။

ဤပြခဲ့ချက်သည် အရိယသစ္စာ၏ ပရမတ္ထသစ္စာ၊ သမုတိသစ္စာတို့ဖြင့်ချဉ်းကပ်၍ မရနိုင်ကြောင်း ပေါ်လွင်ရန်နှင့် အရိယသစ္စာနှင့် ပရမတ္ထသစ္စာ သမုတိသစ္စာများ လုံးဝ သက်ဆိုင်ခြင်းမရှိကြောင်း သိသာရန်များဖြစ်သည်၊ ထိုသို့ဖြစ်သော်လည်း သာသနာနှစ် တစ်ရာကျော်ကာလ စန္ဒဂုတ္တနှင့် အဲလက်ဇန္ဒားဘုရင်များ၏ စစ်ပွဲက အိန္ဒိယကို ဥရောပသို့ပွဲပါစေခြင်းနှင့်အတူ အရိယသစ္စာသည်လည်း ပွဲရွဲ့ဆုံးပါးခံလိုက်ရသည်။

စစ်ရှုံးဘုရင်၏ ပညာရှိအမတ်ကြီး စာဏကျလုပ်ကြံချက်သည် ဗုဒ္ဓဘုရားဆည်းကပ်သူများ ငြင်းဆန်စရာမရှိသော လုပ်ကြံကွက်ဖြစ်သည်၊ ဗုဒ္ဓဘုရားဆည်းကပ်သူများ၏အာရုံစိုက်ရာသည် လူ့အမှုလွန်နှင့် လူ့အမှုမှုတနှစ်မျိုးသာဖြစ်၍ ဤနှစ်မျိုးနှင့် မဆိုင်သော လူမမွေးမီနှင့် လူသေပြီးများအပြင် တခြားလူ့အဖြစ်များ မပါဝင်သောကြောင့်ပင်ဖြစ်သည်။

ဗုဒ္ဓဘုရားသည် လူများအား လွန်ကျူးမှုခပ်သိမ်းမှ လွတ်လပ်ရာကိုသာ ညွှန်ပြပေးသူ ဖြစ်သည်၊ လွတ်လပ်ရာ၏ ညီမျှခြင်းသည် “မျှတမှု” ဖြစ်သည်၊ ဤ“မျှတမှု”ကိုမေးမှိန်စေသော အမြင်အမျိုးမျိုး မြင်မှုများသည် လွတ်လပ်မှုနှင့်လွဲချော်သော အမြင်များဖြစ်၍ မှားယွင်းသောအမြင်များအဖြစ် မိန့်ကြားခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓဘုရားဆည်းကပ်သူတို့၏ဆရာဖြစ်သော ဗုဒ္ဓဘုရားကို စာဏကျက ဗိရှနုဝင်စားပါသည်ဆိုသော လုပ်ကြံမှုသည် ဦးခေါင်းလည်မသွားအောင် မတတ်နိုင်သောအမှုပင် ဖြစ်သည်၊ ထို့ပြင်လည်း ဗုဒ္ဓဒဿနကိုယ်တိုင်ကလည်း ဗြဟ္မဏဝါဒကို ဖောက်ထွက်ထားသော ဒဿနဖြစ်သည်၊ ဗုဒ္ဓဘုရားဆည်းကပ်ကြသူများသည်လည်း မိဘဘိုးဘွားအစဉ်အားဖြင့် ဗြဟ္မဏဝါဒဆည်းကပ်ခဲ့ကြသူများသာ ဖြစ်သည်၊ ထို့ကြောင့် စာဏကျ၏ခလုတ်ဖြုတ်ချက်၌ အားလုံး အလွယ်တကူပြုတ်ကျခံကြရသည်။

ဗုဒ္ဓဘုရား၏ ဝိသင်္ခါရညွှန်ပြချက်ဖြစ်သော မဂ္ဂအရိယသစ္စာညွှန်ပြချက်များကို ကာမ ရူပ အရူပ ကုသိုလ် သင်္ခါရ များအဖြစ် အဓိပ္ပာယ်ကောက်ကြတော့သည်၊ အရိယသစ္စာစကားများကို သမုတိသစ္စာစကား၊ ပရမတ္ထသစ္စာ အနက်အဓိပ္ပာယ် ကောက်ကြရာ၌ ကောက်ကြသူအချင်းချင်း မတူကွဲပြား ခြားနားကြရမည်မှာ သဘာဝဖြစ်သည်၊ တစ်ကျောင်းတစ်ဂါထာအဖြစ် လေ့လာကျင့်ကြံကြမှုများ နှစ်တစ်ရာဝန်းကျင်ရှိသောအခါ ဗုဒ္ဓဘုရား၏တပည့်များ၌ အရိယသစ္စာ ဟောကြားချက်များကို ဦးခိုက်လျှင် သမုတိသစ္စာ ပရမတ္ထသစ္စာများကို ပွားများမှုကြောင့် ဖြစ်လာသောအသင်းအဖွဲ့များမှာ တစ်ဆယ့်ရှစ်ဖွဲ့အထိ ဖြစ်လာကြသည်။

သမုတိသစ္စာနှင့် ပရမတ္ထသစ္စာများသည် လေ့လာပွားများသူအား လွန်ကျူးမှုကိုသာဖြစ်စေသော သစ္စာများဖြစ်သည်၊ လွန်ကျူးချက်များသည် လွန်ကျူးသူအား ကျေနပ်စရာခံစားချက်များကို ဖြစ်စေကြသည်၊ ထို့ကြောင့် လွန်ကျူးကြသူများသည် လွန်ကျူးမှုများ၌ မစွဲလမ်းသူဟူ၍ မရှိအောင်ဖြစ်စေသည်၊ ကိုယ်လွန်ကျူးရသည်၌ စွဲလမ်းကြသည်၊ လွန်ကျူးချက်ချင်းမှာလည်း

အချင်းချင်းမတူကြသောကြောင့် စွဲလမ်းချက်များကွဲပြားပြီး အသင်းအပင်းများအဖြစ် ကွဲပြားကြခြင်း ဖြစ်သည်။

အသင်းအပင်း တစ်ဆယ့်ရှစ်ခုရှိရာမှာ ပရမတ္ထသစ္စာဖြင့် အရိယသစ္စာကို အဓိပ္ပာယ်ဖွင့်သော အသင်းအပင်း နှစ်ခုရှိကြောင်းသိရသည်၊ ကျန်အသင်းအပင်းများက သမုတိသစ္စာဖြင့် အရိယသစ္စာကို အဓိပ္ပာယ်ဖွင့်ကြသည်၊ အရိယသစ္စာသည် အလင်းနှင့်တူသည်ဟုဆိုလျှင် သမုတိသစ္စာ ပရမတ္ထသစ္စာများသည် အမှောင်နှင့်တူ၍ အမှောင်ဖြင့် အလင်းကို ပိုလင်းအောင် လုပ်ခြင်းဖြင့် မောရုံသာဖြစ်ကြသည်ကို မသိနိုင်အောင်ရှိကြသည်။

ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်များ ဗုဒ္ဓဘုရား၌မရှိတော့ဘဲ ဗုဒ္ဓဘုရားအမည်၌ ဗိရုန္နာမ်ဝိညာဉ်အား ဗုဒ္ဓဘုရားအဖြစ် ဆည်းကပ်ကြရသောကြောင့် ဖြစ်ပေါ်နေသောရလဒ်များဖြစ်သည်၊ ထို့ကြောင့် ဗုဒ္ဓဘုရားဆည်းကပ်ကြသူများသည် ဗုဒ္ဓဘာသာ ကြီးပွားရာကြီးပွားကြောင်း၌ အားသွန်ကြိုးပမ်းသော အလုပ်များကို ပြုလုပ်ကြသည်၊ မိမိကိုယ်ကို အရိယသစ္စာဖြင့် လွတ်လပ် အောင် မလုပ်နိုင်ကြသောအခါ၌ အရိယသစ္စာမဟုတ်သော သဘောတရားများကို ကျမ်းဂန်အဖြစ်ပြုသူက ပြုကြသည်၊ စေတီပုထိုး ဘုရားကျောင်းကန် တည်ဆောက်သူက တည်ဆောက်သည်၊ တန်ခိုးဣဒ္ဓိလေ့ကျင့်သူက လေ့ကျင့်သည်၊ ပန်းချီ ပန်းပုဖန်တီးသူက ဖန်တီးသည်၊ တက္ကသိုလ်တည်ဆောက်ပြီးသင်ပေးသူက သင်ပေးသည်၊ ဆေးဝါးမန္တန်စီရင်သူက စီရင်သည်၊ ကဗျာဇာတ်ဖွဲ့ဆိုသူက ဖွဲ့ဆိုသည်၊ လက်ဖွေ့လက်ပန်းလေ့ကျင့်သူက လေ့ကျင့်သည်၊ ဓာတ်ရိုက်ဓာတ်ဆင် ဗေဒင်ယတြာ အခါပေးလုပ်သူက လုပ်သည်၊ စာရေးစာဖတ် အတတ်သင်ပေးသူက သင်ပေးသည်။

ဆိုခဲ့ပြီးသောအလုပ်ခပ်သိမ်းသည် အရိယတရားကို ညွှန်ပြသူဗုဒ္ဓဘုရားအား ရှေ့ရှုထား၍ သူ့အဆုံးအမကို ဖြန့်ဖြူးသောတာဝန်ကို ဝန်ထမ်းကြသူတို့၏အလုပ် လားလားမျှမဟုတ်သော အလုပ်များပင် ဖြစ်ကြသည်၊ ဗုဒ္ဓဘုရားသည် ဤသို့သောအလုပ်များထဲမှ တစ်ခုတလေကို လုပ်ဆောင်သွားခဲ့ကြောင်း ပြစရာမရှိသည်မှာ ထင်ရှားသောသက်သေသာကေ ဖြစ်သည်။

ဗုဒ္ဓဘုရားသည် ဗုဒ္ဓဘာသာကို ငါ့ဘာသာဟုအစွဲအလမ်းမရှိဘဲ လူ့လောကအား လွတ်လပ်ရာ လွတ်လပ်ကြောင်းကို ညွှန်ပြသူသာဖြစ်သည်၊ ဗုဒ္ဓဘာသာကြီးပွားရာကြီးပွားကြောင်း ညွှန်ပြနေသူမဟုတ်ပေ၊ ဗုဒ္ဓဘုရား၌ပူးဝင်နေသော ဗိရုန္နာမ်ဝိညာဉ်အား ဆရာဘုရားအဖြစ် ကိုးကွယ်ကြရသူများသည် အရိယတရား မသိသဖြင့် ကိုယ့်ကိုယ်ကို လွတ်လပ်အောင် မလုပ်နိုင်ကြဘဲ ကိုယ်ယူနေသောဘာသာကို ကိုယ့်ကိုယ်အဖြစ်စွဲကြကာ ဤကိုယ့်ကိုယ်ဖြစ်သော ဗုဒ္ဓဘာသာကို တိုးတက်အောင် အမျိုးမျိုးကြံဆောင်ကြသည်၊ ဘာသာ တိုးတက်ခြင်းသည် "ဘာသာဝင်ဖြစ်သောကိုယ်" တိုးတက်ခြင်းဖြစ်သည်ဟု နှလုံးသွင်းကြသောကြောင့်ဖြစ်သည်၊ ကိုယ့်ဘာသာအထိပါးခံရလျှင်လည်း ကိုယ့်ကိုယ်အထိပါးခံရသည်ဟု နာကျည်းခံခက်ဖြစ်ကြပြီး ပြန်လည်တိုက်ခိုက်ထိပါးရန် ဝန်မလေးကြသူများ ဖြစ်ကြသည်။

အရိယာဖြစ်ကြသော ဗုဒ္ဓဘုရား၏တပည့်များသည် ဗုဒ္ဓဘုရားအား သေကြောင်းကြံခြင်း၊ အုပ်စုခွဲခြင်းများ လုပ်သူကိုပင် တုံ့ပြန်တိုက်ခိုက်မှု မပြုကြသည်မှာ ဗုဒ္ဓဘုရားနာမ်ဝိညာဉ်၏ တပည့်များနှင့် ဗိရုန္နာမ်ဝိညာဉ်၏ တပည့်များ ကွဲပြားခြားနားချက်ပင် ဖြစ်သည်။

ဗုဒ္ဓဘုရားနာမ်ဝိညာဉ်မဟုတ်သော ဗိရုန္နာမ်ဝိညာဉ်အား ဗုဒ္ဓဘုရား၏ ရုပ်ပွားဆင်းတုများ၌သွင်း၍ ကိုးကွယ်နေကြရသောတပည့်များသည် အရိယာအဖြစ်သို့ မည်သို့မှမရောက်နိုင်ကြသူများ ဖြစ်ကြသည်၊ ဤသူတို့သည်

အရိယာအကြောင်းပြောချင်လျှင် သာဝတ္ထိ ရာဇဂြိုလ်တို့မှ ဇေတဝန် ဝေဠုဝန်များသို့ပြန်သွားကြပြီး ရှင်သာရိပုတြာ ရှင်မောဂ္ဂလာန် ဝိသာခါ အနာထပိဏ်နှင့် ဗိမ္ဗိသာရတို့အကြောင်းများကို ပြောကြရသည်။

## အရိယသံဃာ နှင့် ပရမတ္ထသံဃာ ကွာခြားချက်

အရိယာအဖြစ်နှင့် မည်မျှကင်းကွာနေခဲ့ကြောင်း သိသာထင်ရှားသောအချက်တစ်ခုမှာ အရိယသံဃာကို "အရိယသံဃာ"ဟူ၍ပင် အသိ မရှိကြတော့ဘဲ "ပရမတ္ထသံဃာ"ဟူ၍ခေါ်ကြပြီး ဤသူများသည် ပရမတ္ထပေါက်နေသူ များ၏ အမည်ကို အရိယာအဖြစ် လွဲမှားသိနေကြခြင်းက သိသာထင်ရှားသောအချက်ပင် ဖြစ်သည်၊ အရိယာဖြစ်ကြသော ဘုရားအစရှိသူတို့သည် အရိယသံဃာကို "ပရမတ္ထသံဃာ"ဟု လုံးဝသုံးနှုန်းခြင်း မရှိကြသောကြောင့်ဖြစ်သည်၊ ဗုဒ္ဓဘုရား၏ အရိယသာသနာ၌ "ပရမတ္ထသံဃာ" ဟူ၍ လုံးဝ မရှိရမည့်အရာဖြစ်သည်၊ အရိယသာသနာ၌ ပရမတ္ထနှင့် သမုတိများသည် အစွန်းများ၏ အမည်များဖြစ်သည်။

ပရမတ္ထသည် အတ္တကိလမထာနုယောဂ အစွန်းရောက်အာရုံဖြစ်ပြီး သမုတိသည် ကာမသုခလ္လိကာနုယောဂ အစွန်းရောက်အာရုံဖြစ်သည်၊ ထို့ကြောင့် ဤသမုတိ ပရမတ်အာရုံများသည် အရိယသာသနာ၌ အစွန်းရောက်အာရုံများဖြစ်ကြသည်၊ ဗိရုန္နနာမ်ဝိညာဉ်သည် အပါယ်လူနတ်ဖြစ်စေရန် သမုတိအာရုံ အနုယောဂများကို ယူစေပြီး ဗြဟ္မာဖြစ်ရန် ပရမတ္ထအာရုံ အနုယောဂများကို ယူစေသည်။

ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်သည် သမုတိပရမတ် နှစ်ရပ်သောအာရုံများကို အနုယောဂလုပ်မှုများ၏လွန်ကျူးချက်က ကမ္မဇရောဂါသည်အဖြစ် ရောက်စေမှုနှင့် ဤရောဂါသည်၏ ရောဂါထပ်ဖြစ်ကြောင်း သမုတိပရမတ်အာရုံများ ငတ်မွတ်တောင့်တသော ဒုက္ခအာရုံကို အရိယာ၏အာရုံအဖြစ် အာရုံယူစေရန် အသိပေးသည်။

ဗိရုန္နနာမ်ဝိညာဉ် ပူးဝင်ထားသောဗုဒ္ဓဘုရားကို ဆည်းကပ်ကြရသော ဗုဒ္ဓဘုရား၏တပည့်များသည် ဗိရုန္နနာမ်ဝိညာဉ်အသိက ညွှန်ပြသည်ကိုသာ သိကြရသူများဖြစ်ကြ၍ သမုတိ အနုယောဂများနှင့် ပရမတ္ထ အနုယောဂများကို ဗုဒ္ဓညွှန်ပြချက်အဖြစ် သိကြရတော့သည်။

ထို့ကြောင့် ဗုဒ္ဓဘုရားဟောခဲ့သော သုတ္တဟောပြောချက်များကို ပရမတ္ထသမုတိအနက်များအဖြစ် အရကောက်ပြီး ကျမ်းဂန်များပြုကြသည်၊ စိတ်ဆိုသည်မှာ အဘယ်အရာဖြစ်သည်၊ ဖဿဆိုသည်မှာ အဘယ်အရာဖြစ်သည်၊ ဝေဒနာဆိုသည်လည်း အဘယ်အရာဖြစ်သည် စသည်တို့ပြုကြသည်။

ခန္ဓာဆိုသည်လည်း အဘယ်တရားတို့၏ အမည်ဖြစ်သည်၊ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် အစစများကိုလည်း ဤအတူပြုကြသည်၊ အဓိပ္ပာယ်များပြုကြပြီး ဘယ်ပရမတ္ထကို ဘယ်ခန္ဓာစသည်များနှင့် ရေတွက် မရေတွက်ရလည်း ပြသည်၊ ရုပ်ခန္ဓာဖြစ်သူတိုင်း ကျန်ခန္ဓာများ ဖြစ်မဖြစ်လည်း ပြကြသည်၊ အမြင့်ဆုံးပြချက်အဖြစ် ပရမတ္ထသဘာဝတစ်ခုဖြစ်လာဖို့ ဘယ်ပစ္စည်းတွေက ထောက်ပံ့ကြသည့် အကြောင်းပြသချက်ကျမ်းဂန်ကို ပြုခဲ့ကြသည်အထိဖြစ်သည်။

ဤအမြင့်ဆုံးကျမ်းဂန်သည် ဗိရုန္နနာမ်ဝိညာဉ်၏ ညွှန်ပြချက်နယ်ပယ်က ရှန်းထွက်သော ဗိရုန္နဝင်စားဗုဒ္ဓဘုရား၏

တပည့်များကြိုးစားချက်ဟု ပြောရမည့်ကျမ်းဂန်ဖြစ်သည်၊ ဤကျမ်းဂန်သည် ပရမတ်ကို ပရမတ်အဖြစ်မရှိသည်အထိ အသိတရားကိုဖြစ်ပွားစေသော ကျမ်းဂန်ဖြစ်သည်။

ဗိရုနနာမ်ဝိညာဉ်သည် ပရမတ်အာရုံ၌ အသိတရားကိုဖြစ်ပွားစေသည်၊ ဗိရုနဝင်စားဗုဒ္ဓဘုရား၏ တပည့်များပြုသော ဤကျမ်းဂန်သည် ပရမတ်တို့၏ ဖြစ်ကြောင်းအလျောက် ဖြစ်ပြီးနောက် ဖြစ်ကြောင်းကင်းသောအခါ၌ ပရမတ်ဟူ၍ ပြစရာမရှိသောအာရုံ၌ အသိတရားကို ဖြစ်စေသည်။

ဤကျမ်းဂန်သည် ပရမတ္ထတို့၏ ဥဒယနှင့်ဝယအဖြစ်ကို အပြနိုင်ဆုံး ကျမ်းဂန်ဖြစ်သည်၊ ဤကျမ်းဂန်၏ အနက်သည် ဗိရုနနာမ်ဝိညာဉ်၏ ညွှန်ပြချက်ကိုလွန်သော်လည်း ဗုဒ္ဓဘုရားနာမ်ဝိညာဉ်၏ ညွှန်ပြချက်သို့ကား မရောက်ပေ၊ ဗုဒ္ဓဘုရားနာမ်ဝိညာဉ်၏ညွှန်ပြချက် ဥဒယနှင့်ဝယသည် သမုတိအာရုံ၏ ဥဒယ ဝယလည်းမဟုတ်၊ ပရမတ္ထ အာရုံများ၏ ဥဒယနှင့် ဝယများလည်းမဟုတ်ကြဘဲ ဤသမုတိ ပရမတ္ထအာရုံများကို အာရုံပြုကာ အနုယောဂလုပ်ဆောင်ကြမှုများ ဆိုင်ရာအဖြစ်အပျက် ဥဒယနှင့်ဝယများသာ ဖြစ်ကြသောကြောင့် ဖြစ်သည်။

ဗိရုနနာမ်ဝိညာဉ်ဝင်စားဗုဒ္ဓဘုရား၏ တပည့်များသည် ဗိရုနညွှန်ပြချက် သမုတိ ပရမတ်များကို အာရုံအဖြစ်ယူခြင်းမှ လွန်မြောက်အောင် ဤကျမ်းဂန်ဖြင့် ရုန်းထွက်သော်လည်း ဗုဒ္ဓဘုရားနာမ်ဝိညာဉ်၏ ညွှန်ပြရာသို့ကားမရောက်ဘဲ ရှိလေသည်၊ ထို့ကြောင့် ဗိရုနညွှန်ပြချက်မှ လွတ်လွတ်လွန်မြောက်အောင် မရုန်းနိုင်ဘဲ ဗိရုနညွှန်ပြချက်၌ တဝဲလည်လည်ဖြစ်ရသည်။

အရိယတရားမပေါ်မီက လောကသည် သူတို့အပြင်အပ၌ရှိသော သမုတိအာရုံ ပရမတ္ထအာရုံ ဤအာရုံများကို ကောင်းသောအာရုံခံဖြင့်ဖြစ်စေ၊ မကောင်းသောအာရုံခံများဖြင့်ဖြစ်စေ၊ အာရုံပြုကြပြီး ကောင်းမကောင်းများဖြစ်ကြသည်ဟု သိကြသည်၊ ဖြစ်ကြသောကောင်းမှုနှင့် မကောင်းမှုများကိုကား အာရုံအဖြစ်ထား၍ အာရုံခံအင်္ဂါများဖြင့် အာရုံပြုခဲ့ကြရိုးထုံးစံမရှိ ဖြစ်ကြသည်။

အရိယသစ္စာဖော်နိုင်သောကာလရောက်မှသာ လူများ၌ဖြစ်လာသော ကောင်းသောအမှုနှင့် မကောင်းသောအမှုတို့ကို အာရုံအဖြစ်ထား၍ မိမိတို့၏ အာရုံခံအင်္ဂါများဖြင့် အာရုံပြုရကောင်းမှန်း သိလာခဲ့ကြသည်၊ အရိယတရားကွယ်သွားသောအခါ၌မူ လူမှာဖြစ်သော ဤအမှုများကို အာရုံအဖြစ်ထားပြီး မိမိတို့အာရုံခံအင်္ဂါများဖြင့် အာရုံပြုရကောင်းမှန်းမသိသူများအဖြစ် ပြန်လည် ဖြစ်ပွား ခံကြရသည်။

ဗိရုနဝင်စားဗုဒ္ဓဘုရားကို ဆည်းကပ်ကြရသူများလည်း အရိယတရားအကွယ်ခံရသောကြောင့် အရိယတရား၌ အသိခံရမည့်အာရုံတရားသည် လူ၏ သမုတိ ပရမတ်အာရုံများကို အာရုံပြု၍ဖြစ်သော လွန်ကျူးမှုများဖြစ်ကြောင်း မသိရှိကြဘဲ ပရမတ်တရားအာရုံများ၏ ဖြစ်ပြီးနောက် မရှိနေသည့်အာရုံကို သူတို့၏ အာရုံခံအင်္ဂါများဖြင့် သိမြင်ကြတော့သည်။

ထို့ကြောင့် ဗိရုနဝင်စားဗုဒ္ဓဘုရားကို ဆည်းကပ်ကြသူသာဝကတို့သည် အခုခေတ်စကားဖြင့်ပြောရလျှင် "ဘာမျှမရှိသည်သာ အမှန်အကန်အရှိဖြစ်သည်"ဟုခံယူသော "နဟီအင်ဇင်း" များအဖြစ် ရောက်ကြရသည်၊ သူတို့၏ဦးတည်ရာသည် နိဗ္ဗာန်ဟူ၍တော့ ပြောသည်၊ ဤနိဗ္ဗာန်သည် အဘယ်သို့သောအရာနည်းဟုစောကြောလျှင် ဘာမျှမရှိသောအရှိဖြစ်သည်ဟု တွေ့ရမည်ဖြစ်သည်။

အဘယ့်ကြောင့် ဘာမျှမရှိသည်ကို အရှိဟုပြောရသနည်းမေးလျှင် ရှိသောအရာမှန်သမျှ ပျက်ကြပြီး မပျက်

သည်မှာ ဘာမျှ မရှိသောအရာသာဖြစ်သောကြောင့် မပျက်သောအရာသည် အရှိဖြစ်သည်ဟု ပြောရကြောင်း ဖြေပေမည်။

ထို့ကြောင့် သူတို့သည် စွမ်းနိုင်လျှင် ဖြစ်သမျှများကို လိုက်ကြည့်ကြသည်၊ မပျက်သောအဖြစ် မရှိသည်ကိုသိဖို့ ရည်ရွယ်ချက်ဖြင့်ဖြစ်သည်၊ မပျက်သောအရာဘာမျှမရှိဟု သိသောအခါ ဘာမျှမရှိသောအရာကို မျက်မှောက်ပြု၍နေကြ တော့သည်၊ ဤဘာမျှမရှိသောအရာတို့၏ အရှိဖြစ်သည့် သူတို့အသိ၌ နိဗ္ဗာန်ဟူ၍ဖြစ်သည်၊ ဘာမျှမရှိသောအရှိကို သိနေသော အရာသည် မဂ်ဖြစ်သည်၊ မဂ်သည် အမြတ်ဆုံးဖြစ်သည်ဟု သူတို့ မှတ်ယူကြသည်။

သူတို့သည် သူတို့ကိုယ်ကို လောကနှင့်အလိမ်းကျုံခံရခြင်းမှ လွတ်မြောက်ပြီဟုသိကြသည်၊ ဤသို့ထင်စရာရှိသော်လည်း ရေဖြင့်အထိအစပ်မရှိ၍ ရေအညှိအကပ်မရှိခြင်းမျိုးမျှဖြစ်၍ အကယ်လွတ်လပ်ခြင်းအဖြစ် သိခွင့်မရှိသော အရာသာဖြစ်သည်၊ ဤလွတ်လပ်မှုမျိုးသည် လူ့လောကကို အဘယ်သို့ စောင့်ရှောက်နိုင်မည်နည်း။

ဗုဒ္ဓဘုရားသည် သူ့တပည့်သာဝကများကို လူ့လောကအား စောင့်ရှောက်မှုပေးကြရန် ညွှန်ပြခဲ့သည်၊ လူ့လောကထံမှ ရပ်တည်၍ ရရှံမှုဖြင့် မှုတစေပြီး လူ့လောကအား စောင့်ရှောက်မှုပေးကြရန် တပည့်သာဝကအဖွဲ့ ထားခဲ့သည်၊ ဤအဖွဲ့သည် လူ့လောကအား ဘာမျှမရှိသောအာရုံကို အမြတ်ဆုံးအာရုံအဖြစ် အာရုံပြုကြရန်နှင့် ဘာမျှမရှိသောအာရုံဆီသို့ လူ့လောကကို ခေါ်ဆောင်ခြင်းသည် လူ့လောကငြိမ်းချမ်းဖို့ စောင့်ရှောက်ခြင်းဖြစ်ပါမည်လော။

အရိယတရားဖြင့် လူ့လောကကို စောင့်ရှောက်ရန်မှာ ဤသို့မဟုတ်ကြပေ၊ လူ့လောကသည် ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ကိုယ်ရနေသည်ကို ကိုယ့်ဘဝအဖြစ်သိကြသည်၊ ကိုယ့်ဘဝ ဘာ့ကြောင့်ဖြစ်သည် ဟူ၍မသိ၊ ကိုယ့်ဘဝကြောင့် ဘာဖြစ်မည်ဟူ၍လည်း မသိကြဘဲ ကိုယ်ရနေသောဘဝကို ကိုယ်ပျော်နေတတ်ကြမြဲဖြစ်သည်၊ သူတို့ဘဝများ၏ ချာလည်ပတ်လည် ဖြစ်ပြီး မငြိမ်းမချမ်းဖြစ်ရသည်ကိုလည်း အနည်းငယ်မျှ မသိသူဖြစ်သည်၊ ထို့ကြောင့်လည်း မငြိမ်းမချမ်းမှ မလွတ်မြောက်နိုင်ကြသူ များဖြစ်သည်။

အရိယတရားဖြင့်စောင့်ရှောက်ရမည်မှာ မငြိမ်းမချမ်းမှုမှ လွတ်မြောက်ရန်ဖြစ်သည်၊ မငြိမ်းမချမ်းမှုမှ လွတ်မြောက်ရန်မှာ သူတို့ကို လည်ပတ်နေစေသော သူတို့ရနေသော ဘဝအစွဲဖြစ်သည်၊ ဤဘဝအစွဲကို လက်လွှတ်နိုင်ရန်မှာ အစွဲဖြစ်ကြောင်းနှင့် ဤဘဝအစွဲ ဘာ့ကြောင့်ဖြစ်သည်ဟု မသိရှိဘဲ အစွဲကလွတ်မည်မဟုတ်ပေ၊ ဤသို့သိရှိရန်မှာလည်း သိရှိပြီးသူ၏ ညွှန်ပြသွန်သင်ချက်နှင့်ကင်း၍ သိနိုင်ခြင်း မဖြစ်နိုင်ပေ၊ ထို့ကြောင့်သိရှိပြီးသူများက လူ့လောကအား သိရှိလာစေရန် စောင့်ရှောက်ကြရခြင်း ဖြစ်သည်၊ ဤသို့စောင့်ရှောက်နိုင်ရန် လူ့လောကကိုစောင့်ရှောက်ဖို့ တပည့်သာဝကများ ထားခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဘုရားမှာ ကိုယ်ပိုင်နာမ်ဝိညာဉ်အနှုတ်ခံရပြီး ဗိရှုနုနာမ်ဝိညာဉ်အသွင်းခံရခြင်းသည် တစ်လောကလုံးအား စောင့်ရှောက်သူကင်းမဲ့စေခြင်းများဖြစ်၍ ဤလောကအားလုံး နစ်နာကြရပါသည်၊ ဤတင်ပြခဲ့ချက်များသည် ဗုဒ္ဓဘုရားအစစ်နှင့် ဗုဒ္ဓဘုရားအတုကို ခွဲခြားတင်ပြခဲ့ခြင်းနှင့် ဗုဒ္ဓဘုရားအတုကြောင့် ဗုဒ္ဓဘုရား၏တပည့်သာဝကများ ဘယ်အခြေဆိုက်နေရသည်ကို ထင်သာမြင်သာစရာများဖြင့် တင်ပြခဲ့ခြင်းဖြစ်ပါသည်။

ဤသို့တင်ပြမှုများ၌ မလိုတစ်မျိုး လိုတစ်မျိုးအဖြစ် တင်ပြခဲ့ခြင်းမဟုတ်ဘဲ အရိယအမြင်ကို ရှေ့တန်းတင်ပြီး အရိယအမြင်နှင့်သွေဖည်ချက် အထောက်အထားများကို အားကိုး တင်ပြခဲ့ခြင်းဖြစ်ပါသည်၊ ထို့ပြင်လည်း လူတိုင်းသိနိုင်သော သမိုင်း

အထောက်အထားကလေးများကိုလည်း ထည့်သွင်း၍ တင်ပြခဲ့ခြင်းဖြစ်ပါသည်။

ဤတင်ပြခဲ့ချက်များသည် ဗုဒ္ဓဘုရားကို ပြန်လည်တွေ့ရခြင်းဖြစ်၍ ဤစာတမ်း၏ ခေါင်းစဉ်ကိုလည်း ဗုဒ္ဓဘုရားအား ပြန်လည်တွေ့ရှိခြင်းဟု ရိုးသားစွာတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

## ဘာသာရေးတရား မဟုတ်သော အရိယဓမ္မ

ဆက်လက်၍လည်း ဤကြေညာချက်ခေါင်းစဉ်ပါ အရိယဓမ္မကို ပြန်လည်တွေ့ရှိခြင်းကို တင်ပြပါမည်။ အရိယဓမ္မသည် ယနေ့အချိန်၌ ဗုဒ္ဓဘာသာ၏ ဘာသာရေးအတွင်းမှာရှိသောကြောင့် "ဘာသာရေးတရား"တစ်ခုအဖြစ် အသိခံနေရသောအရာဖြစ်သည်၊ အမှန်စင်စစ်၌ အရိယဓမ္မသည် "ဘာသာရေးတရား"မဟုတ်သည်ကို အထင်အရှား တွေ့ရမည်ဖြစ်သည်။

ဗုဒ္ဓဘာသာကိုယ်တိုင်လည်း ဗုဒ္ဓဘုရားရှိစဉ်က ဘာသာရေးတရားမဟုတ်သည်ကို သိရသည်၊ ထိုအချိန်က ဘာသာရေးတရားများသည် ဗုဒ္ဓ၏အရိယဓမ္မကို သူတို့ဘာသာရေးတရားနယ်ပယ်မှ နားမလည်နိုင်ကြဘဲ ဘာသာရေးတရားများမှ ခြားနားသောအရာတစ်ခုအဖြစ် အသိအမှတ် ပြုကြရသည်၊ ဘာသာရေးတရားများ၌ တစ်ခုနှင့်တစ်ခု တူညီသောလက္ခဏာရှိသည်၊ ဤလက္ခဏာမှာ မသိခြင်း၌ အခြေခံခြင်းဖြစ်သည်၊ ဘာသာရေးတရားမှန်သမျှသည် လူမသိနိုင်ရာ၌ ပဓာနရှိကြသည်ချည်း ဖြစ်သည်။

အရိယဓမ္မသည် လူမသိနိုင်ရာနှင့် လုံးဝကင်းရှင်းသော တရားဓမ္မဖြစ်သည်၊ လူမသိနိုင်ရာဓမ္မများမှာ လူမရှိရာဘဝနှင့်စပ်၍ လေးမျိုး၊ လူ့အသက်နှင့်စပ်၍ နှစ်မျိုး၊ လူအဖြစ်နှင့်စပ်၍ လေးမျိုးတို့ဖြစ်ကြသည်၊ ဘာသာရေးတရား မှန်သမျှသည် ဤဆယ်မျိုးမှ တစ်မျိုးမျိုးနှင့် မကင်းလွတ်ကြသည်ချည်း ဖြစ်ကြသည်၊ အရိယဓမ္မကား ဤဆယ်မျိုးမှ အလွတ်ဖြစ်သည်၊ ဤဆယ်မျိုးမှာ သေပြီး ဖြစ် မဖြစ်၊ တချို့သာဖြစ် တချို့မဖြစ်၊ ဖြစ်လည်းမဟုတ် မဖြစ်လည်းမဟုတ်သော အဖြစ်၊ အသက်က ကိုယ်နှင့်အတူဖြစ်၊ အတူမဖြစ်၊ လူကအရှိ၊ မရှိ၊ အဆုံးရှိ အဆုံးမရှိအဖြစ်တို့ပင်ဖြစ်သည်။

ဤဆယ်မျိုးကို တစ်မျိုးမှလက်မခံဘဲ လူ့ဘောင်မှခွါရှောင်နေသူ ဘာသာရေးသမားအဖြစ် အဘယ်ကြောင့် လုပ်နေသနည်းဟူ၍ မေးယူရသည့်အဖြစ်ရောက်ခဲ့သည်၊ ဤဆယ်မျိုး တစ်မျိုးမျိုးလက်မခံသည်က ဘာသာရေးအလုပ်မဟုတ်၊ လူ့ဘောင်မှခွါရှောင်သည်က ဘာသာရေးလုပ်သူတို့အလုပ်၊ ဤသို့ဆန့်ကျင်နေသောကြောင့် နားမလည်နိုင်စရာအဖြစ် ခံရခြင်းဖြစ်သည်၊ ဗုဒ္ဓဘုရားက သူအိမ်မဲ့ယာမဲ့အဖြစ် နေရခြင်းအကြောင်းသည် အောက်ပါများလုပ်ဖို့ ဟူ၍ဖြေသည်။

လူ့လောကမှာ "ရိုးဖြောင့်သူဖြစ်ဖို့သိရမည့် မငြိမ်းချမ်းမှုပကတိအဖြစ်များ၊ ပယ်စွန့်ရမည့် မငြိမ်းချမ်းကြောင်းအကျင့်များ ပကတိအဖြစ်များ၊ ဆိုက်ရောက်ရမည့်ငြိမ်းချမ်းမှု ပကတိအဖြစ်များ၊ ဆောင်ပွားရမည့်ငြိမ်းချမ်းကြောင်း အကျင့်စရိုက်ကာင်း ပကတိများ"ဟူ၍ လေးမျိုးရှိသည်၊ လူ့လောကအား သိစရာသိရန်၊ ပယ်စရာပယ်ရန်၊ ရှိစရာရှိရန်၊ ဆောင်စရာဆောင်ရန် ပြောပြပေးဖို့ အိမ်မဲ့ယာမဲ့နေသည်ဟူ၍ဖြစ်သည်။

ဤအရိယာဖြစ်ဖို့ သိစရာ၊ ပယ်စရာ၊ ဆိုက်စရာနှင့် ပွားစရာ ပကတိများသည် သေပြီးဖြစ်မဖြစ်စသော လူ့လောက သံသယဖြစ်စရာမသိခြင်းများနှင့် မစပ်ဆိုင်မှုများ မဟုတ်ပါလော၊ ထို့ကြောင့် အရိယတရားသည် မသိရာကိုအမြင်ထားပြီး ပြုလုပ်

ဆောင်ရွက်စေမှုများမပါဝင်သဖြင့် ဘာသာရေး(ရလီးဂျင်း)မဟုတ်ဘဲ လူ့လောကငြိမ်းချမ်းရေးအမှန်တရား တင်ပြချက်သာဖြစ်သည်။

လူလောကသည် ငြိမ်းချမ်းလိုကြသူချည်းဖြစ်သည်၊ မငြိမ်းချမ်းအသစ် မဖြစ်သေး၍ ငြိမ်းချမ်းနေသည်ဟု သိမြင်နေသူလည်း မငြိမ်းချမ်းသည်အဖြစ် သိမြင်လာလျှင် ငြိမ်းချမ်းလိုလာမည်သာဖြစ်သည်၊ ပကတိငြိမ်းချမ်းသည့်အဖြစ် မရောက်သေးသူမှန်သမျှသည် မငြိမ်းချမ်းသူများသာ ဖြစ်သည်။

ဤပကတိလေးမျိုးသည် လူ့လောက၌ အမှန်တကယ်ရှိသော ပကတိလေးမျိုးဖြစ်သည်၊ သင်ခန်းစာယူစရာပကတိတရားအား သင်ခန်းစာယူဖို့သိရန်၊ ပယ်စရာပကတိတရားအား ပယ်ဖို့သိရန်၊ ဆိုက်စရာပကတိတရားအား ဆိုက်ဖို့သိရန်၊ ပွားစရာပကတိတရားအား ပွားဖို့သိရန်ပြသချက်သည် လူ့လောက၌ရှိသောပကတိများကို ပြသခြင်းဖြစ်သဖြင့် လူ့လောကက မသိနိုင်ရာကိုပြသခြင်းမဟုတ်ဘဲ လူ့လောက၏ သိစရာကိုသိအောင်ပြသခြင်းဖြစ်၍ ဘာသာရေး(Religion)မဟုတ်ဘဲ လူ့လောက၌ မပေါ်ထွန်းဘူးသေးသော အမြင့်ဆုံးယဉ်ကျေးမှုတစ်ရပ်သာဖြစ်သည်၊ ဤယဉ်ကျေးမှုသည် အရိယသစ္စာဖြစ်သည်။

ဤအရိယသစ္စာသည် ဘာသာရေး(Religion)အသွင်ဖြင့် ယုံကြည်မှုရှေ့တန်းတင်ပြီး မျက်စိမှိတ် ဦးညွတ်လက်ခံရမည့်အရာမဟုတ်ဘဲ အသိအမြင်ပညာဖြင့် ခွဲခြမ်းဝေဖန်ပြီး မျက်စိဖွင့်၍ ဦးခေါင်းဖော်ကာ ပြန်လှန်တင်ပြလိုက်နာရမည့်အရာဖြစ်သည်၊ ထို့ကြောင့် အရိယသစ္စာအသိအမြင်သည် ဘာသာရေးမဟုတ်သော အသိအမြင်ဖြစ်သည်။

အရိယသစ္စာလေးပါးသည် စက်ယန္တရားတစ်ခုအဖြစ်လည်ပတ်သောအခါ လည်ပတ်စေသူကို ရိုးသားဖြောင့်မတ်ဖြူစင်သူဖြစ်စေသည်၊ ဤရိုးသားဖြောင့်မတ်ဖြူစင်သူအဖြစ်ကို ပြောဆိုရသောစကားလုံးမှာ "အရိယာ"ဟူ၍ဖြစ်သည်၊ ထို့ကြောင့် ဤစက်ယန္တရားကို "အရိယသစ္စာ"ဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။

ရိုးသားဖြောင့်မတ်ဖြူစင်လိုသူသည် ဤအရိယသစ္စာယန္တရားစက်ကို နှိုးစေသူဖြစ်ရပါမည်၊ လူ့လောကသည် အရိယယန္တရားစက် မနှိုးလှည့်နိုင်သောကြောင့် "ယုတ်မာကြ၊ ကောက်ကျစ်ကြ၊ ရက်စက်ကြ၊ ရိုင်းစိုင်းကြသူများ" ဖြစ်ကြသည်၊ လူ့လောကရှိလူများ အကြောက်ရွံ့ရဆုံးအရာသည် လူပင်ဖြစ်သည်၊ လူသည် လူကိုအလိုလားဆုံးဖြစ်သည်၊ လူကို အကြောက်ရဆုံးလည်းဖြစ်သည်၊ အခြားအခြားသော လူကို ဒုက္ခပေးနိုင်သောအရာများ များစွာရှိသော်လည်း ဤအရာများထက် သာလွန်အောင် ဒုက္ခပေးနိုင်သောအရာမှာ လူသာဖြစ်သည်၊ ထို့ကြောင့် လူသည် ကိုယ်မသိသူကို ကိုယ်မသိသော ဒုက္ခမျိုးစုံပေးနိုင်သောအရာအဖြစ် ကြောက်ရွံ့ကြရသည်၊ ဆင်၊ ကျား၊ မိချောင်း၊ မြွေ၊ ဘီလူးသရဲများသည် ကြောက်စရာပင် ဖြစ်သော်လည်း သူတို့က လူလောက် လူကို ဒုက္ခမပေးနိုင်သူများဖြစ်ကြသည်။

## လူကို လူချင်း အကဲခတ်

ကိုယ်ကမွေးထားသူပင် ဖြစ်သော်လည်း စိတ်မချရပေ၊ ကိုယ့်ကိုယ်မွေးပေးသူဖြစ်လည်း အတူပင် စိတ်ချ၍မဖြစ်ပေ၊ တစ်အူထုံ့ဆင်း မွေးချင်းပေါက်ဖော်ဖြစ်၍လည်း ဘီလူးသရဲ ဆင်ကျားထက်မဆိုးဟူ၍ ယုံ၍မရဖြစ်သည်၊ ထို့ကြောင့် လူသည် လူများအား အကဲခတ်နေကြရသည်၊ မိဘကိုလည်း အကဲခတ်ရသည်၊ သားသမီးကိုလည်း အကဲခတ်ရသည်၊ မွေးချင်းကိုလည်း

အကဲခတ်ရသည်၊ မိတ်ဆွေကိုလည်း အကဲခတ်ရသည်၊ လူက အကဲမခတ်ရသည့်လူဟူ၍ မရှိဖြစ်သည်။

အကဲဟူသည် ဘယ်အနက်ရှိသနည်း၊ လူတစ်ယောက်က လုပ်ရမည့်အလုပ်ထက် အပိုအလွန်အလုပ်သည် အကဲဟူသောစကားလုံး၏ အနက်ဖြစ်သည်၊ လူက လူကိုဆက်ဆံသောအခါ လွန်ကျူးမှုကိုသတိထားနေရသည်ဟု အဓိပ္ပာယ်ရှိသည်၊ လူ၏ ယုတ်မာ၊ကောက်ကျစ်၊ရက်စက်၊ရိုင်းစိုင်းမှုကို လူတိုင်းသိကြသည်၊ ဤယုတ်မာ၊ ကောက်ကျစ်၊ ရက်စက်၊ ရိုင်းစိုင်းမှုကို မကောင်းမွန်ကြောင်း၊ ဆိုးဝါးပျက်စီးနိုင်ကြောင်း သိကြသော်လည်း ကိုယ်တိုင်ဖျောက်ဖျက်၍မရကြပေ၊ သူတစ်ပါးက ဖျောက်ဖျက်ပေးနိုင်ခြင်းလည်း မရှိကြပေ။

လူသည် ယုတ်မာ၊ကောက်ကျစ်၊ရက်စက်၊ရိုင်းစိုင်းသောအခါ၌ လူ၏ အသွင်သဏ္ဌာန်များပျောက်ပြီး ဘီလူးပုံ သရဲပုံ အစစသဏ္ဌာန်များဖြစ်သွားသည်ကို လူများသိကြသည်၊ ထိုသို့ဖြစ်သော်လည်း လူသည် ရှေးအခါက ဘီလူးသရဲကို မြင်တွေ့ဖူးခြင်းမရှိဖြစ်သည်၊ အမှန်၌ လူ၏ ယုတ်မာ၊ကောက်ကျစ်၊ရက်စက်၊ရိုင်းစိုင်းမှုသည်ပင် ဘီလူးသရဲဖြစ်နေ၍ ကိုယ်တိုင် ဘီလူးသရဲကိုတွေ့မြင်ရပြီး ကြားဖူးသော ဘီလူးသရဲနှင့်တူသည်ဟု သိမြင်ခြင်းဖြစ်သည်။

ရိုးသားဖြောင့်မတ်ဖြူစင်သူသည် လူနှင့်တူသည်၊ ယုတ်မာကောက်ကျစ်ရက်စက်ရိုင်းစိုင်းသူများသည် လူနှင့်မတူသောသူများဖြစ်ကြသည်၊ လူနှင့်မတူသူအရေအတွက်သည် အများအပြားရှိသည်၊ ငရဲ ပြိတ္တာ တိရစ္ဆာန် အသုရကာယ် နတ်ဗြဟ္မာများပင် ဖြစ်ကြသည်၊ ဤသူတို့၏ အသွင်သဏ္ဌာန်ဟန်များသည် တစ်ခုနှင့်တစ်ခု မတူကွဲပြား ခြားနားကြသည်၊ ဤကွဲပြားမှုသည် ဤသူတို့၏ ကမ္မဇရုပ်များ ခြားနားကြသောကြောင့် ကွဲပြားကြခြင်းဖြစ်သည်၊ ဤကွဲပြားမှုကို အဝတ်အဆင် အလိမ်းအခြယ် အဆင်းတန်ဆာ ကိုယ်လက်လှုပ်ရှားမှု ဟန်ပန်များဖြင့် ဖုံးကွယ်မှုနှင့် ကိုယ်သိစေချင်သူအဖြစ် သိကြစေရန် ပြသမှုများပြုကြသည်၊ ဤသို့ပြုကြသော်လည်း ကမ္မဇရုပ်များကား ပျက်ပြယ်သွားခြင်းမရှိဘဲ တည်ရှိကြသည်။

ဤကမ္မဇရုပ်ရှိသော လူသတ္တဝါသည် ရိုးသားဖြူစင်ဖြောင့်မတ်သောလူအဖြစ် အပျောက်ဆုံးခံနေရသော လူသတ္တဝါပင် ဖြစ်သည်၊ နတ်ဗြဟ္မာသတ္တဝါလူ ဖြစ်ချင်ဖြစ်မည်၊ ငရဲ ပြိတ္တာ တိရစ္ဆာန်သတ္တဝါလူ ဖြစ်ချင်ဖြစ်မည်၊ လူ့လောကသည် ဤလူသတ္တဝါများကို အကဲခတ်မိသော်လည်း တိတိကျကျ သိမြင်ခြင်း မရှိကြသူများဖြစ်သည်။

ထို့ကြောင့် ဤလူသူသတ္တဝါတို့ကိုဖြစ်စေသောအကြောင်းကိုလည်း မသိမြင်နိုင်၊ ဤလူသူသတ္တဝါတို့ကဖြစ်စေသော အကျိုးကိုလည်း မသိနိုင်ကြဘဲ ကိုယ်မှာဖြစ်နေသောသတ္တဝါသည် ကိုယ်ဖြစ်သည်ဟု မာနဝင်ပြီး ကိုယ်လုပ်၍ဖြစ်သော အရာသည် ကိုယ့်ဥစ္စာ၊ ကိုယ်သိသောအသိအမြင်သည် မှန်သောအသိအမြင်အဖြစ် ရပ်တည်ကြသည်၊ ထို့ကြောင့် ဘီလူးဖြစ်လျှင် ဘီလူးဘဝမှာပျော်သည်၊ သရဲဖြစ်လျှင်လည်း သရဲဘဝမှာနှစ်သက်သည်၊ ကိုယ့်မှာလာဖြစ်နေသောဘဝကို ကိုယ်သဘောကျနေကြသူချည်းပင် ဖြစ်သည်။

ဤကမ္မဇရုပ်နာမ်များသည် လူ့လောကအတွက် အနှောင့်အယှက် တစ်ခုမဟုတ်တစ်ခုအနေဖြင့် နှောင့်ယှက်ကြသည်၊ အထူးအားဖြင့် အနှောင့်အယှက်ခံရသူကမခံနိုင်သော အနှောင့်အယှက်များကို မခံရသောလူများကပါ ဝိုင်းဝန်းတားဆီးကြသည်၊ ဓားလုံလက်နက်များဖြင့်လည်း တားဆီးကြသည်၊ ဥပဒေပြု ထောင်သွင်းသတ်ဖြတ်ခြင်းဖြင့်လည်း တားဆီးကြသည်၊ ဘာသာတရား အကျင့်များတီထွင်၍လည်း တားမြစ်ကြသည်။

ဤကမ္မဇရုပ်နာမ်ပိုင်ရှင်များသည် သူခံစားတွေ့ကြုံဖူးသော အာရုံကိုရလျှင် အတားအဆီးအားလုံးကိုကျော်ဖြတ်၍ သူ့ကမ္မဇရုပ်နာမ်ကို ဖြစ်စေသောလွန်ကျူးမှုမျိုး ပြုမြဲပြုကြမည်သာဖြစ်သည်၊ ဤလွန်ကျူးမှုများသည် မည်သူမှတားဆီး၍မရသော လွန်ကျူးမည့်သူကိုယ်တိုင်လည်း တကယ်၌ မတားဆီးနိုင်သောအရာပင် ဖြစ်သည်။

လွန်ကျူးမှုများကြောင့် လူ့လောက မဖြူစင် မဖြောင့်မတ် မရိုးသားဘဲ ညစ်ထေးကြရသည်၊ ဤလွန်ကျူးမှုများကို မည်သို့မျှလည်းမတားဆီးနိုင်သဖြင့် လူ့လောက လုံးချာလည်နေသည်၊ လက်ဖြင့်လွန်ကျူးသူကို ကျောက်ဖြင့်ခုခံတားဆီးသည်၊ ကျောက်လက်နက်ဖြင့်လွန်ကျူးသူကို ကြေးလက်နက်ဖြင့်ခုခံတားဆီးသည်၊ ကြေးလက်နက်ဖြင့်လွန်ကျူးသူကို သံလက်နက်ဖြင့်ခုခံတားဆီးသည်၊ သံလက်နက်ဖြင့်လွန်ကျူးသူကို မြားလက်နက်ဖြင့် ခုခံတားဆီးသည်၊ မြားလက်နက်ဖြင့် လွန်ကျူးသူကို ယမ်းလက်နက်ဖြင့်ခုခံတားဆီးသည်၊ ယမ်းလက်နက်များဖြင့်လွန်ကျူးသူကို အနုမြူလက်နက်ဖြင့်ခုခံကာကွယ်သည်၊ အနုမြူလက်နက်သည် ကမ္ဘာကြီးတစ်ခုလုံးကို ဖျက်ဆီးနိုင်သည်အထိ ဖြစ်လာခဲ့ရသည်၊ လူ့လောက၏လွန်ကျူးမှုများကိုကား ပျောက်အောင် ဖျောက်နိုင်ခြင်းမရှိပေ။

လူ့လောကသည် တွေးတတ် ခေါ်တတ် မြော်မြင်တတ်သည်၊ ထို့ကြောင့် လူသည် ဆန္ဒများရှိသည်၊ ထို့ကြောင့် လိုလားမှုလည်း သတ္တဝါခပ်သိမ်းထက် များသည်၊ အာရုံတစ်ခု၌ ကိုယ့်အလိုဆန္ဒနှင့် သူများအလိုဆန္ဒ တူနေကြလျှင် မနာလို မရှုစိမ့်များဖြစ်သည်၊ ကမ္ဘာ့သတ္တဝါတို့တိုက်ပွဲထက် လူ့တိုက်ပွဲသည် အပြင်းထန်ဆုံးဖြစ်သည်။

ထို့ကြောင့် လူ့လွန်ကျူးမှုကို ထိန်းချုပ်လိုကြသော်လည်း ထိန်းချုပ်ရန်နည်းလမ်းမတွေ့ ဖြစ်နေကြသည်၊ လွန်ကျူးမှုကို လွန်ကျူးမှုဖြင့်တုံ့ပြန်ရန် လက်နက်တီထွင်ရသည်မှာလည်း ရန်သူသာပျက်မှာမဟုတ်ဘဲ ကိုယ်ပါပျက်ရမည့်အဖြစ် ရောက်ခဲ့ပြီဖြစ်သည်၊ လွန်ကျူးမှုများ၏ ဘေးရန်သည် ဤမျှအန္တရာယ်ရှိသည်။

ဤမျှအန္တရာယ်ရှိသော လူ့လောကကိုကြီးစိုးနေသောလွန်ကျူးမှုကို အမြစ်နှင့်တကွနုတ်ပစ်နိုင်သော သဘောတရားသည် အရိယဓမ္မသာဖြစ်သည်၊ ဤအရိယဓမ္မကို ဗုဒ္ဓဘုရားသည် ဖော်ထုတ်ခဲ့သည်၊ ဤအရိယဓမ္မနှင့် ဖော်ထုတ်သူ ဗုဒ္ဓဘုရားသည် စန္ဒဂုတ်ဘုရင်၏ ပညာရှိအမတ်ကြီးစာဏကျဖျောက်ဖျက်ခြင်းနှင့်အတူ အပျောက်ပျက်ခံခဲ့ရသည်။

အရိယဓမ္မကို ဤသို့အဖျောက်မခံရဘဲ ဆက်လက်ရှင်သန်ကြီးထွားခွင့်ရလျှင် နှစ်ပေါင်းနှစ်ထောင့်ငါးရာမျှ အရိယဓမ္မအလင်းကို လူ့လောကသုံးစားခွင့်ရကြမည်၊ လူ့လောက၏ ငြိမ်းချမ်းသာယာသောအဖြစ်သည် မျှော်မှန်းပြောပြ၍ မရသည်အထိ ရှင်သန်နေမည်ဖြစ်သည်၊ ယနေ့ကြုံနေရသော လူ့လောကအမိုက်တိုက်ကြီးသည် စာဏကျ အမှောင်ချ၍ ဖြစ်ထွန်းခွင့်ရနေခြင်း ဖြစ်သည်။

## လူ့လောကကို အမှောင်ချခဲ့သူ

စာဏကျသည် သူ့အယူနှင့်မတူသော ဗုဒ္ဓဘာသာကိုဖျက်ဆီးသော်လည်း ဗုဒ္ဓဘာသာ၏ သူသိသောဘာသာတရားမှာ (Religion)မဟုတ်ဘဲ လူ့လောက၏အမိုက်တိုက်ဖြစ်သော မည်သူမျှ ရှင်း၍မရသော လွန်ကျူးမှုများကို ရှင်းပေးသောတန်ဖိုးကို မသိသူဖြစ် သည်၊ လွန်ကျူးမှုခပ်သိမ်းကို အမြစ်မကျန်အောင်နုတ်ပစ်ခံရသော အရိယဓမ္မသည် ဗုဒ္ဓဘုရားဟောဖြစ်၍

ဗုဒ္ဓဘုရားဆည်းကပ်ကြသူများသာ သက်ဆိုင်သောအရာမဟုတ်ပေ၊ လူ့လောကလင်းချင်းရန် ထွန်းညှိခဲ့သောအလင်းဖြစ်သည်ကို စာဏကျ မသိဘဲ ရှိခဲ့သည်၊ ထို့ကြောင့် ပျောက်ပျက်စေခဲ့သည်၊ ပတ္တမြားကို မြက်စားနေသော သတ္တဝါသည် တန်ဖိုးမသိသည့်အလားဖြစ်သည်၊ ထိုကြောင့်ပင် စာဏကျသည် လူ့လောကကို အမှောင်ကျစေသူ ဖြစ်ခဲ့သည်။

ဗုဒ္ဓဘုရားဆည်းကပ်ကြသူများသည် စာဏကျ၏အမှောင်တိုက်အသွင်းခံကြရသောကြောင့် အရိယပကတိ တရားများကို လွဲလွဲမှားမှား သိကြသူများဖြစ်ကြရသည်။

အရိယာဖြစ်ဖို့ ဆိုက်ရောက်ရာပကတိသည် ရုပ်ခပ်သိမ်း နာမ်ခပ်သိမ်း အကြွင်းမရှိ ငြိမ်းရာဟူ၍ သိနေကြရသည်၊ အရိယာဖြစ်ဖို့ ပယ်စွန့်စရာပကတိသည် မြင်မြင်သမျှ ကြားကြားသမျှ တွေ့တွေ့သမျှ သိသိသမျှ အာရုံအဝဝမှာ တပ်မက်လိုလားမှုဟူ၍ သိနေကြသည်၊ အရိယာဖြစ်ဖို့ ပိုင်းခြားသိစရာပကတိသည် ကံစိတ်ဥတုအာဟာရ အကြောင်းတရားတို့ပေါင်းပြီး ပြုပြင်ခံထားရသော ရုပ်ခပ်သိမ်း နာမ်ခပ်သိမ်းဖြစ်သည်ဟူ၍ သိနေကြသည်၊ အရိယာဖြစ်ဖို့ ကျင့်ပွားစရာပကတိသည် အစိတ်အပိုင်းရှစ်ချက်ရှိသော လမ်းကြောင်းဖြစ်သည်ဟူ၍ သိကြပြီး ရှစ်ချက်အသိများမှာ အောက်ပါတို့ပင် ဖြစ်သည်။

- ရုပ်နာမ်ခပ်သိမ်းတို့ ဖြစ်ပြီးနောက်ပျက်ကြ၍ မရှိနေသောကြောင့် ရုပ်နာမ်များကဖြစ်စေသော လူ့လောက၏ အရှိမဟုတ်သည့်အဖြစ်သိနေခြင်း။
- ဤအသိ၏အာရုံ၌ စိတ်ကိုတင်ပေးခြင်း။
- ဝစီဒုစရိုက်မှု မရှိခြင်း။
- ကာယဒုစရိုက်မှု မရှိခြင်း။
- မိစ္ဆာအာဇီဝမှု မရှိခြင်း။
- ရုပ်နာမ်ဖြစ်ပျက်အသိကို အားထုတ်ခြင်း။
- ရုပ်နာမ်ဖြစ်ပျက်က မလွတ်အောင်သတိထားခြင်း။
- ရုပ်နာမ်ဖြစ်ပျက်၌ စိတ်ကိုတည်စေခြင်း။

ဤအရိယာဖြစ်ဖို့ ကျင့်ပွားစရာပကတိအသိကို ဗိရုန၏ နာမ်ဝိညာဉ်ဝင်နေသော ဗုဒ္ဓဘုရားအား ဆည်းကပ်ရာမှရသော အသိများပင် ဖြစ်သည်။

ဗိရုန၏နာမ်ဝိညာဉ်သည် ကာမတရားများမှလွတ်မြောက်ရာ ရုပ်နာမ်ပရမတ်အာရုံများဖြင့် နေသော နာမ်ဝိညာဉ် ဖြစ်သည်၊ ကာမတရားသည် မလွတ်မြောက်သေးသူအနေဖြင့် လွတ်မြောက်ရန်မလွယ်သောအရာဖြစ်သည်၊ ဗိရုနနာမ်ဝိညာဉ်သည် ကာမတရားမှလွတ်မြောက်ခြင်းကို မောက္ခဖြစ်သည်၊ လွတ်လပ်သည်ဟုသိသော နာမ်ဝိညာဉ်ဖြစ်သည်။

ဗိရုနနာမ်ဝိညာဉ်ဝင်စားသောဗုဒ္ဓဘုရားကို ဆည်းကပ်ကြသောသာဝကများကလည်း ဗုဒ္ဓဘုရားဟောပြောခဲ့သော အရိယာဖြစ်ဖို့ ကျင့်ပွားရမည့်တရားအစိတ်အပိုင်းရှစ်ပါး၏ အနက်အဓိပ္ပာယ်အရကောက်များအဖြစ် ဖော်ပြခဲ့သည့်အတိုင်း ရုပ်နာမ်တို့၏အဖြစ်အပျက်များကို အာရုံထား၍ ပွားများသိမြင်မှုကိုပြုကြသည်။

ရုပ်နာမ်တို့၏အဖြစ်အပျက်သည် အရိယာဖြစ်ဖို့ကျင့်ပွားရမည့် တရား၏အာရုံအဖြစ် အဘယ့်ကြောင့် မဟုတ်သနည်း

မေးဘွယ်ရှိပါသည်၊ အရိယာဖြစ်ဖို့ သိရမည့်အရာ ပယ်ရမည့်အရာ ဆိုက်ရောက်ရမည့်အရာများကို ရုပ်နာမ်ဖြစ်ပျက် အာရုံပွားများမှုက ဖြစ်နိုင်စေခြင်း မရှိကြလို့ ဖြစ်သည်။

အဘယ်သို့နည်းဆိုလျှင် ရုပ်နာမ်ဖြစ်ပျက်အာရုံသည် အာရုံပြုသူ၏အသိ၌ ရုပ်နာမ်မရှိသည်ကိုသာ သိစေမည် ဖြစ်သည်၊ ဤအသိသည် ပွားများသူ၌ဖြစ်ပွားသော လွန်ကျူးမှုများ၏ ဇာတ်ဝင်နေသောအဖြစ်များကို အဘယ်လွန်ကျူးမှုက ဤဇာတ်ဝင်အဖြစ်အပျက်များကို ဖြစ်ပျက်စေသည်ဟု ပိုင်းခြားသိသော အသိမဟုတ်သောကြောင့်ဖြစ်သည်။

ရုပ်နာမ်မရှိရာအသိသည် လွန်ကျူးမှုကဖြစ်စေသော ကံဇာတ်ဝင်အဖြစ်များအား (အကြောင်းနှင့်တကွ)ပိုင်းခြား သိခြင်းနှင့် ခြားနားလှသည်၊ ဘယ်အရာမျှ မရှိရာအသိသည် လွန်ကျူးမှုကံဇာတ်ဝင်အဖြစ်အပျက်များ၏ အကြောင်းဖြစ်သော ကံ၊ ကိလေသာများကို အဘယ်သို့ပယ်မည်နည်း၊ ရုပ်နာမ်တရားများ ဘာမျှမရှိရာအသိသည် ဘာမျှမရှိရာ၌ ဘာမျှပြုလုပ်စရာ မရှိသောကြောင့် ဘာကိုမျှပယ်စရာအဖြစ် မရှိဖြစ်ပြီး လွန်ကျူးမှုဇာတ်ဝင်တရားများ၏ အကြောင်းဖြစ်သော ကံ၊ကိလေသာများအား ပယ်မှုလည်း မပြုနိုင်သောအသိဖြစ်သည်။

လွန်ကျူးမှု(သင်္ခါရ)တို့၏ ကံဇာတ်ဝင်အဖြစ်အပျက်များကို ပိုင်းခြားသိခြင်းသည် ယင်း၏အကြောင်းဖြစ်သော ကံ၊ကိလေသာအပေါ် တပ်မက်မှုကင်းရန်ဖြစ်သည်၊ အဘယ့်ကြောင့် တပ်မက်မှုကင်းစေချင်ရသနည်းဆိုလျှင်လည်း ဤသို့ဖြေရမည်၊ ကံဇာတ်ဝင်အဖြစ်အပျက်၏ အကြောင်းဖြစ်သော ကံ၊ကိလေသာများကို မပယ်နိုင် မစွန့်နိုင် တပ်မက်နေလျှင် လွန်ကျူးမှု များကို ပြုလုပ်မည်၊ သို့ဖြစ်၍ လွန်ကျူးမှု၏ ကံဇာတ်ဝင်အဖြစ်အပျက် မငြိမ်းနိုင်ဖြစ်မည်၊ ဤကံဇာတ်ဝင်အမှုနှင့် ဇာတ်အကြောင်းများ အမြီးအပြန်ပြန် ခေါင်းအပြန်ပြန် ချာချာလည်နေမှု မလွတ်မလပ်အဖြစ်မှ မလွတ်မြောက်နိုင်သောကြောင့်ဖြစ်သည်။

ရုပ်နာမ်ဖြစ်ပျက်မရှိရာသည် ဥပမာအားဖြင့် မိုးကောင်းကင်နှင့်တူသည်၊ ဤမိုးကောင်းကင်၌ ဘာအဖြစ်အပျက်မျှမရှိ၊ ထို့ကြောင့် ဘာအဖြစ်အပျက်၏ လွတ်မြောက်မှုမှုလည်းမဖြစ်၊ အောင်ပွဲသည် တိုက်ပွဲမှဖြစ်ပေါ်သော အရာဖြစ်သည်၊ တိုက်ပွဲမရှိရာ၌ အောင်ပွဲလည်းမရှိ ဖြစ်သကဲ့သို့ဖြစ်သည်။

ရုပ်နာမ်ဖြစ်ပျက်ငြိမ်းရာ၌ ကိလေသာ ကံနှင့် ကံဇာတ်ဝင်မှုများမဖြစ်သောကြောင့် ဤရုပ်နာမ်ဖြစ်ပျက်ငြိမ်းရာသည် ကိလေသာ ကံနှင့် ယင်းတို့ဇာတ်ဝင်မှု၏ငြိမ်းရာလည်း မဟုတ်သောအရာဖြစ်သည်၊ အဖြစ်(ဥပ္ပါဒ)မရှိလျှင် ချုပ်ငြိမ်းမှု(နိရောဓ) မရှိနိုင်၊ ချုပ်ငြိမ်းမှု(နိရောဓ)သည် ဖြစ်ခြင်း(ဥပ္ပါဒ)မရှိဘဲ ရှိ၍မရကောင်းသောကြောင့်ဖြစ်သည်။

## အရိယာဖြစ်ဖို့ ကျင့်ပွားစရာအာရုံ

အရိယာဖြစ်ဖို့ ကျင့်ပွားစရာ၏အာရုံသည် ရုပ်နာမ်ဖြစ်ပျက်ငြိမ်းရာမဟုတ်ဘဲ လွန်ကျူးမှု (ကံသင်္ခါရ)တို့က ဖြစ်စေလိုက်သော ကံဇာတ်ဝင်အဖြစ်အပျက်များသာဖြစ်သည်၊ ဤအာရုံကို အကြောင်းနှင့်တကွသိမှုက အကြောင်းဖြစ်သော ကံ၊ ကိလေသာများ၌ ငြီးငွေ့ပယ်စွန့်မှုကိုဖြစ်စေသည်၊ ဤသို့ပယ်စွန့်မှုကြောင့် ဇာတ်ဝင်အဖြစ်အပျက်များငြိမ်းကာ သံသရာလည်ပတ်မှု ပြတ်ငြိမ်းလွတ်လပ်သည်၊ ထို့ကြောင့် ဤကျင့်ပွားစရာကို ကျင့်ပွားသူ၌ လွန်ကျူးမှုစက်ယန္တရား ပြတ်စဲပြီး ဖြူစင်ဖြောင့်မတ်

ရှိးသားသူဖြစ်သည်။

ရုပ်နာမ်အဖြစ်(ဥပ္ပါဒ)တို့ ချုပ်ငြိမ်းမှု(နိရောဓ)မဟုတ်ဘဲ ရုပ်နာမ်အဖြစ်အပျက်(ခဏတ္တယ)တို့ချုပ်ရာ (အနုပ္ပါဒနိရောဓ)အာရုံသည် အရိယာဖြစ်ဖို့ ကျင့်ပွားစရာအချက်တစ်ခုဖြစ်သော အသိအမြင်ပညာ၏ အာရုံမဟုတ်သောအာရုံဖြစ်သည်၊ ဤအာရုံ၌ ပိုင်းခြားအသိခံရစရာ မရှိဟုပြောရမည်၊ ပိုင်းခြားအသိခံစရာအကြောင်း မရှိသောကြောင့်ဖြစ်သည်။

ထို့ပြင်လည်း ဤအာရုံသည် ပိုင်းခြားအသိခံအာရုံမဟုတ်ဘဲ အဆိုက်ရောက်ခံအဖြစ် အသိခံရသော အာရုံဖြစ်သည်၊ ဤအာရုံကို အမြင်ဒဿနပညာဖြင့်သိလျှင် အဆိုက်ရောက်ခံဖြစ်သော အရိယသစ္စာ၌ လုပ်စရာကိစ္စ နှစ်ချက်ဖြစ်နေစရာဖြစ်သည်၊ ပိုင်းခြားအသိခံ (ပဇာနန)ကိစ္စနှင့် အဆိုက်ရောက်ခံ (သစ္ဆိကာတဗ္ဗ)ကိစ္စတို့ဖြစ်ကြသည်၊ ဤသို့ အရိယသစ္စာတစ်ချက်၌ ကိစ္စနှစ်ချက်ကိုယူစေလိုက်လျှင် ပိုင်းခြားအသိခံကိစ္စရှိသော အရိယသစ္စာ၌ ကိစ္စမရှိဖြစ်ပြီး ပယ်စွန့်ခြင်းကိစ္စရှိသည်ဟု မှတ်ယူရစရာရှိလာသည်၊ ဤသို့ဖြစ်လျှင် ပယ်စွန့်ခြင်းကိစ္စတစ်ချက်၌ အရိယသစ္စာနှစ်ပါးဖြစ်နေပေမည်၊ ပိုင်းခြားအသိခံအရိယသစ္စာနှင့် အပယ်စွန့်ခံအရိယသစ္စာတို့ဖြစ်ကြသည်။

အရိယသစ္စာစက်ယန္တရား၌ ပါဝင်ကြသောအစိတ်အပိုင်းများသည် သူ့အစိတ်အပိုင်းနှင့်သူ အလုပ်လုပ်ကြမှသာ အရိယသစ္စာစက်ယန္တရား လည်ပတ်နိုင်မည်၊ ဤသို့မဟုတ်ဘဲ အရိယစက် အစိတ်အပိုင်းတစ်ခုက အလုပ်နှစ်ခုလုပ်ပြီး အစိတ်နှစ်ခုက အလုပ်တစ်ခုကိုလုပ်နေရသည်ဆိုလျှင် စက်ယန္တရားမလည်ပတ်ဘဲ ပျက်မည်။

အရိယသစ္စာစက်ယန္တရားမလည်ပတ်လျှင် ကျင့်ပွားစရာအရိယသစ္စာကို ကျင့်ပွားသူအား အရိယာအဖြစ်ကို ရောက်စေမည်မဟုတ်ဘဲဖြစ်မည်၊ အရိယာအဖြစ်ရောက်အောင်ပြုမပေးနိုင်သော အရိယာဖြစ်ဖို့ ကျင့်ပွားစရာကိုကျင့်ပွားခြင်းသည် ငုံးငှက်အမြီး မျှော်ရသကဲ့သို့ အချည်းနှီးဖြစ်ပြီး လူ့လောကကို ဆုတ်ယုတ်စေခြင်းသာ အဖတ်တင်မည်။

ကျင့်ပွားရမည့် အရိယသစ္စာ၏အာရုံသည် ဆိုက်ရောက်ရမည့် အရိယသစ္စာအာရုံဖြစ်သည်ဟုဆိုလျှင် မမှန်မကန် အဆိုဖြစ်သည်၊ ကျင့်ပွားရမည့် အရိယသစ္စာ၏အာရုံသည် ပိုင်းခြားသိစရာ အရိယသစ္စာအာရုံသာဖြစ်သည်ကို အမှန်အကန်သိရမည်၊ ပိုင်းခြားသိစရာ အရိယသစ္စာကိုအာရုံပြုမှ ပိုင်းခြားသိစရာများကို ဤအရာများသည် အပျက်အစီး(အနိစ္စ) များဖြစ်ကြသည် ဟူ၍ဖြစ်စေ၊ အဆိုးအဝါးများ (ဒုက္ခ)များဖြစ်ကြသည် ဟူ၍ဖြစ်စေ၊ ကိုယ်လုပ်ထားခြင်းမဟုတ်သော (အနတ္တ)များ ဖြစ်ကြသည် ဟူ၍ဖြစ်စေ၊ လက္ခဏာတစ်ခုခုကိုသိကြပြီး ဤလက္ခဏာရှင်များ၏အကြောင်းဖြစ်သော ကံ၊ ကိလေသာများဖြစ်ပွားမှုမှာ ငြီးငွေ့စက်ဆုပ် ကြောက်ရွံ့မလိုလား ပယ်စွန့်စရာများပယ်စွန့်ပြီး ဆိုက်ရောက်စရာ အရိယသစ္စာသို့ ဆိုက်ရောက်ကာ ပွားစရာကိုပွားသူအား အရိယာဖြစ်စေမည်ဖြစ်သည်။

ကျင့်ပွားရမည့်အရိယသစ္စာ၏အာရုံကို ဆိုက်ရောက်ရမည့်အရိယသစ္စာ၏အာရုံအဖြစ် သိနေကြခြင်းမှာ ဗိရုနနာမ်ဝိညာဉ်၏ စေစားချက်အရ သိနေကြခြင်းဖြစ်သည်၊ ဗိရုနနာမ်ဝိညာဉ်သည် ရုပ်နာမ်ပရမတ်လောကကို အာရုံယူသူဖြစ်သည်၊ ဤနာမ်ဝိညာဉ်က ဗုဒ္ဓဘုရား၌ပူးဝင်လိုက်သောအခါ ဗုဒ္ဓဘုရားက ရုပ်နာမ်ပရမတ်လောကကို ယူသကဲ့သို့အဖြစ်ခံရပြီး ရုပ်နာမ်ပရမတ်လောက၏ အဆုံးအာရုံကို ကျင့်ပွားရမည့် အရိယသစ္စာ၏ အသိခံအာရုံအဖြစ် သိကြခြင်းဖြစ်သည်။

ကျင့်ပွားစရာအရိယသစ္စာ၏ ဒုတိယအချက်အလက်ဖြစ်သော ရုပ်နာမ်ဖြစ်ပျက်ငြိမ်းရာအာရုံ၌ ကြံစည်မှုနှင့်

အတူဖြစ်ကြသော တရားများကိုတင်ပေးခြင်းမှာလည်း အမှန်အကန် မဟုတ်သောအရာဖြစ်သည်၊ ဤအရိယသစ္စာ၏ ဒုတိယအချက်အလက်ဖြစ်သော ကြံစည်တွေးခေါ်မှုများ အတက်ရောက်ခံရသောအာရုံသည် ရုပ်နာမ်ဖြစ်ပျက်ငြိမ်းရာအာရုံ မဟုတ်ဘဲ ပိုင်းခြားသိစရာ အရိယသစ္စာဖြစ်သော ကံသင်္ခါရဇာတ်ဝင်တရားများ၏ ကိုယ့်ဟာမဟုတ်ကြောင်း ကိုယ်မဟုတ်ကြောင်း ကိုယ့်အတ္တမဟုတ်ကြောင်း အဖြစ်အပျက်အာရုံများသာဖြစ်သည်၊ ဤအာရုံများ၌ ကြံစည် တွေးခေါ်မှုများကို တက်ရောက်စေခြင်းသည် ကျင့်ပွားစရာအရိယသစ္စာ၏ ဒုတိယအချက်အလက် ဖြစ်သည်။

ဤဒုတိယအချက်အလက်သည် ဤကျင့်ပွားစရာအရိယသစ္စာ၏ တတိယအချက်အလက်ကို ကျေးဇူးပြုနိုင်မည်၊ တတိယအချက်အလက်သည် အပြောသမ္မာမှုဖြစ်သည်၊ ဒုတိယအချက်အလက်သည် တတိယအချက်အလက် အလုပ်ဆိုင်ရာ အတွေး အခေါ်အချက်အလက် ဖြစ်သောကြောင့်ပင်။

ဒုတိယအချက်အလက်ဖြစ်သော အတွေးအခေါ်သမ္မာမှု၏အာရုံသည် ရုပ်နာမ်ဖြစ်ပျက်တို့ ငြိမ်းရာဖြစ်လျှင် တတိယအချက်အလက်ဖြစ်သော အပြောသမ္မာမှုကို ဘယ်လိုအသိနှင့် ကျေးဇူးပြုမည်နည်း၊ ငြိမ်းရာအတွေးအခေါ်သည် မပြောဘဲ ငြိမ်ငြိမ်နှုတ်ပိတ်နေခြင်းကိုသာ ဖြစ်စရာရှိမည်၊ နှုတ်ပိတ်နေခြင်းသည် အပြောသမ္မာဖြစ်မည်လော၊ မြန်မာပညာရှိအမတ်ကြီးတစ်ဦးကတော့ အပြောသမ္မာဖြစ်အောင် နှုတ်ပိတ်နေရမည်ဟု သူ့ကျမ်းစာတစ်ခု၌ ရေးခဲ့ဖူးသည်၊ နှုတ်ပိတ်ကျင့်ကြသူတွေကိုလည်း တွေ့ရသည်၊ နှုတ်ပိတ်ကျင့်ဖို့ အားပေးတွေလည်း ဖတ်ရဖူးသည်။

နှုတ်ပိတ်အကျင့်သည် မိစ္ဆာဝါစာမဖြစ်သော်လည်း သမ္မာဝါစာလည်း ဖြစ်၍မရနိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် ဝါစာမရှိသောကြောင့်ပင် ဖြစ်သည်၊ ဝါစာမရှိဘဲ သမ္မာဝါစာ အဘယ်သို့ဖြစ်မည်နည်း။

အပြောဝါစာသည် လူ့လောကမှာ အချင်းချင်းအသိပေးစရာ (ဝိညာပန)သုံးမျိုးရှိသည့်အနက်မှ (ဝစီဝိညာပန) အပြောအသိပေးစရာဖြစ်သည်၊ နောက်နှစ်မျိုးမှာ အပြုအသိပေးစရာ (ကာယဝိညာပန) အနေအထိုင်အသိပေးစရာ (မနောဝိညာပန) တို့ဖြစ်ကြသည်။

ဤသုံးမျိုးမှာလည်း အပြောက အပြုကိုဖြစ်စေသည်၊ အပြုက အနေအထိုင်ပုံဟန်ကိုဖြစ်စေသည်၊ ဤသုံးပါး တစ်ပါးပါးဖြင့် လွန်ကျူးမှုလေးမျိုး တစ်မျိုးမျိုးပြုလျှင် မှားယွင်းသောအပြော(မိစ္ဆာဝါစာ) မှားယွင်းသောအပြု(မိစ္ဆာကမ္မန္တ) မှားယွင်း သောအနေအထိုင်(မိစ္ဆာအာဇီဝ)တို့ဖြစ်ကြသည်။

လွန်ကျူးမှုလေးမျိုးမှာ အပြောအပြုအနေအထိုင်သုံးပါး တစ်ပါးပါးဖြင့် ကာမအကုသိုလ်မှုများလွန်ကျူးခြင်း ထိုသုံးပါးတစ်ပါးပါးဖြင့် ကာမကုသိုလ်မှုများလွန်ကျူးခြင်း ထို့ပြင် ရူပကုသိုလ်မှုများလွန်ကျူးခြင်း အရူပကုသိုလ်မှုများ လွန်ကျူးခြင်းတို့ဖြစ်ကြသည်။

အပြောအပြုအနေတို့ဖြင့် ကာမအကုသိုလ်မှု ကာမကုသိုလ်မှု ရူပကုသိုလ်မှု အရူပကုသိုလ်မှုများ လွန်ကျူးခြင်း ဖြစ်ပွားစေလျှင် ဤဖြစ်ပွားစေချက်များသည် မိစ္ဆာဝါစာ ကမ္မန္တ အာဇီဝများဖြစ်ကြသည်။

နှုတ်အပြောဖြင့် ကာမအကုသိုလ်မှုဖြစ်ပွားစေလျှင် ကာမအကုသိုလ် မိစ္ဆာဝါစာ၊ ကာမကုသိုလ်မှုကို ဖြစ်စေလျှင် ကာမကုသိုလ်မိစ္ဆာဝါစာ၊ ရူပကုသိုလ်မှုကိုဖြစ်စေလျှင် ရူပကုသိုလ်မိစ္ဆာဝါစာ၊ အရူပကုသိုလ်မှုကိုဖြစ်စေလျှင်

အရူပကုသိုလ်မိစ္ဆာဝါစာဖြစ်သည်။

ကိုယ်အပြုအမူဖြင့် ကာမအကုသိုလ် ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်များ ဖြစ်စေရာတို့၌လည်း ကာမအကုသိုလ်မိစ္ဆာကမ္မန္တ ကာမကုသိုလ်မိစ္ဆာကမ္မန္တ ရူပကုသိုလ်မိစ္ဆာကမ္မန္တ အရူပကုသိုလ်မိစ္ဆာကမ္မန္တတို့ အစဉ်အတိုင်းသာ ဖြစ်ကြသည်။

အနေအထိုင် ကိုယ်လက်ဟန်ပန်တို့ဖြင့် ကာမအကုသိုလ် ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်မှုများ ဖြစ်စေရာတို့၌လည်း ရှေးကနှင့်အတူပင် ကာမအကုသိုလ်မိစ္ဆာအာဇီဝ ကာမကုသိုလ်မိစ္ဆာအာဇီဝ ရူပကုသိုလ်မိစ္ဆာအာဇီဝ အရူပကုသိုလ်မိစ္ဆာအာဇီဝတို့ဖြစ်ကြသည်။

ဤမိစ္ဆာဝါစာဖြစ်မှုလေးမျိုးမှ တစ်မျိုးမျိုးကိုကျိုးပျက်စေမှုသည် ကျင့်ပွားရမည့်အရိယသစ္စာ၏ တတိယအချက်အလက်ဖြစ်သော သမ္မာဝါစာ ဝိရတီအရိယသီလကို မပြည့်ကျင့်ခြင်းဖြစ်သည်၊ အရိယာဖြစ်ဖို့ ကျင့်ပွားရမည့် အရိယဓမ္မ၏ တတိယအချက်အလက်ပြည့်စုံရန် လွန်ကျူးသောအပြောလေးမျိုးကိုဖြစ်စေသည့် မိစ္ဆာဝါစာများ၌ ပျော်မွေ့နေခြင်းများ မဖြစ်စေသော ပြောဆိုမှု ဝိရတီသီလကို ပြည့်စုံစေရမည်ဖြစ်သည်။

ဤအပြောအဆိုကျူးလွန်မှုလေးမျိုးမဖြစ်ရန် ကျင့်ပွားစရာ သမ္မာဝါစာ ဝိရတီအရိယသီလဖြစ်ဖို့ ဘယ်အသိကကျေးဇူးပြုသနည်း၊ ကျေးဇူးပြုတာမရဘဲ အပြောအဆိုလွန်ကျူးမှုလေးမျိုးမှလွတ်မြောက်ရန် အကြောင်းမရှိနိုင်သောကြောင့် ဖြစ်သည်။

လွန်ကျူးမှုလေးမျိုးပြားသကဲ့သို့ ကျင့်ပွားစရာ အရိယဓမ္မသည်လည်း လေးမျိုးပင် ပြားသည်၊ ပထမနှုတ်အပြော လွန်ကျူးမှုကို လွတ်မြောက်အောင်ကျင့်ပွားရသော အရိယဓမ္မ၊ ဒုတိယ တတိယ စတုတ္ထနှုတ်အပြောလွန်ကျူးမှုများကို လွတ်မြောက်အောင်ကျင့်ပွားရသော အပြောသမ္မာဝါစာ အရိယဓမ္မများဟူ၍ လေးပါးဖြစ်သည်။

ဤ၌ ပထမနှုတ်အပြောလွန်ကျူးမှု မိစ္ဆာဝါစာကို လွတ်မြောက်စေသည်၊ လွန်ကျူးမှုမဲ့ပြောဆိုမှု သမ္မာဝါစာ အရိယဓမ္မဖြစ်ရန် အရိယာဖြစ်ပြီးသူများထံမှ အသိပညာများရယူပြီး ဤအသိပညာအတွေးအခေါ်ဖြင့် အပြောအဆို လွန်ကျူးမှုလေးမျိုးအနက် ပထမတစ်မျိုးဖြစ်သော ကာမအကုသိုလ် အပြောလွန်ကျူးမှုမိစ္ဆာဝါစာ၌ မမွေ့ပျော်ဘဲ သမ္မာဝါစာ ဝိရတီအရိယသီလကို ဖြစ်စေသည်။

နောက်ကျင့်ပွားရမည့် အရိယဓမ္မထဲမှ သမ္မာဝါစာ ဝိရတီအရိယသီလများ ဖြစ်စေရန်အတွက်မှာ ကျင့်ပွားရမည့် အရိယဓမ္မ၏ ဒုတိယအချက်အလက်ဖြစ်သော အတွေးအခေါ် သမ္မာသင်္ကပ္ပကကျေးဇူးပြုသည်။

ဤသို့ကျေးဇူးပြုနိုင်ရန် ဤဒုတိယအချက်အလက်သည် ရုပ်နာမ်ဖြစ်ပျက်တို့ငြိမ်းရာအာရုံမဟုတ်ဘဲ ကံသင်္ခါရဓာတ်ဝင်တရားများ၏ အဖြစ်အပျက်ဖြစ်သော ဤဓာတ်ဝင်တရားများမှာ ကိုယ့်ဟာ ကိုယ် ကိုယ့်အတ္တမဟုတ်ကြောင်းသိစေဖို့ ဓာတ်ဝင်တရားတို့အကြောင်းသည် ကံ၊ကိလေသာများဖြစ်ကြောင်း ဤသည့်အာရုံများ၌ တင်ထားသော အတွေးအခေါ်များဖြစ်ရသည်၊ ကျင့်ပွားရမည့်အရိယတရား ဒုတိယအချက်အလက်သည် တတိယအချက်အလက်ဖြစ်သော သမ္မာဝါစာဝိရတီ အရိယသီလကိုဖြစ်စေသည်။

ထို့ကြောင့် သမ္မာဝါစာ ဝိရတီအရိယသီလသည် တဏှာ ဒိဋ္ဌိ ဝိစိကိစ္ဆာစသည်များ ကပ်ငြိမှုမရှိသော သမ္မာဝါစာ

ဝိရတီအရိယသီလဖြစ်သည်၊ ဤသို့ဖြစ်ရန် ဤဝိရတီအရိယသီလဖြစ်ဖို့ ကျေးဇူးပြုလိုက်သော သမ္မာသင်္ကပ္ပ အရိယဓမ္မ၏ ဒုတိယအချက်အလက်၌ တည်ပေသည်၊ အရိယဓမ္မ၏ဒုတိယအချက်အလက် သမ္မာသင်္ကပ္ပ၏အာရုံသည် ရုပ်နာမ်ဖြစ်ပျက်ငြိမ်းရာ အာရုံဖြစ်ပါမူ ရုပ်နာမ်ဖြစ်ပျက်ငြိမ်းမှု (အရူပရာဂ)တဏှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာများဖြစ်ကြသည်၊ ဤအာရုံ အသိ ဖြင့် အကုသိုလ်မိစ္ဆာ ဝါစာကိုရှောင်ကြဉ်လျှင် ဤရှောင်ကြဉ်မှုဝိရတီသည် တဏှာ ဒိဋ္ဌိအကြောင်းခံသော ဝိရတီမျှဖြစ်၍ အရူပကုသိုလ် ဝိရတီသီလသာ ဖြစ်သည်၊ အရိယသီလ မဖြစ်ပေ။

ဤ၌ ရှင်းလင်းရဘွယ်တချို့ရှိသည်၊ ရုပ်နာမ်ဖြစ်ပျက်ငြိမ်းရာရှုပွားမှု၌ အရူပရာဂရှိကြောင်း ဤရှုပွားမှု သင်္ခါရကဖြစ်စေသော ကံဇာတ်ဝင်တရားများလည်းဖြစ်သည့်အပြင် ဤဇာတ်ဝင်တရား၌ တဏှာ မာန ဒိဋ္ဌိများလည်း ဖြစ်ကြသည်၊ ထို့ပြင် ဤရုပ်နာမ်ဖြစ်ပျက်ငြိမ်းရာရှုသူ၌ ကိုယ်နှုတ်နှလုံး ဝိညာပန(သိစေချက်)များရှိသည်သာဖြစ်၍ ယင်းသိစေချက်သည် မိစ္ဆာဝိညာပန(မှားယွင်းစွာသိစေချက်)များကို ရှောင်သောဝိရတီဖြစ်သည်၊ ယင်းဝိရတီသည် သမ္မာဝိရတီမဟုတ်၊ မိစ္ဆာဝိရတီသာ ဖြစ်သည်၊ ဤအကြောင်းသည် ကံနှင့်ကံအကျိုး ကံအကြောင်းများ ဖြစ်ပွားမှုကို မြင်အောင်မဆင်ခြင်နိုင်လျှင် အသိဖြစ်မည် မဟုတ်သောအရာဖြစ်၍ သိလိုသူများ မြင်အောင် အားထုတ်ဆင်ခြင်ရန်ဖြစ်သည်။

အရိယာဖြစ်ဖို့ ကျင့်ပွားစရာ၏တတိယအချက်အား အမြင်ပေးသောအရာသည် ဒုတိယအချက်အလက်ဖြစ်သည်၊ ဒုတိယအချက်အလက်၏ တွေးခေါ်ကြံစည်မှုကိုဖြစ်စေသောအရာသည် ပထမအချက်အလက်ဖြစ်သည်၊ ပထမအချက်အလက်၏ အသိအမြင်က "ကံများသည် ပြုသူသေပြီးနောက်၌ အကျိုးကိုဖြစ်စေသည်"ဟု မှားယွင်းသောအသိအမြင်ဖြစ်လျှင် ဒုတိယအချက်အလက် တွေးခေါ်ကြံစည်မှုမှာလည်း ပထမအချက်အလက်၏အသိအမြင်ကိုပင် ဆက်လက်ကြံစည်တွေးခေါ်သည်၊ ဤတွေးခေါ်ကြံစည်မှုသည် တတိယအချက် သမ္မာဝါစာ ဝိရတီသီလ၏ အသိအမြင်ဖြစ်သည်၊ ထို့ကြောင့် ကံ၏အကျိုး ယုံကြည်သူ၏ မိစ္ဆာဝါစာသည် "သေပြီးဘဝများ၌ မဆိုးဝါးရန် မိစ္ဆာစကားများရှောင်မှ"ဟူ၍ ရှောင်သောစကားဖြစ်သည်၊ ယင်းသည်လည်း မိစ္ဆာဝါစာပင်ဖြစ်သည်၊ ထို့ကြောင့် မိစ္ဆာဝါစာကိုရှောင်သော သမ္မာဝါစာဝိရတီသည် သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပတို့ သိမြင်တွေးခေါ်ပြချက်အရသာ ဖြစ်သည်၊ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပတို့ကြောင့်ဖြစ်သော စကားကောင်းသည် မိစ္ဆာဝါစာပင်ဖြစ်သည်။

ဤတင်ပြခဲ့ချက်များသည် ဗိရုနဝင်စားဗုဒ္ဓဘုရားကို ဆည်းကပ်ကြသူများအနေဖြင့် နားလည်ရန်ခက်သော စကားများ ဖြစ်ကြမည်၊ အရိယာဖြစ်ဖို့ကျင့်ပွားစရာတရား၏ တတိယအချက်အလက်ဖြစ်သော သမ္မာဝါစာသည် အကုသိုလ်လွန်ကျူးချက်စကား ကာမကုသိုလ်လွန်ကျူးချက်စကား ရူပအရူပကုသိုလ်လွန်ကျူးချက်စကားများ၊ ဤလွန်ကျူးချက်စကားခပ်သိမ်းကို ရှောင်ကြဉ်မှု ဝိရတီလုပ်သောစကားသာဖြစ်သည်၊ ဤလွန်ကျူးချက်ဆိုင်ရာစကားများသည် ဤအရိယာဖြစ်ဖို့ ကျင့်ပွားစရာတရားအရာ၌ မိစ္ဆာဝါစာချည်းသာ ဖြစ်ကြသောကြောင့်ဖြစ်သည်။

ကာမ ရူပ အရူပကုသိုလ်ဆိုင်ရာ ပြောဆိုစကားများသည် အဘယ့်ကြောင့် မိစ္ဆာဝါစာဖြစ်ရသနည်း မေးချင်ဘွယ်ဖြစ်သည်၊ ဤပြောစကားများသည် ပြောရခြင်း၏ အကြောင်းအသိအမြင်နှင့် အတွေးအကြံများ၌ အမှားမိစ္ဆာများ ဖြစ်ကြသော ကြောင့်ဖြစ်သည်၊ ဤ ကာမ ရူပ အရူပကုသိုလ်ဖြစ်သော ပြောစကားများသည် အမှန်များဖြစ်သော်လည်း အမှန်ကိုသိ၍ ပြောခြင်းမဟုတ်ဘဲ အမှန်အသိနှင့် လွဲချော်သောအသိဖြင့် အမှန်ပြောခြင်းဖြစ်၍ ဤအမှန်အပြောများသည် အမှားမိစ္ဆာ ဝါစာများသာ ဖြစ်ကြသည်။

ကာမကုသိုလ်ဖြစ်သော အမှန်ပြောစကားသည် အဘယ်သို့ အမှန်ပြောရခြင်း၏ အကြောင်းမှန်မှ လွဲချော်သောအသိဖြစ်သနည်း၊ ဤအမေး၏ အဖြေအဖြစ် ကာမကုသိုလ် ဝစီကံပြောရခြင်းအကြောင်းအမြင်သည် သေပြီးကောင်းကျိုးရဖို့ ဆိုးဆိုးဝါးဝါးအဖြစ်များဖြစ်မည်ကို ကြောက်သောအမြင်များဖြစ်သည်၊ ရူပါရူပကုသိုလ် ဝစီကံပြောရခြင်း၏ အကြောင်းအမြင်ကမူ ကာမလွန်မြောက်ကြခြင်းသည် ကောင်းသည်၊ ကာမလွန်မြောက်ကြသောအပြောများသည် ကောင်းသည်၊ ကာမမလွန်မြောက်သောပြောစကားသည် လူကိုဆိုးသွမ်းစေသည်ဟု မြင်ကြသောကြောင့် ရူပါရူပကုသိုလ်အပြောစကား ပြောကြခြင်းဖြစ်သည်။

ကာမ ရူပ အရူပ ကုသိုလ်ဖြစ်သောပြောစကားများသည် စကားမှားများမပါသော်လည်း စကားမှန်ပြောရခြင်း၏ အကြောင်းများမှာ တင်ပြခဲ့ပြီးသည့်အတိုင်း မမှန်မကန်ဖြစ်သည်အထိ မှားယွင်းကြသောကြောင့် ဤကာမ ရူပ အရူပကုသိုလ် ဝစီကံပြောစကားများလည်း သမ္မာဝါစာများမဖြစ်ကြဘဲ အပြောစကားလွန်ကျူးမှုကံသင်္ခါရ အမှားမိစ္ဆာဝါစာပြောစကားများသာ ဖြစ်ကြသည်။

အရိယာဖြစ်ဖို့ ကျင့်ပွားစရာဓမ္မထဲမှာ သမ္မာဝါစာဖြစ်ဖို့ ပြောစကားအမှန်များပြောဆိုရာ၌ အသိအမြင်အတွေးအကြံ အမှန်အမြင်များက ဘယ်လိုလဲမေးဘွယ်ရှိသည်၊ ဤအမေးကို ဖြေရမည်၊ ကာမရူပအရူပ ဘုံသုံးပါးကုသိုလ်ဖြစ်သော အပြောစကားဝစီကံသင်္ခါရများသည် လူ့လောကအတွက်အကြောင်းမှန်မဟုတ်သော အသိအမြင်အတွေးအကြံများကဖြစ်စေသော လွန်ကျူးမှုများသာဖြစ်သည်၊ ဤလွန်ကျူးမှုများသည် လွန်ကျူးပြီးချိန်၌ လွန်ကျူးမှုဇာတ်ဝင်သောတရားများ ဖြစ်ပွားစေရန် ဤတရားများ၌ အဖြစ်အပျက်အမှန်ကိုမမြင်ဘဲ ဤတရားများကို ကိုယ့်အပိုင်လုပ်၍ဖြစ်ဖြစ် ကိုယ်လုပ်၍ဖြစ်ဖြစ် ကိုယ့်အမှန်အတ္တလုပ်၍ဖြစ်ဖြစ် အစွဲများပွားကြသည်၊ ဤအစွဲသည် အာရုံများကိုယူပြန်သောအခါ အာရုံ၏ပကတိအတိုင်း မယူနိုင်ဘဲ အစွဲအမြင်ဖြင့်ယူပြီး ဤအာရုံများဖြင့် လွန်ကျူးမှုကို တည်ဆောက်ကြပြန်သည်၊ ဤကာမရူပအရူပ ကုသိုလ် ဝစီကံများသည် ဤသို့တည်ဆောက်ထားသော ကံများဖြစ်ကြ၍ ဤကံသည် လူ့လောကအား လူ့အသိကိုပျောက်ပျက်စေသော အသိအမြင်များဖြစ်သည်၊ ဤသို့ အသိအမြင်အတွေးအကြံမှန်ခြင်း ဖြစ်သည်။

ကာမရူပအရူပဘုံသုံးပါးဝစီကံများသည် လူကဖြစ်စေသော ဝစီကံများမဟုတ်ဘဲ ကံက ကံကိုဖြစ်စေသော ကံများဖြစ်၍ ဤဝစီကံများသည် မိစ္ဆာဝါစာများဖြစ်ကြသည်၊ ဆိုလိုသည်မှာ ကာမရူပအရူပ ဘုံသုံးပါးကုသိုလ်ဝစီကံများသည် ဤဝစီကံကိုပြောဆိုသူလူက သူ့အသိအမြင်ဖြင့် ပြောဆိုခဲ့ရသောဝစီကံမဟုတ်ဘဲ ဤဝစီကံကိုပြောမည့်သူသည် အစွဲအဝင်ခံနေရသူဖြစ်သည်၊ ဤဝစီကံကိုပြောရာ၌ ပြောသူအားဝင်နေသော အစွဲ၏အသိအမြင်ဖြင့် ပြောဆိုခြင်းဖြစ်သည်၊ အစွဲ၏အသိအမြင်သည် အသိခံအမြင်ခံအာရုံ၏ ပကတိအရှိကို သိမြင်ခြင်းမဟုတ်ဘဲ အရူးက လောကမြင်သကဲ့သို့ သူသိမြင်ချင်ရာသိမြင်သော အသိအမြင်ဖြစ်သည်၊ ထို့ကြောင့် ဤအစွဲကသိမြင်သော အသိအမြင်ခံအား တုံ့ပြန်ပြောဆိုသော ဝစီကံသည် ဝစီကံမှား မိစ္ဆာဝါစာဖြစ်ရသည်။

ဤတင်ပြခဲ့ချက်သည် နားလည်ရန် အနည်းငယ်အခက်အခဲရှိနိုင်သည်၊ အကြောင်းမှာ အစွဲဆိုသော စကားနှင့်စပ်၍ တိကျသော အနက်မထင်သောကြောင့်ဖြစ်သည်၊ ဤ၌ အစွဲဆိုသောစကားကို သိသာသည်အထိ ရှင်းပြဖို့ လိုမည်ဖြစ်သည်။

## အစွဲဟူသည်

အစွဲဟူသောစကားသည် အဟုတ်မဟုတ်သောအာရုံ၌ အဟုတ်ဟုတ်သောအာရုံဟု ခံယူခြင်းဖြစ်သည်၊ အဘယ်အရာ၌ အဟုတ်မဟုတ်သည်ကို ဟုတ်သည်ဟု ခံယူမှုသည် အစွဲဖြစ်သနည်း၊ အဖြေမှာ လူသည် ဝန်းကျင်ကို ကိုယ်နှုတ်နှလုံးသုံးပါး တစ်ပါးပါးဖြင့် တုံ့ပြန်သည့်အခါ တုံ့ပြန်ရခြင်းအကြောင်းမသိဘဲ မေ့မေ့လျော့လျော့ဖြင့် တုံ့ပြန်သည်၊ ဤတုံ့ပြန်မှုမှ ဖြစ်သောခန္ဓာများသည် ကိုယ့်ခန္ဓာဖြစ်သည်ဟူ၍ဖြစ်စေ၊ ဤခန္ဓာများသည် ကိုယ်ဖြစ်သည်ဟူ၍ဖြစ်စေ၊ ဤခန္ဓာအပေါ် အမြင်သည် ကိုယ့်အနှစ်သာရ(အတ္တ)ဖြစ်သည်ဟုဖြစ်စေ ယစ်မူးစွဲယူမှုဖြစ်သည်။

ဤသို့တုံ့ပြန်ခံယူခြင်း ခံရသည့်အကြောင်းအာရုံသည် ဟုတ်မှန်သောအကြောင်းအာရုံလည်း ဖြစ်နိုင်သည်၊ အကြောင်းအာရုံမဟုတ်ဘဲလည်း ဖြစ်နိုင်သည်၊ အကြောင်းအာရုံကိုပဓာနမထားဘဲ မိမိရနေသောခန္ဓာ၏ ယစ်မူးမှုကို ဖြေပေးနိုင်မှုအား ပဓာနထား၍တုံ့ပြန်မှုသည် အစွဲ၏တုံ့ပြန်မှုဖြစ်သည်။

ကာမအာရုံဖြင့် ဖြည့်ဆည်းရခြင်း၌ အကြောင်းကိုမသိမမြင်ဘဲ မေ့မေ့လျော့လျော့ဖြင့် ကာမအာရုံငါးပါး တစ်ပါးပါး၌ ယစ်မူးခံစားမိပြီး ဖြစ်ပွားသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ခန္ဓာငါးပါးတို့ကို ဤခန္ဓာများသည် ငါ၏ ခန္ဓာပဲ ငါပဲ ငါ့အတ္တပဲ အသိအမြင်အမှတ်ဖြစ်ပွားခြင်းသည် အစွဲဖြစ်ပွားခြင်းများဖြစ်သည်။

ကာမအာရုံများဖြင့်ဖြည့်ဆည်းရာ၌ ဖြည့်ဆည်းရခြင်း၏အကြောင်းကို အကြောင်းအလျောက် အသိအမြင်ရှိရှိဖြင့် အာရုံငါးပါးတစ်ပါးပါးကို မှီဝဲဖြည့်ဆည်းသူ၌လည်း ဖြည့်ဆည်းပြီးချိန်၌ဖြစ်ပွားသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်များဖြစ်မည်ပင် ဖြစ်သည်၊ ထိုသို့ဖြစ်သော်လည်း ဤရုပ်ဝေဒနာစသည့်ခန္ဓာများသည် ငါ့ဟာ ငါ ငါ့အတ္တအဖြစ် မစွဲယူ မသိမ်းပိုက်ဘဲရှိမည်။

ရူပအာရုံ အရူပအာရုံတို့ကို မှီဝဲခြင်းတို့မှာလည်း မှီဝဲရခြင်းအကြောင်း အသိအမြင်မရှိဘဲ ဤအာရုံများနှင့် နေရခြင်းသည် ငြိမ်းချမ်းသည်ဟု မှီဝဲနေလျှင် မေ့မေ့လျော့လျော့မှီဝဲနေခြင်းဖြစ်၍ ဤသို့မှီဝဲမှုကဖြစ်စေသော ရုပ်ဝေဒနာစသောခန္ဓာများ၌ ငါ့ဟာပဲ ငါပဲ ငါ့အတ္တပဲ အမှတ်အသိအမြင် ချွအလွဲအမှားများ အဝင်ခံရမည်၊ ဤအရာများသည် အစွဲဝင်ခြင်းများဖြစ်သည်။

ယခုခေတ်သိပ္ပံပညာရှင်များသည် ရူပအာရုံအရူပအာရုံများကို မှီဝဲကြသော်လည်း မှီဝဲရခြင်း၏အကြောင်း အသိရှိရှိဖြင့် မှီဝဲကြသည်၊ ဤအာရုံများ၌ ယစ်မူးမေ့လျော့ခြင်းမရှိဘဲ သိလိုသည်များကို ရှာဖွေဖို့ဖြစ်သည်၊ သူတို့လည်းမှီဝဲပြီး ရုပ်ဝေဒနာစသည့်ခန္ဓာများ ဖြစ်ကြသည်ပင် ဖြစ်သည်၊ သူတို့သည် ဤသို့ဖြစ်သော်လည်း ဤခန္ဓာများကို ငါ့ဟာ ငါ ငါ့အတ္တလုပ် သော်လည်း အမှန်ကိုယူခြင်းကြောင့် အစွဲမဖြစ်ကြပေ။

ကားမောင်းသမား စျေးရောင်းသမားများသည် ကားမောင်းအတတ် စျေးရောင်းအတတ်များတတ်ရန် ကားမောင်းမှု စျေးရောင်းမှုများကို မှီဝဲသင်ယူကြရသည်၊ ကားမောင်းမှု စျေးရောင်းမှုသည် လူ့လောကအတွက် ကျေးဇူးများသော အလုပ်များဖြစ်သည်၊ သင်ကြားဆည်းပူးပြီးသောအခါ၌ ကားမမောင်း စျေးမရောင်းသော်လည်း ကားမောင်းတတ်မှု စျေးရောင်းတတ်မှုများ ဖြစ်နေသည်၊ ကားမောင်း စျေးရောင်းအတတ်များသည် ငါ့အတတ်ဖြစ်သည်၊ ငါဖြစ်သည်၊ ငါ့ကိုယ် အတ္တအနှစ်သာရဖြစ်သည်ဟု အမှတ်အသိ–

အမြင်များ ဖြစ်ကြသည်။

ဤသို့ဖြစ်ကြသော်လည်း ဤအဖြစ်များသည် အစွဲများမဟုတ်ကြ၊ အစွဲမဟုတ်ကြောင်းသိသာသည်မှာ သူ တို့သည် ကားမြင်တိုင်းမောင်းချင်စိတ်နှင့် ဈေးမြင်တိုင်းရောင်းချင်စိတ်များ မဖြစ်ကြသည်က ထင်ရှားစေသည်၊ မည်သူမဆို သည်ကိုယ်နှုတ်နှလုံးတို့ဖြင့် ဖြစ်ပွားစေမှုများပြီးလျှင် ဖြစ်ပွားစေချိန်ကဖြစ်ခဲ့သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများနှင့် တူညီသောခန္ဓာများ ဖြစ်ပွားကြမြဲဖြစ်သည်၊ ဤခန္ဓာများသည် ကိုယ့်ခန္ဓာဖြစ်သည်၊ ကိုယ်ဖြစ်သည်၊ ကိုယ့်(အတ္တ) အနှစ်သာရဖြစ်သည်ဟုလည်း အမှတ်အသိအမြင်များ ဖြစ်ပွားကြမြဲဖြစ်သည်၊ ဤအဖြစ်များသည် လူ့စိတ်(ဦးနှောက်)မှ အလိုအ လျောက် အလုပ်လုပ်ချက်များဖြစ်သည်။

ဤအလုပ်လုပ်ချက်များကိုဖြစ်စေသော (ကိုယ်နှုတ်နှလုံးလုပ်ချက်များကိုဖြစ်စေသော) အသိအမြင်သည် လူ့လောက အကျိုးတရားဖြစ်ထွန်းမှုအမြင်ကို လွန်ပြီး လုပ်သည့်လုပ်ရပ်သည်သာ အစွဲကိုဖြစ်စေသည်၊ အစွဲအလုပ်ကိုလည်း လုပ်စေသည်၊ အစွဲကဖြစ်စေသောအလုပ်သည် လူ့လောကမှာတငြိမ်းချမ်းမဖြစ်သောကြောင့် လွန်ကျူးချက်များဖြစ်ကြသည် မဟုတ်လော။

အစွဲနှင့်စပ်လျဉ်း၍ သိသာရန်ပြောဆိုချက်သည် ရှည်လျားလာပြီး အလွန်ငုပ်ကျဉ်းလွန်းသောကြောင့် ရှည်လျားလိုက်ရသည်၊ အစွဲမဟုတ်သည်၌ အစွဲလုပ်လိုလုပ်၊ အစွဲဟုတ်သည်၌လည်း အစွဲမလုပ်ဘဲနေလိုနေ မဖြစ်ကြရန် တင်ပြ လိုက်သည်၊ အစွဲသည် အသိတစ်မျိုးဖြစ်သည်၊ အစွဲအသိသည် လူ၏အသိဟု မပြောရသောအသိဖြစ်သည်၊ အစွဲအသိကဖြစ်စေသော အပြောအပြုအနေ အလုပ်များသည် ဆိုးချင်ဆိုးမည်၊ ဆိုးချင်မှလည်းဆိုးမည်၊ ဤနှစ်မျိုးသည် လူ့လောကကို လွန်သောအလုပ်များ ဖြစ်ကြသည်၊ မဆိုးသောပြောပြုနေဖြစ်၍ လူ့လောကအတွက် မှုတသည်ဟုပြော၍မဖြစ်၊ လွန်ကျူးခြင်းသာ ဖြစ်သည်။

ဗိရုန္နာမ်ဝိညာဉ်ဝင်နေသော ဗုဒ္ဓဘုရားကိုဆည်းကပ်မိသူများသည် အစွဲကိုလည်း မသိနိုင်၊ လွန်ကျူးခြင်းကိုလည်း မသိနိုင်၊ လွန်ကျူးခြင်းကဖြစ်စေသော ဇာတ်ဝင်တရားများကိုလည်း မသိနိုင်၊ ဇာတ်ဝင်တရားများအပေါ်၌ အစွဲကိုလည်း မသိနိုင်ကြဘဲ ကိုယ်နှုတ်နှလုံးဆိုးသည်ကို လွန်ကျူး၊ ကိုယ်နှုတ်နှလုံး မဆိုးလျှင် လွန်ကျူးမဟုတ်ဟု သိတတ်ကြသည်။

ဘုံသုံးပါးကုသိုလ်ကံသင်္ခါရများသည် အဆိုးများမဟုတ်ကြသောကြောင့် ဤကံများသည် အကောင်းကံများ ဖြစ်သည်၊ ပြုလုပ်ပွားများအပ်သော ကံများဖြစ်သည်ဟု မှတ်ယူကြ၊ ကျင့်ပွားကြသည်၊ ဤကံများသည် အစွဲကိလေသာများက ဖြစ်စေသောကံများဖြစ်၍ အရူးများပြုလုပ်သောကောင်းမှုကဲ့သို့ အကောင်းစာရင်းမဝင်သော အကောင်းများဖြစ်သည်။

ဗုဒ္ဓဘုရားနာမ်ဝိညာဉ်ကိန်းဝပ်သော ဗုဒ္ဓဘုရားဆည်းကပ်သူများသည် အစွဲကဖြစ်စေသော ကိုယ်နှုတ်နှလုံး ကောင်းမှုများအား လူ့လောကအတွက် မမှုမတ ပျက်စီးရာပျက်စီးကြောင်းဖြစ်၍ လွန်ကျူးမှုအဖြစ် အသိပေးကြသည်၊ ဤအမှုများကို ရှောင်ကြဉ်မှု(ဝိရတီ)လုပ်ကြသည်။

ထို့ကြောင့် ကျင့်ပွားစရာအရိယဓမ္မ၏ တတိယအချက်အလက် သမ္မာဝါစာသည် ဘုံသုံးပါးဖြစ်သော ကာမကံများ ရူပကံများ အရူပကံများ၌ အကျိုးဝင်သောအပြောစကားများအား မိစ္ဆာဝါစာများအဖြစ်အသိပေး၍ ထိုအပြောစကားများကို စက်ဆုပ်ရွံရှာ နှလုံးနာမှုများဖြစ်ပြီး ဤစကားများမှလွတ်သော မှုတသောအပြောစကား အရိယဝစီကံများကို အရကောက်ရသည်။

ဤမှုတသောအပြောစကား အရိယဝစီကံများကိုဖြစ်စေသော အကြောင်းများသည် ကျင့်ပွားစရာအရိယဓမ္မ၏

ပထမနှင့်ဒုတိယအချက်အလက်ဖြစ်သော သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပများမဟုတ်ပါလား၊ ဤအချက်အလက်များသည် ဘုံသုံးပါးကံများကဖြစ်စေသော ကံဇာတ်ဝင်တရားများ၌ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာများထင်၍ ငါ့ဥစ္စာ ငါ ငါ့ကိုယ်အတ္တအနှစ်သာရ အမှတ်အထင်အမြင် အလိမ်များမရှိဖြစ်ပြီး လူ့လောကနှင့်လျော်သော မှန်မှန်တတပြောဆိုဖို့ အမှတ်အသိ အမြင်များဖြစ်သည်။

ကျင့်ပွားစရာအရိယဓမ္မ၏ ပထမအချက်အလက်၌ ဤအမြင်များသည် အဘယ်မှရသနည်း မေးဘွယ်ရှိပြန်သည်၊ အဖြေမှာ ကျင့်ပွားစရာအရိယဓမ္မ၏ အဋ္ဌမအချက်အလက်ဖြစ်သော သမ္မာသမာဓိကဖြစ်စေသည်ဟု ဖြေရသည်၊ ကျင့်ပွားစရာအရိယဓမ္မ၏ အဋ္ဌမအချက်အလက်သည် ဆဋ္ဌမ၊ သတ္တမအချက်အလက်များဖြစ်ကြသော သမ္မာဝါယာမ သမ္မာသတိတို့၏အကူအညီဖြင့် တတိယ၊ စတုတ္ထ၊ ပဉ္စမအချက်အလက်များ ဖြစ်ကြသော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့၏ ဝိရမိတဖွဖြစ်သော မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝကံသင်္ခါရများ၏ လက္ခဏာများ၌ လက္ခဏူပနိဇ္ဈာနစျာန်များ ပွားဖန်များ၍ အဘိညာဉ်အသိများဖြစ်ကြသည်၊ ဤအဘိညာဉ်အသိများသည် ကျင့်ပွားစရာအရိယဓမ္မ၏ ပထမအချက်အလက်ကို အမြင်မှန်ဖြစ်စေသည်။

ပထမအချက်အလက် အမြင်မှန်မှုတမှု၏အစသည် အရိယာတို့၏ညွှန်ပြချက်အရ မှုတသော အပြောစကား သမ္မာဝါစာကို ကျင့်ရာမှဖြစ်သည်၊ စကားမှုတအောင်ပြောသူသည် အလုပ်မှုတအောင်လုပ်စေသူကိုဖြစ်စေသည်၊ အလုပ်မှုတအောင်လုပ်သူသည်လည်း အနေအထိုင်ဟန်ပန်များကို မှုတစေသည်၊ အနေမှုတမှုကလည်း ကြိုးစားမှုများကို မှုတစေသည်၊ ကြိုးစားထကြွမှု မှန်မှုတတရှိခြင်းသည် နိုးနိုးကြားကြားသတိထား မှုတမှုရှိသူ ဖြစ်သည်၊ သတိထားမှုမှုတသူသည် စျာန်သမာဓိဖြစ်စေမှု၌ မှုတသောစျာန်သမာဓိများကို ဖြစ်စေသည်။

မှုတသောစျာန်သမာဓိသည် မမှုမတ လွန်လွန်ကျူးကျူး ပြောဆိုပြုမူနေထိုင်မှုများ၏ ဇာတ်ဝင်မှားပြီး အစွဲများဖြစ်ကြပုံနှင့် အမြင်မှားများက လွန်ကျူးမှုကို ဖြစ်စေပုံအပြင် အမြင်မှားကို အစွဲများကဖြစ်စေခြင်းများအထိ အလုံးစုံကို ထုးထုးကဲကဲ အသိများကိုဖြစ်ပေါ်ပြီး မမှုတသောအပြောအပြုအနေများအား စက်ဆုပ်ရွံရှာ နှလုံးနာစေသည်။

ထို့ကြောင့် မှုတသောပြောဆိုပြုမူနေထိုင်မှုများသာ လူ့လောက၏ ပြောစရာ ပြုစရာနှင့် နေစရာများဖြစ်သည်ဟု အမှန်အမြင်သမ္မာဒိဋ္ဌိဖြစ်သော ကျင့်ပွားစရာအရိယဓမ္မ၏ ပထမအချက်အလက် ပြန်ဖြစ်သည်၊ ကျင့်ပွားရမည့်အရိယဓမ္မ အချက်အလက်ရှစ်ခုသည် တစ်ခုကိုတစ်ခုငြိပြီး ရှစ်ခုတစ်ပြိုင်တည်း လည်ပတ်နိုးထလာကြသည်။

ထို့ကြောင့် ကျင့်ပွားစရာအရိယဓမ္မ အချက်အလက်ရှစ်ခု၌ ပထမအချက်အလက်၏ အမြင်ခံသည် ရုပ်ဓာတ် နာမ်ဓာတ်တို့၏ သဘာဝအလျောက် ဖြစ်ပြီးပျက်ကြ၍ ဤရုပ်နာမ်များသည် အရှိမဟုတ်ကြဘဲ ရုပ်နာမ်အဖြစ်အပျက်များ ငြိမ်းရာဖြစ်သည်ဟူသော အမြင်ခံများမဟုတ်ကြဘဲ ကာမအကုသိုလ်ကံသင်္ခါရများ ကာမကုသိုလ်ကံသင်္ခါရများ ရူပကုသိုလ်ကံသင်္ခါရ များ အရူပကုသိုလ်ကံသင်္ခါရများရှိသည်၊ ဤကံသင်္ခါရများကဖြစ်စေသော ကံဇာတ်ဝင်တရားများသည် လူ့အသိက ဖြစ်စေသောတရားမဟုတ်ဘဲ ရှေးကကံဇာတ်ဝင်တရားများကိုစွဲ၍ဖြစ်သော အစွဲက ဖြစ်စေလိုက်သော အသိအမြင်များကလည်း ကံသင်္ခါရများကိုဖြစ်စေသည်၊ ဤသို့အဖြစ်ခံရသော အရာများသာဖြစ်သည်၊ ဤဇာတ်ဝင်တရားများ၏အဖြစ်အပျက်ကို အရှိအမှန်အတိုင်းမြင်ရာမှ ကာမအာရုံ ရူပအာရုံ အရူပအာရုံများအား ပြန်လှန်တုံ့ပြန်ရာ၌ မှန်မှုတတ တုံ့ပြန်မှုဆိုင်ရာအမြင်များသာ ပထမအချက်၏ အမြင်ခံအာရုံများဖြစ်သည်။

ကျင့်ပွားစရာအရိယမဂ္ဂ ဒုတိယအချက်အလက် သမ္မာသင်္ကပ္ပအရသည် ပထမအချက်အလက်ကမြင်သော အာရုံ၌ စိတ်ကိုတွေးခေါ်ကြံဆစေချက်ဖြစ်သည်။

ကျင့်ပွားစရာအရိယမဂ္ဂ တတိယအချက်အလက်အရသည် ကာမ ရူပ အရူပ ကံသံသရာမြောက်သော စကားအပြောအဆိုကို ရှောင်ရှား၍ အရိယကံမြောက်သော စကားအပြောအဆို ဖြစ်သည်၊ ဤအရသည် သမ္မာဝါစာအရဖြစ်သည်။

ကျင့်ပွားစရာအရိယမဂ္ဂ စတုတ္ထအချက်အလက်အရသည် ဒုစရိုက်ဖြစ်သော ကိုယ်အပြုအမူဖြစ်စေ၊ သုစရိုက်ဖြစ်သော ကိုယ်အပြုအမူဖြစ်စေ၊ ကာမ ရူပ အရူပ ကံသံသရာမြောက်သော ကိုယ်အပြုအမူမှန်သမျှသည် မမွေ့လျော်စွာ ရွံရှာစက်ဆုပ်၍ အရိယကံမြောက်သော မှူတသောကိုယ်အပြုအမူများ ပြုလုပ်ခြင်းဖြစ်သည်။

## သမ္မာအာဇီဝဟူသည်

ကျင့်ပွားရမည့် အရိယမဂ္ဂ ပဥ္စမအချက်အလက်ဖြစ်သော သမ္မာအာဇီဝ၏အရသည် ဒုစရိုက်ဒုရာဇီဝဖြစ်သော ကုန်သွယ်လယ်လုပ်ရှောင်သော ကောင်းသောကုန်သွယ်လယ်လုပ်ခြင်းလောက်မဟုတ်ကြဘဲ ဒုစရိုက်ဒုရာဇီဝနှင့် သုစရိုက်သုရာ ဇီဝဖြစ်သော်လည်း ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်ကံသံသရာမြောက်သော အသက်မွေးမှုအမျိုးမျိုးရှိနိုင်သည်၊ ဤသို့သော သက်ဝင်ရှင်သန်မှုများသည် မနောကံမြောက်သော ကာမရူပအရူပ ကံသံသရာများဖြစ်သည်။

ဤနေထိုင်မှုများသည် အပြောအလုပ်တို့ကဲ့သို့ ဘာမျှလှုပ်ရှားမှုမရှိ၍ ကံမြောက်သည်ဟု မထင်စရာဖြစ်သည်၊ ဘာမျှမလုပ်ဘဲနေထိုင်မှုပင်ဖြစ်သော်လည်း ဤသို့နေထိုင်မှုဟန်ပန်၏ အကြောင်းအမြင်အတွေးသည် သမ္မာသောအမြင်အတွေး များမဟုတ်ကြဘဲ မိစ္ဆာဒိဋ္ဌိနှင့် မိစ္ဆာသင်္ကပ္ပများဖြစ်ကြလျှင် ယင်းအကြောင်းများကဖြစ်စေသော အနေအထိုင် ငုတ်တုတ်ငိုင်တိုင် ဖြစ် ချင်ဖြစ်စေ၊ ဤအနေသည်ပင် ကာမ ရူပ အရူပ မနောကံသံသရာမြောက်သည်။

ဤကာမကံသံသရာ ရူပကံသံသရာ အရူပကံသံသရာများဖြစ်သော မနောကံသံသရာများ စက်ဆုပ်ရွံရှာ၍ ဤကံသံသရာမှလွတ်သော မှူမှူတတနေထိုင်မှု သက်ဝင်ရှင်သန် ဟန်ပန်အမျိုးမျိုးသည် သမ္မာအာဇီဝဖြစ်သည်။

ကျင့်ပွားစရာအရိယမဂ္ဂ၏ ဆဋ္ဌမအချက်အလက် သမ္မာဝါယာမ၏အရသည် ရုပ်နာမ်အာရုံနှင့် ရုပ်နာမ်အာရုံများ၏ အဖြစ်အပျက်အာရုံများ၌ စိတ်ကိုကင်းလွတ်နေပြီး ပညတ်အာရုံတစ်မျိုး၌ စိတ်ဖြစ်ပွားနေလျှင် ဤဖြစ်ပွားချက်ပယ်၍ဖြစ်ဖြစ်၊ ဤသို့မဖြစ်ပွားလျှင် မဖြစ်ပွားရန်နှင့် ရုပ်နာမ်နှင့် ယင်း၏ဖြစ်ပျက်အာရုံများ၌ မဖြစ်ပွားလျှင်ဖြစ်ပွားရန်နှင့် ဖြစ်ပွားလျှင် တိုးပြီးဖြစ်ပွားရန် အားထုတ်ခြင်းအဖြစ် အသိမှားခံရသည်၊ ဤအသိခံရချက်သည် ဗိရုနနာမ်ဝိညာဉ်ဘုရား၏ ပြုစားချက်များဖြစ်သည်။

ဗုဒ္ဓဘုရား၏ အရိယနာမ်ဝိညာဉ်ရှိသော ဗုဒ္ဓဘုရား၏တပည့်သည် အရိယတရားကိုသိသည်၊ အရိယတရားသည် အချက်အလက်တစ်ခုနှင့်တစ်ခု ဆက်လျက်ရှိသည်၊ အရိယမဂ္ဂသီလဆိုင်ရာ အချက်အလက်သုံးခု၌ ဝိရမိတဗ္ဗဖြစ်သော ကာမ ရူပ အရူပကံသံသရာမြောက်သော အပြောအပြုအနေများကို ရှောင်ရှားကျင့်ခဲ့သည်၊ ဤရှောင်ရှားစရာ ဝိရမိတဗ္ဗ ဘုံသုံးပါး ကံသံသရာအပြောအပြုအနေများ ဖြစ်ပွားနေသည်ကိုတွေ့ရလျှင် ပယ်ထုတ်ဖို့ အားထုတ်စရာတရားများဖြစ်သည်၊ မဖြစ်လျှင်မဖြစ်အောင်

ဝါယာမထား အားထုတ်ဖို့ဖြစ်သည်၊ ဝိရမိတဗ္ဗဖြစ်သော ဘုံသုံးပါးကံသင်္ခါရ အပြောအပြုအနေများကိုရှောင်ရှား၍ ပြောပြုနေခြင်း၊ ဝိရတီအရိယကံမြောက်သော အပြောအပြုအနေများ မဖြစ်ပွားလျှင်ဖြစ်ပွားဖို့နှင့် ဖြစ်ပွားလျှင် ဆထက်ထမ်းပိုးတိုး၍ဖြစ်ပွားအောင် ဝါယာမထား အားထုတ်ရခြင်းကို အရယူမည်ဖြစ်သည်။

ကျင့်ပွားရမည့်အရိယတရား သတ္တမအချက်အလက် သမ္မာသတိအရသည် အပြောအပြုအနေများကို ပြောပြုနေများဖြစ်စေရာ၌ မမေ့မလျော့ဖြစ်ဖို့ အရိယာများကသတိပေးကြသည်၊ မမေ့မလျော့ခြင်းသည် ဇာတိ ဇရာမရဏမဖြစ်ရခြင်း၏ အကြောင်းဖြစ်သည်၊ မေ့လျော့ခြင်းသည် ဇာတိ ဇရာမရဏဖြစ်ခြင်း၏ အကြောင်းဖြစ်သည်ဟု အသိပေးကြသည်၊ ဇာတိ ဇရာမရဏဖြစ်သည်မှာ ဘုံသုံးပါးကံဖြစ်သော ကာမ ရူပ အရူပ သင်္ခါရကံများဖြစ်၍ပင်ဖြစ်သည်၊ ဤသို့ဖြစ်သည်မှာ ကံသင်္ခါရတို့၏ အပျက်သဘာဝမှာ မေ့လျော့၍ဖြစ်သည်၊မေ့လျော့ခြင်းဟူသည် ပျော်မြူးယစ်မူးနေခြင်း၏ အမည်ဖြစ်သည်၊ အပြောအပြုအနေများဖြစ်စေရာ၌ ကံသင်္ခါရမဖြစ်ဖို့ မမေ့ရမည်မှာ အပြောအပြုအနေတို့၌ ယစ်မူးလျက် မဖြစ်စေရန်ဖြစ်သည်၊ ယစ်မူး၍ ပြောပြုနေဖြစ်စေလျှင် ပြောပြုနေလုပ်စရာအာရုံ၌ အစွဲအမြင်ဖြင့်မြင်ပြီး ပြောပြုနေဖြစ်စေမိကာ ဘုံသုံးပါးတစ်ပါးပါး ကံသင်္ခါရဖြစ်စေကြောင်း ဖြစ်သည်။

ထို့ကြောင့် ဤကျင့်ပွားစရာအရိယဓမ္မ သတ္တမအချက်အလက်၌ သမ္မာသတိဖြစ်ရန် သတိထားရမည်မှာ ပြောပြုနေဖြစ်စေသောအာရုံများ၌ ယစ်မူးပြောပြုနေဖြစ်လျှင် ဘုံသုံးပါးကံကိုဖြစ်စေသော ဇာတ်ဝင်တရားများ၏ အစွဲကမြင်သော အမြင်ဖြင့် အာရုံများကိုမြင်သည်၊ ဤအမြင်ဖြင့် အပြောအပြုအနေမဖြစ်စေဘဲ အာရုံများအားမမေ့လျော့ဘဲ လွန်ကျူးဇာတ်ဝင်များ၏ အစွဲကမြင်သော အလိုနှင့်အမျက်များဖြစ်သည်ကို ပယ်ဖျောက်၍ ပြောပြုနေအာရုံ၏ ပကတိအရှိအတိုင်းဖြစ်ဖို့ သတိထားခြင်းဖြစ်သည်။

ဗိရုနနာမ်ဝိညာဉ်ဝင်စားသော ဗုဒ္ဓဘုရားအား ဆည်းကပ်ကြရသူများသည် ဤသို့သတိထားရာ၌ သတိအထားခံရသော ကိုယ်ကာယ၊ ခံစားချက်၊ စိတ်ကူးစိတ်သန်း၊ သဘောတရားတစ်ပါးပါးတို့မှာ ကိုယ်ကာယ၊ ခံစားချက်၊ စိတ်ကူးစိတ်သန်း၊ သဘောတရားတို့၌ ပါဝင်သောရုပ်ဓာတ်နာမ်ဓာတ်တိုင်အောင်ကြည့်ပြီး ယင်းတို့၏ အဖြစ်အပျက်မြင်အောင် သတိထားစေလေသည်၊ ဤသတိထားမှုများသည် ရူပါရူပ ဂတိကံသင်္ခါရများကိုဖြစ်စေပြီး အရိယဓမ္မ သတ္တမအချက်အလက်သို့ မရောက်ပေ၊ အရိယဓမ္မအသိမရှိဘဲ သတိထားမှုပွားသောကြောင့် ဤသို့ ရူပါရူပကံများဖြစ်ကြရသည်။

ကျင့်ပွားရမည့်အရိယဓမ္မ အဋ္ဌမအချက်အလက် သမ္မာသမာဓိကြည့်ရန် ရုပ်နာမ်သဘာဝ၌ဖြစ်စေ၊ ယင်းတို့အဖြစ်အပျက်၌ဖြစ်စေ၊ စိတ်ကိုမရွှေ့အောင်ထားနိုင်ခြင်းအဖြစ် အသိခံရသည်၊ ဤသမာဓိသည် မိစ္ဆာသမာဓိသာဖြစ်သည်၊ ရုပ်နာမ်၌ဖြစ်စေ ယင်း၏အဖြစ်အပျက်၌ဖြစ်စေ စိတ်ကို အဘယ့်ကြောင့် မရွှေ့မလျှားတည်စေချင်ရသနည်း။

ဤရုပ်နာမ်အာရုံနှင့် ယင်း၏အဖြစ်အပျက်အာရုံသည် လွန်ကျူးချက်ကဖြစ်စေသော ဇာတ်ဝင်တရား၌ ဖြစ်သည့် အစွဲကြောင့်ဖြစ်သောအာရုံများ ဖြစ်ကြသည်၊ ဤအာရုံများ၌ စိတ်ကို မရွှေ့မလျှားအောင်ထားခြင်းဖြင့် အဘယ်အကျိုးကိုဖြစ်စေမည် နည်းဆိုသော် အဖြေမှာ မှားစရာကာမအာရုံများဝင်လာမည်ကိုမဖြစ်စေရန် အာရုံအဖြစ်ရပ်တည်သော တရားများဖြစ်မည်၊ ဤသို့ လွတ်သည်ကိုဖြစ်စေသော ရုပ်နာမ်အာရုံနှင့်ဖြစ်ပျက်အာရုံ၌ ငြိနေသည်ကိုသတိမမူနိုင်ဘဲ မေ့လျော့မှုများဖြစ်သော ဆိုးကျိုးများကိုဖြစ်စေမည်။

ဤ၌ ကာမအာရုံများဝင်မလာစေခြင်းသည် ကာမသညာပျက်ခြင်းဖြစ်၍ လူ့လောကအား ချို့တဲ့မှုကိုဖြစ်စေသော

ဆိုးကျိုးတစ်မျိုးဖြစ်သည်၊ ရုပ်နာမ်တို့၏ဖြစ်ပျက်အာရုံ၌ ငြိခြင်းကလည်း လူ့လောကအား ရူပသညာချို့တဲ့မှုကိုဖြစ်စေပြန်သောကြောင့် ဤသမာဓိကျင့်ပွားချက်သည်လည်း အရိယာအသိဖော်သူအား ပျောက်စေခြင်းဖြင့် မကျင့်ပွားအပ်သည်ကို ကျင့်ပွားမှားမိစေချက်သာ ဖြစ်သည်။

အမှန်တကယ်ကျင့်ပွားရမည့် အရိယဓမ္မသမာဓိမှာ မိမိရပ်တည်ခဲ့သော ဝါစာ ကမ္မန္တ အာဇီဝသီလဆိုင်ရာ ဝိရတီများ၏ ဝိရမိတဗ္ဗမှာရှိသော ပျက်စီးသည့်လက္ခဏာ၊ ဆိုးဝါးသည့်လက္ခဏာ၊ ကိုယ်လုပ်ထားချက်မဟုတ်သည့်လက္ခဏာများ ထင်လာနိုင်စေရန် ဝိရတီလုပ်မှု၌ စူးစူးစိုက်စိုက်စိတ်ထားရန်သာ ဖြစ်သည်။

ဤသို့ကျင့်ပွားသော သမ္မာသမာဓိအရိယမဂ္ဂင်သည် ဆောက်တည်ကျင့်ပွားခဲ့သော သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝသီလ အရိယမဂ္ဂင်များကို ဖျက်ဆီးတတ်သောဘေးများ၌ အသိထူးများဖြစ်ပေါ်လာကြမည်ဖြစ်သည်။

ဤသမ္မာသမာဓိအရိယမဂ္ဂင်ကျင့်ပွားသဖြင့် ဖြစ်ပေါ်လာသောအသိထူးမှာ ကျင့်ပွားသောဝိရတီများ၏ ဝိရမိတဗ္ဗများဖြစ်ကြသော ကာမ ရူပ အရူပ အပြောအပြုအနေအထိုင် ကံသင်္ခါရများ၏ အဖြစ်အပျက်ဆိုင်ရာ အသိများ သိလာခြင်းဖြစ်သည်၊ ဤသိလာသောအသိများ၌ ကံသင်္ခါရ၏အဖြစ်အပျက်များသည် အဘယ်သို့ဖြစ်သနည်းဆိုလျှင် ကံသင်္ခါရတို့၏ လည်ပတ်ဖြစ်ပွားမှုသံသရာကို သိခြင်းဖြစ်သည်၊ ကံသင်္ခါရက အဘယ်အဖြစ်ကိုဖြစ်စေသည်၊ ကံသင်္ခါရကဖြစ်စေသောအဖြစ်က ကံသင်္ခါရကိုဖြစ်စေသော ဘယ်အသိအမြင်မျိုးကိုပေါ်စေသည်၊ ဤသို့ပေါ်လာသောအသိအမြင်က ကံသင်္ခါရကိုဖြစ်စေသည်ဟူ၍ လည်ပတ်မှုဖြစ်သည်။

ဤသို့လည်ပတ်ဖြစ်ပွားကြရာ၌ ကံသင်္ခါရသည် တစ်မျိုးတည်းမဟုတ်ဘဲ အကုသိုလ်ကံသင်္ခါရ၊ ကာမကုသိုလ်ကံသင်္ခါရ၊ ရူပကုသိုလ်ကံသင်္ခါရ၊ အရူပကုသိုလ်ကံသင်္ခါရဟူ၍ အမျိုးမျိုးရှိသည်၊ ဤကံသင်္ခါရ၏ အကျိုးများသည်လည်း ကံသင်္ခါရအမျိုးမျိုးရှိသကဲ့သို့ပင် အကြောင်းများလည်း ထို့အတူပင် အမျိုးမျိုးရှိသည်။

အကုသိုလ်ကံသင်္ခါရနှင့် သူ့အကျိုးသူ့အကြောင်း၊ ကာမကုသိုလ်ကံသင်္ခါရ၊ ရူပကုသိုလ်ကံသင်္ခါရ၊ အရူပကုသိုလ်ကံသင်္ခါရတို့လည်း သူတို့၏အကျိုး သူတို့၏အကြောင်း ဖြစ်ကြသည်၊ ဤကံသင်္ခါရလေးမျိုးမှာလည်း အစိတ်အစိတ် အမျိုးမျိုးရှိနိုင်သည်၊ သူတို့နှင့် သူတို့အကျိုး သူတို့အကြောင်းများလည်း အတူဖြစ်ကြသည်။

ဤကံသင်္ခါရများ အမျိုးမျိုးဖြစ်သော်လည်း ဖြစ်ရာမှာ သုံးပါးပဲရှိသည်၊ နှုတ်ဝစီကံသင်္ခါရ ကိုယ်ကာယကံသင်္ခါရ စိတ်မနောကံသင်္ခါရတို့ဖြစ်ကြသည်၊ နှုတ်ဝစီကံသင်္ခါရကို မိစ္ဆာဝါစာ၊ ကိုယ်ကာယကံသင်္ခါရကို မိစ္ဆာကမ္မန္တ၊ စိတ်မနောကံသင်္ခါရကို မိစ္ဆာအာဇီဝများ၊ ဤသို့ခေါ်ရသည်။

ဤကံသင်္ခါရအားလုံးသည် အဘယ်ကြောင့် မိစ္ဆာများဖြစ်ရသနည်း၊ အဖြေမှာ ဤကံသင်္ခါရအားလုံးကို ဖြစ်စေသောအကြောင်းသည် တစ်ချိန်ကပြုပြီးသော ကံသင်္ခါရကဖြစ်စေသော ကံသင်္ခါရဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာတို့ကို ကိုယ့်ဟာအဖြစ် ကိုယ်အဖြစ် ကိုယ့်ကိုယ်အတ္တအဖြစ် သိမ်းပိုက်သည့် အစွဲကဖြစ်စေသည့် အသိအမြင်အလိုရမက်များဖြစ်ကြသောကြောင့် ဤကံသင်္ခါရများမှာ မိစ္ဆာဖြစ်ကြရခြင်းဖြစ်သည်။

မိစ္ဆာဖြစ်သည်ဆိုသော်လည်း ကာမကုသိုလ်ကံသင်္ခါရသည် အကုသိုလ်ကံသင်္ခါရထက်ကောင်းသည်ဟု

မှတ်ရမည်၊ ရူပကုသိုလ်ကံသင်္ခါရသည် ကာမကုသိုလ်ကံသင်္ခါရထက်၊ အရူပကုသိုလ်ကံသင်္ခါရသည် ကာမရူပကုသိုလ်ကံသင်္ခါရတို့ထက် ကောင်းကြသည်ဟု မှတ်စရာရှိကြသည်၊ ဤသို့ဖြစ်ကြသည်မှာ သူတို့အကြောင်းများအလျောက် ဖြစ်သည်၊ ဤအကြောင်းကောင်းသော်လည်း ဤအကောင်းသည် လူ့အသိဖြင့်ပြုလုပ်သောအကောင်းမဟုတ်ဘဲ အစွဲတရားကဖြစ်စေသော အကောင်းများဖြစ်သည်၊ ထို့ပြင်လည်း ဤအကြောင်းများ၏အကောင်းအမှတ်ခံရမှုမှာလည်း လူ့လောကအတွက် ဖြူစင်ဖြောင့်မတ်ခြင်းကိုဖြစ်စေသော မျှမျှတတရှိမှုနှင့် မှတ်ယူရခြင်းမဟုတ်ဘဲ အညံ့ထက်ကောင်းသည်ဟု အညံ့နှင့်မှတ်ယူရသော အကောင်းဖြစ်သောကြောင့် ဤကံသင်္ခါရများသည် မိစ္ဆာကံသင်္ခါရများ ဖြစ်ရခြင်းဖြစ်သည်။

## ကံလုပ်ခြင်းသည် လွန်ကျူးခြင်း

ထို့ကြောင့် ဤကံသင်္ခါရလေးမျိုး၌ တစ်မျိုးမျိုးဖြစ်ခြင်းသည် လွန်ကျူးခြင်းဖြစ်သည်၊ အကုသိုလ်ကံသင်္ခါရလွန်ကျူးသူသည် သူ့ကိုယ်သူလွန်ကျူးသည်ဟု မသိသူဖြစ်သည်၊ သူ့ကို ကုသိုလ်ကံသင်္ခါရလွန်ကျူးသူများကသာ လွန်ကျူးသူဟုသိကြသည်၊ ကာမကုသိုလ်ကံလွန်ကျူးသူလည်း သူ့ကိုယ်သူ မသိသူပင် ဖြစ်သည်၊ ရူပါရူပလွန်ကျူးသူများကသာ ကာမကုသိုလ်လွန်ကျူးသူကို လွန်ကျူးသူအဖြစ်သိကြသည်၊ ရူပကုသိုလ်ကံလွန်ကျူးသူလည်း ဤနည်းပင် ဖြစ်သည်၊ ကိုယ်တိုင်က လွန်ကျူးသည်ဟုမထင်ဘဲ အရူပကံလွန်ကျူးသူကသာ ရူပကံလွန်ကျူးသည်ဟု သိသည်၊ အရူပကုသိုလ်ကံလွန်ကျူးသူလည်း သူ့ကိုယ်သူလွန်ကျူးသူဟုမသိဘဲ အရိယာကသာ အရူပကံပြုသူကို လွန်ကျူးသူဟုသိသည်။

လွန်ကျူးဟူသောစကားသည် သင်္ခါရဖြစ်သည်ဟူသောစကားပင် ဖြစ်သည်၊ ကိုယ့်လွန်ကျူးမှု ကိုယ်မသိဟူသည် ကိုယ်ဖြစ်နေသောသင်္ခါရ ကိုယ်မသိဟူသည်ပင်၊ ကံသင်္ခါရသည် ရပ်နေသောအရာမဟုတ်ဘဲ ကံသင်္ခါရကြောင့် သင်္ခါရဇာတ်ဝင်ခန္ဓာများဖြစ်၊ သင်္ခါရဇာတ်ဝင်ခန္ဓာများက သင်္ခါရဖြစ်ဖို့ အကြောင်းအသိအမြင်အလိုရမက်များဖြစ်၊ ဤအသိအမြင်အလိုရမက်များက သင်္ခါရပြန်ဖြစ်ပြီး သင်္ခါရဝဲသြဃ ဖြစ်သည်။

ဤသင်္ခါရဝဲသြဃ၌ နစ်မြုပ်နေကြသူများသည် သင်္ခါရအလျောက် အဆိုးအကောင်းခြားနားကြသော်လည်း ရေနွေးမှာပြုတ်၊ မီးမှာဖုတ်သကဲ့သို့လည်း မဆိုးဝါး၊ လိုတရကဲ့သို့လည်း မကောင်းပေ၊ သင်္ခါရနှင့်အတူသာ ကောင်းကြဆိုးကြသောကြောင့် ကိုယ့်သင်္ခါရကိုယ် မသိကြခြင်းပင် ဖြစ်သည်၊ ဤသူများ တစ်ဦးနှင့်တစ်ဦးတူညီကြသည်မှာ သင်္ခါရဝဲသြဃမှာ နစ်မြုပ်ခြင်းက မလွတ်လပ်ကြခြင်းသာဖြစ်သည်။

သင်္ခါရဝဲသြဃ၌နစ်မြုပ်နေခြင်းသည် လူ၌ လူ့အသိစိတ်မရှိခြင်းဖြစ်သည်၊ လူ့အသိစိတ်သည် လူအချင်းချင်း၌ မျှတသော ပြေပြနေဖြစ်စေသော အသိစိတ်ဖြစ်သည်၊ ဤစိတ်မရှိသူများသည် အရှုးများပမာ ဘယ်အချိန်မှ စိတ်မချရသူများဖြစ်သည်။

ကျင့်ပွားရမည့်အရိယဓမ္မသည် လူ့လောကအားဆွဲနစ်နေသော သင်္ခါရဝဲသြဃကို ဖျောက်ဖျက်ပေးသော တစ်ခုတည်းသောအရာဖြစ်သည်၊ အရိယဓမ္မသည် သင်္ခါရဝဲသြဃမှ လွတ်လပ်ရန် ကျင့်ပွားရမည့်တရားဖြစ်သည်၊ ဤတရားသည်

သင်္ခါရဝဲသြဃ၏ဖြစ်တည်ပုံကို ပိုင်းခြားသိမှုကိုဖြစ်စေသည်။

သင်္ခါရဝဲသြဃဟူသည် လွန်ကျူးခြင်းယန္တရားဖြစ်ပွားမှုဖြစ်သည်၊ ဤအရာသည် လူ့လောကမှာ အဘယ်သို့ဖြစ်နေသနည်း၊ ဤမေးခွန်း၏အဖြေကို အရိယမဂ္ဂက ဖော်ထုတ်သည်။

အရိယမဂ္ဂသည် လေးဆင့်ရှိသည်၊ ပထမအဆင့်အရိယမဂ္ဂ၊ ဒုတိယ တတိယ စတုတ္ထအဆင့်အရိယမဂ္ဂ ဟူ၍ဖြစ်သည်၊ အရိယမဂ္ဂကဖော်ထုတ်ရမည့် သင်္ခါရဝဲသြဃဖြစ်သော လွန်ကျူးမှုယန္တရားသည် လေးမျိုးပြားသည်၊ ထို့ကြောင့် အရိယမဂ္ဂလည်း လေးဆင့်ပြားရမည်၊ ကာမအကုသိုလ်ကံသင်္ခါရဝဲသြဃ လွန်ကျူးမှုယန္တရား၏ ကံဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာတို့၏ အဖြစ်အပျက်များကို ပိုင်းခြားသိသောကြောင့် ယင်း၏အကြောင်း အဝိဇ္ဇာ တဏှာ ဥပါဒါန်ကံများပယ်ပြီး ကာမအကုသိုလ်ကံသင်္ခါရလွန်ကျူးမှုဝဲသြဃမှ လွတ်လပ်စေသော အရိယမဂ္ဂသည် ပထမ အဆင့်အရိယမဂ္ဂဖြစ်သည်၊ ဒုတိယ တတိယ စတုတ္ထအရိယမဂ္ဂတို့လည်း ဤအတူ ဒုတိယ တတိယ စတုတ္ထကံသင်္ခါရ ဝဲသြဃမှ လွတ်လပ်စေသည်။

အရိယမဂ္ဂ၏အချက်အလက်ရှစ်ခုကို အစုစုလျှင် သုံးစုရသည်၊ ဉာဏ်အစု ကံအစု ဈာန်အစုတို့ပင် ဖြစ်သည်၊ ပထမနှစ်ချက်သည် ဉာဏ်အစု၊ နောက်မှသုံးချက်သည် ကံအစု၊ နောက်ဆုံး သုံးချက်မှာ ဈာန်အစုဖြစ်သည်။

## အဘိသင်္ခါရကံ နှင့် ဝိသင်္ခါရကံ

အရိယမဂ္ဂ ကံအစုတို့၌ ပါဝင်သောတရားများကား သင်္ခါရကံများမဟုတ်ကြဘဲ သင်္ခါရကံများကို သတ်သော ဝိသင်္ခါရကံများဖြစ်သည်၊ ဝိသင်္ခါရကံသည် အရိယမဂ္ဂကံဖြစ်သည်။

အရိယမဂ္ဂ ဈာန်အစုတို့၌ ပါဝင်ကြသောတရားများသည် သင်္ခါရဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တို့၏ အကြောင်းအကျိုး အဖြစ်အပျက်များကိုသိသော တရားများဖြစ်ကြသည်။

အရိယမဂ္ဂ ဉာဏ်အစု၌ ပါဝင်ကြသောတရားများသည် ကံသင်္ခါရများကိုဖြစ်စေသော အဝိဇ္ဇာ တဏှာ ဥပါဒါန်များကို အကြွင်းမဲ့ပယ်ပြီး ဝိသင်္ခါရများကိုသိသော အသိတရားဖြစ်သည်။

ကျင့်ပွားရမည့်အရိယမဂ္ဂသည် ကံ၏အမည်ဖြစ်သည်၊ ဤကံသည် သင်္ခါရကံ မဟုတ်ဘဲ ဝိသင်္ခါရကံဖြစ်သည်၊ ဤဝိသင်္ခါရကံ၏အကြောင်းသည် သင်္ခါရကံ၏အကြောင်းကဲ့သို့ အဝိဇ္ဇာ တဏှာ ဥပါဒါန်များမဟုတ်ကြဘဲ အသိအမြင် အတွေးအခေါ်များဖြစ်ကြသည်၊ ဤဝိသင်္ခါရကံကဖြစ်စေသောအရာသည် သင်္ခါရကံ၏ဇာတ်ဝင်ခန္ဓာများမဟုတ်ကြဘဲ ဇာတ်ဝင်အစွဲကို ချုပ်စေသော ဝီရိယ သတိ သမာဓိတို့ဖြစ်ကြသည်။

ကျင့်ပွားရမည့်အရိယမဂ္ဂသည် ပိုင်းခြားအသိခံရမည့် သင်္ခါရကံစက်ဝန်းကို ပိုင်းခြားသိအောင် ကျင့်ပွားရမည့် အရိယမဂ္ဂဖြစ်သည်၊ အပယ်စွန့်ခံရမည့် တဏှာ မာန ဒိဋ္ဌိများကို ပယ်စွန့်အောင်ကျင့်ပွားရမည့် အရိယမဂ္ဂလည်းဖြစ်သည်၊ ဆိုက်ရောက်ရမည့် ကံသင်္ခါရစက်ဝန်းငြိမ်းရာသို့ ဆိုက်ရောက်အောင်ကျင့်ပွားရမည့် အရိယမဂ္ဂဖြစ်သည်။

ကျင့်ပွားရမည့်အရိယမဂ္ဂသည် ကံသင်္ခါရစက်ဝန်းများကို ပိုင်းခြားသိခြင်း၊ ကံသင်္ခါရစက်ဝန်း၏

အကြောင်းများကိုပယ်ခြင်း၊ ကံသင်္ခါရစက်ဝန်းငြိမ်းရာရောက်ခြင်းများ ဖြစ်စေသော်လည်း ကံသင်္ခါရစက်ဝန်း အမျိုးမျိုးပြားသောကြောင့် ကျင့်ပွားရမည့်အရိယဓမ္မ၏ အချက်အလက်ရှစ်ပါးအနက် တစ်ပါးတိုင်း၏ အနက်အဓိပ္ပာယ်သည်လည်း တစ်ခုနှင့်တစ်ခု ခြားနားကြမည်ဖြစ်သည်။

ကံသင်္ခါရအမျိုးမျိုးအနက် အကုသိုလ်ကံသင်္ခါရစက်ဝန်းကို ပိုင်းခြားသိအောင် ထိုအကုသိုလ်ကံသင်္ခါရ စက်ဝန်း၏ အကြောင်းကိုပယ်စွန့်အောင်နှင့် ထိုအကုသိုလ်ကံသင်္ခါရစက်ဝန်းများငြိမ်းရာ မျက်မှောက်ပြုနိုင်အောင် ကျင့်ပွားရမည့်အရိယဓမ္မသည် ကာမကုသိုလ်ကံသင်္ခါရစက်ဝန်းကို ပိုင်းခြားသိအောင်စသည်တို့အတွက် ကျင့်ပွားရမည့်အရိယဓမ္မများ မတူခြားနား ကွဲပြားကြမည်ဖြစ်သည်။

အကုသိုလ်ကံသင်္ခါရစက်ဝန်းကိုပိုင်းခြားသိဖို့ ယင်း၏အကြောင်းပယ်ဖို့နှင့် ယင်းတို့ငြိမ်းရာရောက်ဖို့ ကျင့်ပွားရမည့်အရိယဓမ္မသည် ပထမအရိယဓမ္မမှာပါဝင်သော အချက်အလက်များသာဖြစ်သည်၊ ကျင့်ပွားရမည့် ပထမအရိယဓမ္မမှာ ပါဝင်သောအချက်အလက်များသည် ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် ကံသင်္ခါရစက်ဝန်းများကို ပိုင်းခြားသိဖို့ ယင်းတို့၏ အကြောင်းပယ်ဖို့ ယင်းတို့၏ငြိမ်းရာရောက်ဖို့အတွက် အသုံးဝင်မည်မဟုတ်ပေ။

ဤနည်းအတူပင် ကာမကုသိုလ်ကံသင်္ခါရစက်ဝန်းကို သိဖို့ ပယ်ဖို့ ငြိမ်းရာရောက်ဖို့ ကျင့်ပွားရမည့် ဒုတိယအရိယဓမ္မသည်လည်း ကာမကုသိုလ်ကံသင်္ခါရစက်ဝန်းမှ တခြားကံသင်္ခါရစက်ဝန်းများကို သိဖို့ ပယ်ဖို့ ငြိမ်းရာရောက်ဖို့ ပွားရမည့်အရိယဓမ္မမဟုတ်ပေ၊ ကာမကုသိုလ်ကံသင်္ခါရကို သိဖို့ ပယ်ဖို့ ငြိမ်းရာရောက်ဖို့အတွက်သာ ပွားရသော အရိယဓမ္မဖြစ်သည်၊ ရူပကုသိုလ် အရူပကုသိုလ်ကံသင်္ခါရစက်ဝန်းကို သိဖို့ ပယ်ဖို့ ငြိမ်းရာရောက်ဖို့မှာလည်း သူ့အရိယဓမ္မနှင့် သူဖြစ်သည်။

အကုသိုလ်ကံသင်္ခါရစက်ဝန်းကိုသိဖို့ ပယ်ဖို့ ငြိမ်းရာရောက်ဖို့ ပွားရသော အရိယဓမ္မမှ ပထမအချက်ဖြစ်သော သမ္မာဒိဋ္ဌိသည် ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်ကံသင်္ခါရများ သိဖို့ ပယ်ဖို့ ငြိမ်းရာရောက်ဖို့ပွားရသော သမ္မာဒိဋ္ဌိတို့ တစ်ခုနှင့်တစ်ခု မတူခြားနားရှိကြသည်။

## အရိယဓမ္မ လေးမျိုး

ကျင့်ပွားရမည့်အရိယဓမ္မသည် အသိခံ အပယ်ခံ အဆိုက်ခံဖြစ်ရမည့် ကံသင်္ခါရလေးမျိုးရှိသည့်အလျောက် သိမှု ပယ်မှု ငြိမ်းရာရောက်မှုကိုပြုစေသော အရိယဓမ္မကလည်း လေးမျိုးရှိရသည်၊ ပထမအရိယဓမ္မ၏ ဓမ္မအင်္ဂါသမ္မာဒိဋ္ဌိသည် ပထမကံသင်္ခါရဖြစ်သော ကာမအကုသိုလ်ကံသင်္ခါရဇာတ်ဝင် ရုပ် ဝေဒနာ သင်္ခါရ ဝိညာဉ်နှင့် ယင်းတို့၏အကြောင်းများကို ပိုင်းခြားသိသောကြောင့် အကုသိုလ်ကံသင်္ခါရဖြစ်ကြောင်း တဏှာ မာန ဒိဋ္ဌိများကိုပယ်ပြီး အကုသိုလ်ကံသင်္ခါရ ဇာတ်ဝင်ခန္ဓာများငြိမ်းရာကို မျက်မှောက်ပြုသောအမြင်ဖြစ်သည်။

ဒုတိယအရိယဓမ္မ သမ္မာဒိဋ္ဌိသည် ကာမကုသိုလ်ကံသင်္ခါရဇာတ်ဝင် ရုပ်စသောခန္ဓာများကို အကြောင်းနှင့်တကွ ပိုင်းခြားသိသောကြောင့် ကာမကုသိုလ်ကံကိုဖြစ်စေသော တဏှာ မာန ဒိဋ္ဌိနှင့် ကာမကုသိုလ်ကံသင်္ခါရများကိုပယ်ပြီး

ကံဇာတ်ဝင်ခန္ဓာများငြိမ်းရာကို မျက်မှောက်ပြုသည်။

တတိယအရိယမဂ္ဂ သမ္မာဒိဋ္ဌိသည် ရူပကုသိုလ်ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို အကြောင်းနှင့်တကွ ပိုင်းခြားသိသောကြောင့် ရူပကုသိုလ်ကံသင်္ခါရ ရူပတဏှာမာနဒိဋ္ဌိပယ်စွန့်ပြီး ရူပကုသိုလ်ကံသင်္ခါရ ဇာတ်ဝင်ခန္ဓာများငြိမ်းရာကို မျက်မှောက်ပြုသောအမြင်ဖြစ်သည်။

စတုတ္ထအရိယမဂ္ဂ သမ္မာဒိဋ္ဌိသည် အရူပကုသိုလ်ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို ဤခန္ဓာများ၏ အကြောင်းနှင့်တကွ ပိုင်းခြားသိသောကြောင့် ဤအရူပကုသိုလ်ကံသင်္ခါရနှင့်အကြောင်းဖြစ်သော တဏှာမာနဒိဋ္ဌိများကိုပယ်ကာ အရူပကံသင်္ခါရ ဇာတ်ဝင်ခန္ဓာများငြိမ်းရာ မျက်မှောက်ပြုသောအမြင်ဖြစ်သည်။

ပထမအရိယမဂ္ဂအင်္ဂါ သမ္မာသင်္ကပ္ပသည် အကုသိုလ်ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို တဏှာ ဥပါဒါန် အကုသိုလ် ကံများကြောင့်ဖြစ်ကြောင်း၊ ပဋိစ္စသမုပ္ပာဒကိုသိပြီး အကုသိုလ်ကံသင်္ခါရနှင့် တဏှာမာနဒိဋ္ဌိအစွဲများပယ်ကာ အကုသိုလ်ကံသင်္ခါရ ဇာတ်ဝင်ခန္ဓာငြိမ်းရာ မျက်မှောက်ပြုစရာအာရုံ၌ အသိစိတ်ဓာတ်ကိုတက်စေသည်။

ဒုတိယအရိယမဂ္ဂအင်္ဂါ သမ္မာသင်္ကပ္ပသည် ကာမကုသိုလ်ကံသင်္ခါရကဖြစ်စေသော ဇာတ်ဝင်ခန္ဓာများသည် တဏှာ ဥပါဒါန် ကာမကံ ပဋိစ္စသမုပ္ပာဒ်ဖြစ်ကြောင်းသိပြီး ယင်း၏အကြောင်းများကိုပယ်သောကြောင့် ကာမကုသိုလ်ကံ ဇာတ်ဝင်ခန္ဓာများငြိမ်းရာအာရုံ၌ အတွေးအကြံများကိုဖြစ်စေသည်။

တတိယအရိယမဂ္ဂအင်္ဂါ သမ္မာသင်္ကပ္ပသည် ရူပကုသိုလ်ကံသင်္ခါရကဖြစ်စေသော ဇာတ်ဝင်ခန္ဓာများသည် တဏှာ ဥပါဒါန် ကံတို့၏ ပဋိစ္စသမုပ္ပာဒအဖြစ်သိပြီး ဤအကြောင်းများစွန့်ကာ ရူပကံဇာတ်ဝင်ခန္ဓာများငြိမ်းရာ၌ အတွေးအကြံများဖြစ်သည်။

စတုတ္ထအရိယမဂ္ဂအင်္ဂါ သမ္မာသင်္ကပ္ပသည် အရူပကံသင်္ခါရဇာတ်ဝင်ခန္ဓာများ၏ ပဋိစ္စကြောင့်ဖြစ်သော သမုပ္ပာဒကိုသိပြီး ယင်းအကြောင်းများပယ်ကာ အရူပကံဇာတ်ဝင်ခန္ဓာများငြိမ်းရာ၌ အတွေးအခေါ်ဖြစ်သည်။

ပထမအရိယမဂ္ဂအင်္ဂါ သမ္မာဝါစာသည် အကုသိုလ်ဆိုင်ရာ မိစ္ဆာဝါစာ ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို အဝိဇ္ဇာ တဏှာ အကုသိုလ်မိစ္ဆာဝါစာကံ ပဋိစ္စတရား၏ သမုပ္ပာဒဖြစ်ကြောင်းသိပြီး ဤခန္ဓာများအား တဏှာမာနဒိဋ္ဌိမငြိသောကြောင့် အကုသိုလ် မိစ္ဆာဝါစာ ကံသင်္ခါရဇာတ်ဝင်ခန္ဓာများငြိမ်းရာ သမ္မာဝါစာကိုပြောသော အရိယမဂ္ဂဖြစ်သည်။

ဒုတိယအရိယမဂ္ဂအင်္ဂါ သမ္မာဝါစာသည် ကာမကုသိုလ်ဆိုင်ရာ မိစ္ဆာဝါစာ ဇာတ်ဝင်ရုပ်စသောခန္ဓာများကို အဝိဇ္ဇာ တဏှာ ဥပါဒါန် ကာမကုသိုလ်အပြောစကား မိစ္ဆာဝါစာကံများကြောင့် အဖြစ်တရားဟုသိပြီး ဤအကြောင်းများ၌ မငြိသောကြောင့် ကာမကုသိုလ်မိစ္ဆာဝါစာ ကံဇာတ်ဝင်ခန္ဓာများငြိမ်းရာ သမ္မာဝါစာပြောသော အရိယမဂ္ဂဖြစ်သည်။

တတိယအရိယမဂ္ဂအင်္ဂါ သမ္မာဝါစာသည် ရူပကုသိုလ်စကားဆိုင်ရာ မိစ္ဆာဝါစာဇာတ်ဝင်ခန္ဓာများကို ရူပတဏှာ ကိလေသာကံတွေကြောင့် ဖြစ်သောအရာဟုသိပြီး ဤအကြောင်းများ၌မငြိဘဲ ရူပကုသိုလ်ကံ မိစ္ဆာဝါစာကံဇာတ်ဝင်များငြိမ်းဖို့ ရူပကြိယာ သမ္မာဝါစာကျင့်သော အရိယမဂ္ဂဖြစ်သည်။

စတုတ္ထအရိယမဂ္ဂအင်္ဂါ သမ္မာဝါစာသည် အရူပကုသိုလ်ဆိုင်ရာစကား မိစ္ဆာဝါစာဇာတ်ဝင်ခန္ဓာများကို အရူပတဏှာ ကိလေသာ ကံများကဖြစ်စေကြောင်းသိပြီး ဤအကြောင်းများ၌ ငါ့ဟာ ငါ ငါ့အမှန်အဖြစ် တဏှာမာနဒိဋ္ဌိများပယ်၍

အရူပကုသိုလ်ကံမိစ္ဆာဝါစာ ကံဇာတ်ဝင်များငြိမ်းဖို့ အရူပကြိယာ သမ္မာဝါစာစကားပြောသော အရိယဓမ္မဖြစ်သည်။

ပထမကျင့်ပွားစရာအရိယဓမ္မအင်္ဂါ သမ္မာကမ္မန္တသည် အကုသိုလ်မိစ္ဆာကမ္မန္တ ဇာတ်ဝင်ခန္ဓာများကို ကိလေသာအကုသိုလ်မိစ္ဆာကမ္မန္တ ကံသင်္ခါရကဖြစ်စေကြောင်းသိပြီး ဤခန္ဓာ၌ ငါ့ဟာ ငါ ငါ့ကိုယ် အစွဲ တဏှာမာနဒိဋ္ဌိများပယ်ကာ အကုသိုလ်မိစ္ဆာကမ္မန္တကံသင်္ခါရငြိမ်းရန် အကုသိုလ်ဆိုင်ရာ သမ္မာကမ္မန္တအဖြစ်ကျင့်သော အရိယဓမ္မဖြစ်သည်။

ဒုတိယကျင့်ပွားစရာအရိယဓမ္မအင်္ဂါ သမ္မာကမ္မန္တသည် ကာမကုသိုလ်မိစ္ဆာကမ္မန္တ ဇာတ်ဝင်ခန္ဓာများကို ကိလေသာမိစ္ဆာကမ္မန္တ ကုသိုလ်ကံသင်္ခါရကဖြစ်စေကြောင်းသိပြီး ဇာတ်ဝင်ခန္ဓာ၌ တဏှာမာနဒိဋ္ဌိများပယ်ကာ ကာမကုသိုလ် မိစ္ဆာကမ္မန္တ ကံသင်္ခါရငြိမ်းရန် ကျင့်ရသော အရိယဓမ္မဖြစ်သည်။

တတိယကျင့်ပွားစရာအရိယဓမ္မအင်္ဂါ သမ္မာကမ္မန္တသည် ရူပကုသိုလ်ကံသင်္ခါရ မိစ္ဆာကမ္မန္တ ဇာတ်ဝင်ခန္ဓာများကို ရူပတဏှာကိလေသာနှင့် ရူပကံသင်္ခါရ မိစ္ဆာကမ္မန္တကဖြစ်စေကြောင်းသိပြီး ဤရူပသင်္ခါရဇာတ်ဝင်ခန္ဓာများ၌ တဏှာမာနဒိဋ္ဌိများမကပ်ဘဲ ရူပကံသင်္ခါရငြိမ်းရန် ကျင့်ရသော အရိယဓမ္မအင်္ဂါဖြစ်သည်။

စတုတ္ထကျင့်ပွားစရာအရိယဓမ္မ သမ္မာကမ္မန္တအင်္ဂါသည် အရူပကုသိုလ်သင်္ခါရ မိစ္ဆာကမ္မန္တ ဇာတ်ဝင်ခန္ဓာများကို အရူပတဏှာကိလေသာနှင့် အရူပကံကဖြစ်စေကြောင်းသိပြီး ဤခန္ဓာ၌ ငါ့ဟာ ငါ ငါ့ကိုယ် တဏှာမာနဒိဋ္ဌိမကပ်ငြိဘဲ အရူပမိစ္ဆာကမ္မန္တကံသင်္ခါရငြိမ်းရန် ကျင့်ရသော အရိယဓမ္မအင်္ဂါဖြစ်သည်။

ပထမကျင့်ပွားစရာအရိယဓမ္မအင်္ဂါ သမ္မာအာဇီဝသည် အကုသိုလ်မိစ္ဆာအာဇီဝ ကံဇာတ်ဝင်ခန္ဓာများကို အကုသိုလ် မိစ္ဆာအာဇီဝ ကံသင်္ခါရကဖြစ်စေကြောင်းသိပြီး ဤခန္ဓာ၌ တဏှာမာနဒိဋ္ဌိများမစွဲငြိဘဲ အကုသိုလ်မိစ္ဆာအာဇီဝ ကံသင်္ခါရငြိမ်းရန် ပွားရသော အရိယဓမ္မအင်္ဂါဖြစ်သည်။

ဒုတိယကျင့်ပွားစရာအရိယဓမ္မအင်္ဂါ သမ္မာအာဇီဝသည် ကာမကုသိုလ်မိစ္ဆာအာဇီဝ ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို တဏှာ ဥပါဒါန် ကာမကုသိုလ်ကံသင်္ခါရ မိစ္ဆာအာဇီဝများကဖြစ်စေကြောင်းသိပြီး ဤခန္ဓာ၌ တဏှာမာနဒိဋ္ဌိများမငြိဘဲ ကာမကုသိုလ် မိစ္ဆာအာဇီဝငြိမ်းဖို့ ပွားရသော အရိယဓမ္မအင်္ဂါဖြစ်သည်။

တတိယကျင့်ပွားစရာအရိယဓမ္မအင်္ဂါ သမ္မာအာဇီဝသည် ရူပကုသိုလ်ကံသင်္ခါရမိစ္ဆာအာဇီဝ ဇာတ်ဝင်ခန္ဓာများကို ရူပတဏှာ ရူပကုသိုလ်သင်္ခါရ မိစ္ဆာအာဇီဝကံကဖြစ်စေကြောင်းသိပြီး ဤခန္ဓာ၌ တဏှာမာနဒိဋ္ဌိများမငြိဘဲ ရူပကုသိုလ်ကံသင်္ခါရ မိစ္ဆာအာဇီဝငြိမ်းရာ မျက်မှောက်ပြုရန် ကျင့်ရသော အရိယဓမ္မအင်္ဂါဖြစ်သည်။

စတုတ္ထကျင့်စရာအရိယဓမ္မအင်္ဂါ သမ္မာအာဇီဝသည် အရူပကုသိုလ်ကံသင်္ခါရ မိစ္ဆာအာဇီဝ ဇာတ်ဝင်ခန္ဓာများကို အရူပတဏှာကိလေသာနှင့် အရူပကံ မိစ္ဆာအာဇီဝသင်္ခါရကဖြစ်စေကြောင်း သိပြီး ဤခန္ဓာ၌ ငါ့ဟာ ငါ ငါ့ဥစ္စာဟု တဏှာမာနဒိဋ္ဌိ သံသရာချဲ့ အစွဲများမဖြစ်ဘဲ အရူပကုသိုလ် မိစ္ဆာအာဇီဝ ကံသင်္ခါရငြိမ်းဖို့ ကျင့်ရသော အရိယဓမ္မအင်္ဂါဖြစ်သည်။

ပထမအရိယကျင့်ပွားစရာ အရိယဓမ္မအင်္ဂါ သမ္မာဝါယာမသည် အကုသိုလ် မိစ္ဆာဝါယာမ ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို တဏှာအကုသိုလ် မိစ္ဆာဝါယာမကံသင်္ခါရများက ဖြစ်စေကြောင်းသိ၍ ဤခန္ဓာ၌ တဏှာမာနဒိဋ္ဌိမငြိဘဲ အကုသိုလ်မိစ္ဆာဝါယာမကံသင်္ခါရငြိမ်းဖို့ ပွားရသော အရိယဓမ္မအင်္ဂါဖြစ်သည်။

ဒုတိယအရိယာများကျင့်ပွားစရာ အရိယမဂ္ဂအင်္ဂါ သမ္မာဝါယာမသည် ကာမကုသိုလ် မိစ္ဆာဝါယာမ ကြောင့်ဖြစ်သော ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို ကာမကုသိုလ် တဏှာကိလေသာနှင့် ကံကြောင့်ဖြစ်ကြောင်းသိပြီး ဤခန္ဓာ၌ တဏှာမာနဒိဋ္ဌိအစွဲမဝင်ဘဲ မိစ္ဆာဝါယာမကြောင့်ဖြစ်သော ကာမကုသိုလ်ကံသင်္ခါရငြိမ်းဖို့ ကျင့်ရသောအကျင့် အရိယမဂ္ဂအင်္ဂါဖြစ်သည်။

တတိယအရိယကျင့်ပွားစရာ အရိယမဂ္ဂအင်္ဂါ သမ္မာဝါယာမသည် မိစ္ဆာဝါယာမကဖြစ်စေသော ရူပကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို ရူပတဏှာကိလေသာနှင့် ရူပကံများကြောင့် ဖြစ်ကြောင်းသိပြီး ဤခန္ဓာ၌ တဏှာမာနဒိဋ္ဌိ ငါ့ဟာ ငါ ငါ့ကိုယ်အဖြစ် မစွဲဘဲ မိစ္ဆာဝါယာမကဖြစ်သော အရူပကံသင်္ခါရငြိမ်းဖို့ ကျင့်ရသော အရိယမဂ္ဂအင်္ဂါဖြစ်သည်။

စတုတ္ထအရိယာများကျင့်ပွားစရာ အရိယျမဂ္ဂအင်္ဂါ သမ္မာဝါယာမသည် မိစ္ဆာဝါယာမကဖြစ်စေသော အရူပကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို အရူပတဏှာကိလေသာနှင့် အရူပကံကြောင့် ဖြစ်ကြောင်းသိပြီး ဤခန္ဓာ၌ ဤဟာ ငါ့ဟာ ငါ ငါ့ကိုယ်ဟုအစွဲမဖြစ်ဘဲ မိစ္ဆာဝါယာမကဖြစ်စေသော အရူပကံသင်္ခါရငြိမ်းရာဖြစ်ဖို့ ကျင့်ရသောအရိယမဂ္ဂအင်္ဂါဖြစ်သည်။

ပထမအရိယာကျင့်ပွားစရာ အရိယမဂ္ဂအင်္ဂါ သမ္မာသတိသည် ပမာဒပွား၍ဖြစ်သော အကုသိုလ်ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို ကာမအကုသိုလ်ကိလေသာ တဏှာနှင့် အကုသိုလ်ကံသင်္ခါရကဖြစ်စေကြောင်းသိပြီး ဤခန္ဓာများ၌ တဏှာမာနဒိဋ္ဌိအစွဲများမဝင်ဘဲ ပမာဒကဖြစ်စေသော အကုသိုလ်ကံသင်္ခါရငြိမ်းဖို့ ကျင့်ရသော အရိယမဂ္ဂအင်္ဂါ ဖြစ်သည်။

ဒုတိယအရိယာကျင့်ပွားစရာ အရိယမဂ္ဂအင်္ဂါ သမ္မာသတိသည် ပမာဒကြောင့်ဖြစ်သော ကာမကုသိုလ်ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို ကာမတဏှာ ကိလေသာနှင့် ကာမကုသိုလ်ကံကြောင့်ဖြစ်ကြောင်းသိပြီး ဤခန္ဓာများ၌ ငါ့ဟာ ငါ ငါ့ကိုယ်ဟုမစွဲငြိဘဲ ပမာဒကဖြစ်စေသော ကာမကုသိုလ်ကံသင်္ခါရငြိမ်းဖို့ ကျင့်ရသော အရိယမဂ္ဂအင်္ဂါဖြစ်သည်။

တတိယအရိယာကျင့်ပွားစရာ အရိယမဂ္ဂအင်္ဂါ သမ္မာသတိသည် ပမာဒကြောင့်ဖြစ်သော ရူပကုသိုလ်ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို ရူပတဏှာကိလေသာနှင့် ရူပကံကဖြစ်ကြောင်းသိပြီး ဤခန္ဓာများ၌ ငါ့ဟာ ငါ ငါ့ကိုယ်ဟု အစွဲများမကပ်ဘဲ ပမာဒကဖြစ်စေသော ရူပကံသင်္ခါရငြိမ်းဖို့ ကျင့်ရသော အရိယမဂ္ဂအင်္ဂါဖြစ်သည်။

စတုတ္ထအရိယာကျင့်ပွားစရာ အရိယမဂ္ဂအင်္ဂါ သမ္မာသတိသည် မေ့လျော့မှု ပမာဒကြောင့်ဖြစ်သော အရူပကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို ကိုယ်မရှိရာငြိသော တဏှာ ကိလေသာနှင့် အရူပကံသင်္ခါရကဖြစ်စေကြောင်းသိပြီး ဤခန္ဓာများ၌ ငါ့ဟာ ငါ ငါ့ကိုယ်ဟု အစွဲများမကပ်ဘဲ ပမာဒကဖြစ်စေသော အရူပကံသင်္ခါရငြိမ်းဖို့ ကျင့်ရသော အရိယမဂ္ဂအင်္ဂါဖြစ်သည်။

ပထမအရိယာကျင့်စရာ အရိယမဂ္ဂအင်္ဂါ သမ္မာသမာဓိသည် မိစ္ဆာသမာဓိကဖြစ်စေသော အကုသိုလ်ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို အကုသိုလ် ကာမတဏှာကိလေသာနှင့် အကုသိုလ်ကံသင်္ခါရကဖြစ်ကြောင်းသိပြီး ဤခန္ဓာများ၌ ငါ့ဟာစွဲ ငါစွဲ ငါ့ကိုယ်စွဲများမဝင်ဘဲ မိစ္ဆာသမာဓိကဖြစ်စေသော အကုသိုလ်ကံသင်္ခါရများငြိမ်းဖို့ ကျင့်ရသော အရိယမဂ္ဂအင်္ဂါဖြစ်သည်။

ဒုတိယအရိယာကျင့်စရာ အရိယမဂ္ဂအင်္ဂါ သမ္မာသမာဓိသည် မိစ္ဆာသမာဓိကဖြစ်စေသော ကာမကုသိုလ်ကံသင်္ခါရဇာတ်ဝင်ခန္ဓာများကို ကုသိုလ်ကာမတဏှာကိလေသာနှင့် ကာမကုသိုလ်ကံသင်္ခါရကဖြစ်စေကြောင်းသိပြီး ဤခန္ဓာများ၌ ငါ့ဟာစွဲ ငါစွဲ ငါ့ကိုယ်စွဲများမဝင်ဘဲ မိစ္ဆာသမာဓိကဖြစ်စေသော ကာမကုသိုလ်ကံသင်္ခါရများငြိမ်းဖို့ ကျင့်ရသော အရိယမဂ္ဂအင်္ဂါဖြစ်သည်။

တတိယအရိယာကျင့်ပွားစရာ အရိယမဂ္ဂအင်္ဂါ သမ္မာသမာဓိသည် မိစ္ဆာသမာဓိကဖြစ်စေသော ရူပကံသင်္ခါရ

ဇာတ်ဝင်ခန္ဓာများကို ရူပတဏှာကိလေသာနှင့် ရူပကံသင်္ခါရက ဖြစ်စေကြောင်းသိပြီး ဤခန္ဓာ၌ ငါ့ဟာစွဲ ငါစွဲ ငါ့ကိုယ်စွဲများ မဝင်ဘဲ မိစ္ဆာသမာဓိကဖြစ်စေသော ရူပကုသိုလ်ကံသင်္ခါရများငြိမ်းဖို့ ကျင့်ရသော အရိယဓမ္မအင်္ဂါဖြစ်သည်။

စတုတ္ထအရိယာကျင့်ပွားစရာ အရိယဓမ္မအင်္ဂါ သမ္မာသမာဓိသည် မိစ္ဆာသမာဓိကဖြစ်စေသော အရူပကံသင်္ခါရ ဇာတ်ဝင်ခန္ဓာများကို ဝိဘဝတဏှာကိလေသာနှင့် အရူပကံများကြောင့် ဖြစ်ကြောင်းသိပြီး ဤခန္ဓာများ၌ ငါ့ဟာစွဲ ငါစွဲ ငါ့ကိုယ်စွဲများမဝင်ဘဲ မိစ္ဆာသမာဓိကဖြစ်စေသော အရူပကံသင်္ခါရငြိမ်းဖို့ ကျင့်ရသော အရိယဓမ္မအင်္ဂါဖြစ်သည်။

ပထမအရိယာဖြစ်သော သောတာပတ္တိအရိယာက ကျင့်ပွားသော အရိယဓမ္မအင်္ဂါရှစ်ရပ်နှင့် ဤသို့ပွား၍ သိမြင်ချက်များ၊ ပယ်စွန့်ချက်များ၊ ဆိုက်ရောက်ချက်များ၊ ဒုတိယအရိယာဖြစ်သော သကဒါဂါမိအရိယာကကျင့်ပွားသော အရိယဓမ္မရှစ်ရပ်နှင့် ကျင့်၍ သိမြင်ချက်များ၊ ပယ်စွန့်ချက်များ၊ ဆိုက်ရောက်ချက်များ၊ တတိယအရိယာဖြစ်သော အနာဂါမိအရိယာက ကျင့်ပွားသော အရိယဓမ္မအင်္ဂါရှစ်ရပ်နှင့် ဤသို့ကျင့်၍ သိမြင်ချက်များ၊ ပယ်စွန့်ချက်များ၊ ဆိုက်ရောက်ချက်များ၊ စတုတ္ထအရိယာဖြစ်သော အရဟတ္တအရိယာကကျင့်ပွားသော အရိယဓမ္မအင်္ဂါရှစ်ရပ်နှင့် ဤသို့ပွား၍ သိမြင်ချက်များ၊ ပယ်စွန့်ချက်များ၊ ဆိုက်ရောက်ချက်များ တစ်ခုနှင့်တစ်ခု ခြားနားကြသည်ကို သိမြင်ကြရမည်။

အရိယာများကျင့်ပွားစရာ အချက်အလက် အင်္ဂါရှစ်ခုရှိသော အရိယဓမ္မကို ကျင့်ပွားကြပုံ သိခဲ့ရပြီးတဲ့နောက်မှာ ကျင့်ပွားစရာများကို ကျင့်ပွားခြင်းကြောင့် ပိုင်းခြားအသိခံစရာများကို ပြဖို့လိုအပ်ပါသည်။

ကျင့်ပွားစရာအရိယဓမ္မကို ကျင့်ပွားခြင်းကြောင့် ဘယ်ပိုင်းခြားသိစရာများကို ပိုင်းခြားသိသနည်း၊ ဤအဖြေသည် ခက်ခဲပါသည်၊ ဤအမေးကို အဖြေမထွက်နိုင်အောင် ပြုစားထားကြသောကြောင့်ဖြစ်ပါသည်၊ ပြုစားသူမှာ ဗိရုန္နနာမ်ဝိညာဉ်ဝင်စား ဗုဒ္ဓဘုရားပင် ဖြစ်ပါသည်။

ဗိရုန္နနာမ်ဝိညာဉ်သည် ဗုဒ္ဓဘုရားကိုပူးကပ်ပြီး လူ့လောကကို အမြင်တစ်ခုပြပါသည်၊ ဗိရုန္နနာမ်ဝိညာဉ်က ပြသော လောကအမြင်သည် ဤလူ့အဖြစ်သည် မမွေးမီများကပြုခဲ့သော အမှုကြောင့်ဖြစ်သည်ဆိုသည်နှင့် ဤလူပြုနေသော အမှုများသည် သေပြီးနောင်အဖြစ်များကို ဖြစ်စေမည်ဖြစ်သည်ဟူ၍ဖြစ်သည်၊ ဤအမြင်သည် ဗိရုန္နနာမ်ဝိညာဉ်က ပြသော လောကအမြင်ဖြစ်သည်။

ဤလောကအမြင်သည် ဗုဒ္ဓဘုရားဆည်းကပ်ကြသူများကို အရိယာတို့ပိုင်းခြားသိစရာကို ပိုင်းခြားမသိနိုင်စေခြင်းဖြစ်သည်၊ ဗုဒ္ဓဘုရားကို ဗုဒ္ဓဘုရားအဖြစ်ရောက်စေသည့် လောကအမြင်ဖြစ်သော ပဋိစ္စသမုပ္ပာဒ်ကို နားလည်မရအောင် ဖြစ်စေသည်၊ ပဋိစ္စသမုပ္ပာဒ်နားမလည်ခြင်းသည် ဗုဒ္ဓဘုရား၏နာမ်ဝိညာဉ်အား ဗုဒ္ဓသာဝကများ မဖူးမြင်ရခြင်းပင်ဖြစ်သည်။

## အကောင်းအမြင်ဒဿန နှင့် အမှုအမြင်ဒဿန

ဗိရုန္နနာမ်ဝိညာဉ်၏ လောကအမြင်ဒဿနသည် “လူသူသတ္တဝါများ ဘယ့်ကြောင့် ဘာကောင် များဖြစ်ကြသည်ကို ပြသော ဒဿန” ဖြစ်သည်၊ ဗုဒ္ဓဘုရားနာမ်ဝိညာဉ်၏ လောကအမြင်ဒဿနသည် လူသူသတ္တဝါများ ဘယ့်ကြောင့် ဘာကောင်ဖြစ်ကြောင်း အကောင်ဘလောင် အမြင်ပြဒဿနမဟုတ်ဘဲ “လူမှာ ဘယ်လိုဖြစ်နေသည်မှာ ဘယ်အမှုကို ပြု၍ဖြစ်သည်ဟု ပြသော

အမှုအမြင်ပြ ဒဿန" ဖြစ်သည်။

ဗိရှနုဒဿနနှင့် ဗုဒ္ဓဒဿနမှာ အကောင်ဒဿနနှင့် အမှုဒဿနအဖြစ် ခြားနားကြသည်၊ အကောင်ဒဿန၌ အကောင်မှာဖြစ်သမျှ ကောင်းကျိုးဆိုးပြစ်အားလုံး၏ လက်သည်တရားခံသည် အကောင်ဖြစ်သည်ဟု မြင်သောဒဿနဖြစ်သည်၊ ဤဒဿန၌ အဆိုးဖြစ်လျှင် အဆိုးဖြစ်စေသော အကောင်လူအား ဒဏ်ထားကြသည်၊ အကောင်းဖြစ်လျှင် အကောင်းဖြစ်စေသော အကောင်လူအား ဆုပေးကြသည်၊ ဤဒဿန၌ လူလုပ်သမျှအားလုံး လူအား တာဝန်ယူစေသည်၊ လူသားပဓာနဝါဒသည် ဤဒဿန၏ အစွယ်အပွားဖြစ်သည်၊ ဤဒဿနကို တစ်လောကလုံးက လက်ခံကြသည်၊ ဤဒဿန၌ လူကောင်းလူဆိုး ဘယ်သို့ဖြစ်လာသနည်းဟူသော ပြဿနာ၏ အဖြေသည် လူကောင်းလူဆိုးအဖြစ် ဖန်တီးလိုက်သော လူမမွေးမီကပြုခဲ့သော ကံဖြစ်လာသည်၊ ဤကံကပင် လူကို ဉစ္စာရှိ ဉစ္စာမဲ့၊ ပညာရှိ ပညာမဲ့၊ အာဏာရှိ အာဏာမဲ့၊ အခြံအရံရှိ အခြံအရံမဲ့၊ အနာရှိ အနာမဲ့ကို ဖြစ်စေသည်၊ ဤဒဿနသည် ပြုပြင်၍မရသော ဒဿနဖြစ်သည်၊ ပြုပြင်၍ရသလိုများမှာ ရှေးက ကံရှိ၍သာဖြစ်သည်၊ ကံမရှိလျှင် ပြုပြင်မှုရှိသော်လည်း မဖြစ်ဟုမြင်သော ဒဿနဖြစ်သည်၊ ကံမရှိ ဉာဏ်ရှိတိုင်းမွဲသည်ဟု ဆိုရိုးပြုကြသည်၊ ဖုတ်ပြီးသောအိုး ရွဲ့နေသည်ကို တည့်အောင်ပြုလျှင် ကွဲသည်သာအဖတ်တင်မည်လည်း ပြောကြသည်၊ ထို့ကြောင့် ဤဒဿနသည် တိုးတက်မှုကို မဖြစ်စေသော ဒဿနဖြစ်သည်။

ဗုဒ္ဓဘုရား၏ဒဿနသည် ဤမတိုးတက်သောဒဿနကို ဖောက်ထွက်သော ဒဿနဖြစ်သည်၊ တစ်လောကလုံးက လက်ခံထားသော ကံကို လူကလုပ်သည်ဟူသော အမြင်ကို ဘယ်သို့ဖောက်ထွက်သနည်း၊ ဗုဒ္ဓဘုရား၏ဒဿန၌ ကံသည် လူက လုပ်သော အရာမဟုတ်ဘဲ ကံကိုဖြစ်စေသောအရာသည် အစွဲဥပါဒါန် တဏှာကိလေသာဖြစ်သည်ဟု မြင်ပြသည်၊ ဤကိလေသာ သည်လည်း လူကပင်ဖြစ်စေသည်မဟုတ်လော ဟူသောအမေးကိုလည်း မဟုတ်ကြောင်းပြထားသည်၊ ဤကိလေသာများသည် အစွဲဥပါဒါန် တဏှာကိလေသာကြောင့်ဖြစ်သော ကံ၏အကျိုးအဖြစ်ဖြင့် ကံဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများ၌ အမှတ်၊ အသိ၊ အမြင်၊ ဖောက်ပြန်မှု (ပပဥ္စ)များက ဖြစ်စေသောအရာများဖြစ်သည်။

ကံက ကိလေသာဥပါဒါန်ကြောင့်ဖြစ်၊ ကိလေသာဥပါဒါန်က ကံအကျိုးခန္ဓာများအပေါ် အမှတ်၊ အသိ၊ အမြင် ဖောက်ပြန်မှုကြောင့်ဖြစ်၊ ကံအကျိုးခန္ဓာများက ကံကြောင့်ဖြစ်၊ ဤသို့ ကံစက်ဝန်းဖြစ်သည်၊ ကံ၌ ကိုယ်နှုတ်နှလုံး လှုပ်ရှားမှုများသည် လူ့အသိကဖြစ်စေသော လှုပ်ရှားမှုများမဟုတ်ကြဘဲ လှုပ်ရှားမှုကိုဖြစ်စေသော အသိသည် ကံဇာတ်ဝင်ခန္ဓာ၌ဖြစ်သော အစွဲအသိက ဖြစ်စေသော အသိသာဖြစ်သည်။

ဤအသိအမြင်ဒဿနသည် သိရန်အလွန်ခက်ခဲသော အသိအမြင်ဒဿနဖြစ်သည်၊ ကံစက်ဝန်းယန္တရားအတွင်း၌ နေကြသူများသည် ဤဒဿနအာရုံကို အာရုံခံနိုင်သော အာရုံခံအင်္ဂါမရှိကြသူများဖြစ်၍ သိရန်မလွယ်ခြင်းဖြစ်သည်၊ အရိယဓမ္မမျက်စိဖြစ်သော အာရုံခံအင်္ဂါ မျက်စိပေါက်ပြီးသူများသာ သိနိုင်သော အသိအမြင်ဒဿနဖြစ်သည်။

ဗိရှနုနာမ်ဝိညာဉ် အပူးအဝင်ခံနေရသော ဗုဒ္ဓဘုရားအား ဆည်းကပ်ကြသူများသည် ကံ၏ အကျိုးခန္ဓာဖြစ်သော ဥပါဒါန်တို့၏ အစွဲခံ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများကို မသိကြဘဲ ဤကံဇာတ်ဝင်ခန္ဓာများကို ဖြစ်စေသော ကံများကိုသာ သိကြသည်၊ ဤသို့ ကံကိုသိရာ၌လည်း အလွဲလွဲအချော်ချော် သိကြသည်၊ ကံကို လူကလုပ်သည် ဟူ၍ဖြစ်သည်၊

ထင်ရှားရာ(သက္ကာယ)မြင်သော အလွဲဖြစ်၍ လွဲထိုက်သော အလွဲဖြစ်သည်၊ လူ့လောကသည် ဤလွဲထိုက်ရာ၌ အားလုံးပင် လွဲကြသည်။

ဤသို့လွဲကြသော အမြင်(သက္ကာယဒိဋ္ဌိ)များကြောင့် နောက်ထပ် အမြင်လွဲ(မိစ္ဆာဒိဋ္ဌိ)များ ဖြစ်ကြရသည်၊ အကောင်းအလုပ်ကံက ကောင်းကျိုး၊ အဆိုးအလုပ်ကံက ဆိုးပြစ် ဖြစ်ပွားကြသည်များကို အပြည့်အဝ မမြင်ရဘဲ တစ်စွန်းတစ်စ မြင်ရကာမတ္တမျှ မြင်ရသောအခါ ဤအဖြစ်များသည် သေပြီးနောင်အခါ၌ ဖြစ်ကြမှာများ ဖြစ်သည်ဟူ၍ အမြင်မှားများ ကြံဆကြသောကြောင့်ဖြစ်သည်။

အကောင်းအလုပ်၏ ကောင်းကျိုး၊အဆိုးအလုပ်၏ ဆိုးပြစ် အဖြစ်များမြင်ကြချက် မှားနေသောကြောင့် အပြည့်အဝ မမြင်ရဘဲ ဖြစ်နေသည်ကိုလည်း မသိကြပေ၊ တစ်စွန်းတစ်စ မြင်ရကာမတ္တ မြင်ရသောအဖြစ်များမှာ ကောင်းသောအလုပ်ကံနှင့် ဆိုးသောအလုပ်ကံများကဖြစ်စေသော ကောင်းကျိုးနှင့်ဆိုးပြစ်များ မဟုတ်ကြဘဲ ထိုအလုပ်ကံလုပ်သူတို့၏ ချွတ်ချော်ချက်နှင့် တိုက်ဆိုင်ချက်အဖြစ်များ ဖြစ်သောကြောင့်ပင် ဖြစ်သည်၊ ထိုအလုပ်များလုပ်ချက်က ကျွမ်းကျင်လိမ္မာလျှင်ဖြစ်စေ၊ မတိုက်ဆိုင်လျှင်ဖြစ်စေ ထိုအပြစ်များ မဖြစ်ဘဲရှိကြမည် ဖြစ်သည်။

ကောင်းသောအလုပ် ဆိုးသောအလုပ်များ၏ အဖြစ်များသည် အလုပ်ခံရသူမှာ ဖြစ်ပွားသောအဖြစ်များနှင့် တူသောအဖြစ်များ မဟုတ်ကြဘဲ ကောင်းသောအလုပ် ဆိုးသောအလုပ်များနှင့်သာ တူသောအဖြစ်များ ဖြစ်ကြသည်၊ ကောင်းသောအလုပ်၏ ကောင်းကျိုးအဖြစ်သည် ကောင်းသောအလုပ်ကို လုပ်သူအား ကောင်းသောလူ ဖြစ်နေစေခြင်းဖြစ်သည်၊ ဆိုးသောအလုပ်၏ ဆိုးပြစ်အဖြစ်သည်လည်း ဆိုးသောအလုပ်ကို လုပ်သူအား လူဆိုးဖြစ်နေစေခြင်းဖြစ်သည်။

လူကောင်း၏အဖြစ် လူဆိုး၏အဖြစ်သည် လူကောင်းနှင့် လူဆိုးတို့၏ အလုပ်များက ဖြစ်စေသည်ကို လူ့လောက မသိမမြင်ကြဘဲ လူမမွေးမီက ကံကဖြစ်စေသည်ဟု သိမြင်ကြသည်၊ ဤသိမြင်ချက်သည် ကံကို လူကလုပ်သည်ဟု ထင်ရှားသော (သက္ကာယ)အမြင်က ပေါက်ပွားပေးလိုက်သော အသိအမြင်ဖြစ်သည်၊ ဤအမြင်သည် ဗိရုန္နနာမ်ဝိညာဉ်က ပေးသောအမြင်ဖြစ်သည်၊ ဤအမြင်သည် သိမြင်စရာကို သိမြင်ခြင်းမဟုတ်ဘဲ သိမြင်စရာကို မသိမြင်ဘဲ ကြံလုံးဖြင့်သိမြင်သော မှားယွင်းသော (မိစ္ဆာ) အသိအမြင်ဖြစ်သည်။

လောက၌ အဖြစ်ကိုသာမြင်၍ အဖြစ်၏အကြောင်းကိုမမြင်သော အမြင်သည် မှားယွင်းသော အမြင်ဖြစ်ကြသည်မှာ အများအပြားဖြစ်သည်။

ကံကို လူကပြုသည်ဟု မှတ်ယူပြီးနောက်၌ ကံပြုခံရသူ၏အဖြစ်နှင့် တူသောအဖြစ်များ ကံပြုသူအား မဖြစ်ပွားသည်မှာ သေပြီးနောင်မှ ဖြစ်ပွားမည်ဟု ခံယူသော်လည်း ပြုခဲ့သောကံနှင့် မတူသောကံများ ထပ်ပြုရန် ဝန်မလေးဖြစ်လာမှုများ အထင်အရှား ဖြစ်ပွားခံရသည်ကို တွေ့နိုင်သည်၊ အဘယ့်ကြောင့် ထပ်ပြုရန် ဝန်မလေးဖြစ်ရသည်ကို ဟုတ်မှန်သည့်အလျောက် မသိနိုင် ဖြစ်သည်၊ ထို့ကြောင့်လည်း လွဲမှားသောအသိအဖြစ် မမွေးမီက ကံဆိုး၏ အကျိုးပေးကြောင့် ထပ်ပြုချင်ခြင်းဖြစ်သည်ဟု မသိရာဆီသို့ ပြန်ရောက်ပြီး သိခြင်းဖြစ်သည်။

ဤသို့ဖြစ်ရသည်မှာ ကံ၏ အကျိုးဟုတ်သောအကျိုးကို မသိသောကြောင့်ဖြစ်သည်၊ ကံ၏ အကျိုးဟုတ်သော

အကျိုးသည် ကံမဟုတ်သော အလုပ်များ၏အကျိုးနှင့် တူညီကြသည်။

လောက၌ ကံမဟုတ်သော အပြော အပြု အနေများရှိကြသည်၊ ကိုယ့်အမည်၊ ကိုယ့် မိဘ၊ ကိုယ့်နေရပ် အစစမေး၍ ပြန်ပြောမှုများသည် အပြောဖြစ်သော်လည်း ကံမဟုတ်သောအပြောများဖြစ်သည်၊ အစာစားခြင်း၊ လမ်းသွားခြင်း၊ အဝတ်ဝတ်ခြင်း၊ ကုန်သွယ်လယ်လုပ်ခြင်းများသည်လည်း အလုပ်ဖြစ်သော်လည်း ကံမဟုတ်သော အလုပ်များဖြစ်သည်၊ လျောင်းထိုင်ရပ်သွားနေထိုင်မှုများလည်း စိတ်ဖြင့်ပြုရသောအနေဖြစ်သော်လည်း ကံမဟုတ်သောအနေများဖြစ်သည်။

ဤအလုပ်များသည် ကံမဟုတ်သော်လည်း အကျိုးများရှိကြသည်၊ ရှေ့အပြောအပြုအနေများက နောက်အပြောအပြုအနေများကို အကောင်းဖြစ်စေ အဆိုးဖြစ်စေ ပိုမိုပီပြင်လာမှုကို ဖြစ်စေလေသည်၊ ပြောတတ်၊ ပြုတတ်၊ နေတတ်မှုများသည် မပြောတတ်၊ မပြုတတ်၊ မနေတတ်ရာမှ လေ့ကျင့်ထားမှုက ဖြစ်နေသောအတတ်များဖြစ်သည်၊ တတ်ပြီးသည်ကိုလည်း တတ်ပြီးသည်ထက် ဆိုးအောင်နှင့်ကောင်းအောင် တစ်ခုခု ပိုမိုတတ်ဖို့လည်း လေ့ကျင့်ကြရသည်၊ ကျင့်သည့်အတိုင်းလည်း တတ်သူများဖြစ်လာကြသည်၊ ဤကား ကံမဟုတ်ဘဲ အကျိုးဖြစ်ပုံသိသာချက် ဖြစ်သည်၊ လူမှာရှိနေသမျှ အပြောအပြုအနေများသည် ဤသို့ ပြောတတ်ပြုတတ်နေတတ်အောင် ကျင့်ထားချက်၏ ရလဒ်အဖြစ်များချည်း ဖြစ်ကြသည်၊ မကျင့်ဘဲ ရထားချက်ဟူ၍ တစ်ခုမျှမရှိချေ၊ စကားပြောတတ်သည်မှာ စကားပြောကျင့်ထားမှု၏ရလဒ်၊ လမ်းသွားတတ်သည်လည်း လမ်းသွားကျင့်ထားမှု၏ရလဒ်၊ စိတ်ကူးတတ်သည်လည်း စိတ်ကူးမှု၏ရလဒ်ပင် ဖြစ်သည်။

ဤသို့ ကံမဟုတ်သော အပြောအပြုအနေများ၏ အကျိုးဖြစ်မှုများသည် ကံဖြစ်သော အပြောအပြုအနေများ၏ အကျိုးဖြစ်မှုများနှင့်လည်း ထပ်တူပင်ဖြစ်သည်၊ ကံမဟုတ်သောအပြောကျင့်သူ ရသောအကျိုးသည် အပြောခံရ၍ ကြားသူရသော အကျိုးမဟုတ်သည်မှာ အထင်အရှား ဖြစ်သည်၊ အပြုအကျင့် အနေအကျင့်များ၏ အကျိုးရမှုသည်လည်း အပြုခံရသူ အနေခံရသူ ရသောအကျိုးမျိုး မဖြစ်ကြဘဲ ပြုသူ နေသူရသော အကျိုးသာဖြစ်သည်၊ ကံဖြစ်သော ပြောပြုနေများ၏အကျိုးလည်း ပြောပြုနေကျင့်သူ ရသောအကျိုးသာ ရမည်ဖြစ်သည်။

ကံဖြစ်သော ပြောပြုနေတစ်ခုခုကျင့်သူသည် နောက်ထပ်ကံဖြစ်သော ပြောပြုနေတစ်ခုခုကို ထပ်၍ဖြစ်စေတတ်သူဖြစ်သည်၊ ဤသို့ အဘယ့်ကြောင့်ဖြစ်ကြောင်း ပြောကြသည်မှာ "လက်ယဉ်မှု" ဖြစ်သွားသောကြောင့်ဟူ၍ ဖြစ်သည်၊ နောက်ထပ် ပြော ပြု နေ ကံတစ်ခုခုလွန်ကျူးမှုကို ရှေ့က ပြောပြုနေကံတစ်ခုခုက ဖြစ်စေသည်ဟု လက်မခံကြပေ၊ ထို့ကြောင့် နောက်ကံဖြစ်မှုသည် ရှေ့ကံပြုမှုနှင့် သက်ဆိုင်ခြင်းမရှိဟု သိကြသည်။

ဤသို့ဖြစ်ရသည်မှာ ကံကို လူကပင်ပြုလုပ်သည်၊ ကံဖြစ်ရန် အကြောင်းတစ်စုံတစ်ရာ မရှိဟု သိခြင်းနှင့် ကံ၏အကျိုးသည် သေပြီးနောင်မှာသာဖြစ်သည်၊ ကံ၏အကျိုးအဖြစ် ကံပြုသူ၌ ထင်သာမြင်သာသော ပြစရာ တစ်စုံတစ်ရာမျှ မရှိခြင်းတို့ကြောင့်ဖြစ်သည်၊ ကံပြုသူ၌ ကံ၏ အကြောင်းလည်းရှိသည်၊ ကံ၏အကျိုးလည်း ထင်သာမြင်သာရှိရှိ ဖြစ်ခြင်းများရှိသည်ကို မသိသောကြောင့်ဖြစ်သည်။

လူ့လောကသည် ကံ၏အကြောင်းကို မသိသောကြောင့် ကံ၏ အခြေအနေမှန်မသိ ဖြစ်သည်၊ ကံကိုသိသောကြောင့် ကံကဖြစ်စေသော အကျိုးကိုမသိခြင်း ဖြစ်သည်၊ ကံ၏ အကျိုးကိုမသိသောကြောင့် ကံကိုဖြစ်စေသောအကြောင်းကို မသိဖြစ်သည်၊

ဤသို့ပင် ကံကိုလည်းကောင်း ကံ၏အကျိုးကိုလည်းကောင်း ကံ၏အကြောင်းကိုလည်းကောင်း ဤလည်ပတ်မှုသုံးပါးလုံးကို လူ့-လောကသည် မသိသူများဖြစ်ကြသည်။

အပြောအပြုအနေလွန်ကျူးမှုကံသည် အစုအားဖြင့် လေးမျိုးတွေ့နိုင်သည်၊ ကာမအကုသိုလ်ကံ ကာမကုသိုလ်ကံ ရူပကုသိုလ်ကံ အရူပကုသိုလ်ကံ ဟူ၍ဖြစ်သည်၊ ဤကံလေးမျိုးလုံးပင် လူ၏ ကိုယ်နှုတ်နှလုံးသုံးပါး တစ်ပါးပါးဖြင့်ပြုလုပ်သည်ကို အထင်အရှားတွေ့ကြရသောကြောင့် ကံများကို ဖြစ်စေသူကို လူဟူ၍ မှတ်ယူကြသည်၊ ကံကို လူကလုပ်သည်ဟု ဆိုလိုသည်၊

ကိုယ်နှုတ်နှလုံးလွန်ကျူးမှုကံသည် လွန်ကျူးမှုဖြစ်ကာမျှဖြင့် ကံအဖြစ်မရောက်ဘဲ ရည်ရွယ်ချက် စိတ်စေတနာရှိရှိဖြင့် လွန်ကျူးမှုဖြစ်မှသာ လွန်ကျူးမှုကံဖြစ်သည်၊ အိပ်မက်ယောင်ဖြင့် ပြောပြုနေလွန်ကျူးမှုများ ရူးနှမ်းစိတ်ဖြင့် ပြောပြုနေလွန်ကျူးမှုများ စုန်းနတ်သရဲစီးမှုများဖြင့် ပြောပြုနေလွန်ကျူးမှုများသည် ကံမမြောက်သော လွန်ကျူးမှုများဖြစ်ကြသည်၊ ဤသို့မဟုတ်သော ပြောပြုနေလွန်ကျူးမှုများသာ ကံမြောက်သော လွန်ကျူးမှုများဖြစ်ကြသည်။

ပြောပြုနေလွန်ကျူးမှုကံများဖြစ်ရန် ရည်ရွယ်ချက်စိတ်စေတနာ ပါဝင်ရမည်ဖြစ်သောကြောင့် ရည်ရွယ်ချက် စိတ် စေတနာများ ကံပြုသူ၌ ရှိမရှိ စိစစ်ရပါမည်၊ ကံပြုရာ၌ ပါဝင်သော ရည်ရွယ်ချက်စိတ်စေတနာသည် လူ၏ ရည်ရွယ်ချက် စိတ်စေတနာ ဟုတ်မဟုတ်ဖြစ်သည်၊ လူမှာဖြစ်သော ရည်ရွယ်ချက်စိတ်စေတနာသည် လူ၏ ရည်ရွယ်ချက် စိတ်စေတနာပင် မဟုတ်ပါလောဟု ပြောစရာရှိသည်။

ဤသို့ပြောစရာရှိသော်လည်း ဤပြောစရာသည် အမှန်မဟုတ်သော ပြောစရာဖြစ်သည်၊ ရည်ရွယ်ချက် စိတ် စေတနာ တစ်ခုခုသည် လူမှာဖြစ်ကာမျှဖြင့် လူ၏ ရည်ရွယ်ချက်စိတ်စေတနာဖြစ်သည်ဟု မပြောနိုင်သည်များ ရှိသောကြောင့်ဖြစ်သည်၊ လူများသည် အလွဲအမှားတစ်ခုခု၌ အမှန်ဟု အစွဲဝင်မှုများ ရှိနိုင်ကြသည်၊ အစွဲအဝင်ခံရသူ၏ အပြောအပြုအနေ တစ်ခုခုပြုရာ၌ ပြုရခြင်း၏အကြောင်းအဖြစ် ရည်ရွယ်ချက်စိတ်စေတနာထားမှုသည် အစွဲ၏ ရည်ရွယ်ချက် စိတ်စေတနာထားမှုသာဖြစ်၍ လူ၏ ရည်ရွယ်ချက်စိတ်စေတနာထားမှု မဟုတ်ဘဲဖြစ်သည်။

အစွဲအဝင်ခံရသူ၏ အပြောအပြုအနေ လွန်ကျူးမှုကံတစ်ခုခုပြုရန် သိမြင်ခံရသောအာရုံအရာဝတ္ထုသည် ပကတိအာရုံအရာဝတ္ထုမဟုတ်ဘဲ အစွဲအဝင်ခံရသူ၏စိတ်၌ သိမြင်ချင်သလို သိမြင်ခံနေရသော အာရုံအရာဝတ္ထုသာဖြစ်သည်၊ ဤအာရုံမျိုးဖြစ်လျှင် ဤသို့ပြောပြုနေများ လုပ်ရမည်ဟု သိမြင်ပြီး လွန်ကျူးရန် ရည်ရွယ်ချက်စိတ်စေတနာဖြစ်ခြင်းသည် ပကတိလူ၏ ပြောပြုနေလွန်ကျူးမှုကံပြုရန် ရည်ရွယ်ချက်စိတ်စေတနာမဟုတ်ဘဲ လူမဟုတ်သူ အစွဲ၏ရည်ရွယ်ချက် စိတ်စေတနာသာဖြစ်သည်။

ထို့ကြောင့် ထိုလွန်ကျူးမှုကံသည် လူကဖြစ်စေသောကံမဟုတ်ဘဲ အစွဲကဖြစ်စေသော ကံဖြစ်၍ လူမှာဖြစ်သော ကံမျှသာဖြစ်ပြီး လူ၏ ကံမဟုတ်သောကံများ ဖြစ်ကြသည်၊ ဤစကားအရ ဤကံသည် လူကလုပ်သော ကံမဟုတ်ဟူ၍ ဆိုလိုသည်၊ ဤကံဖြစ်ရန် ရည်ရွယ်ချက်စိတ်စေတနာသည် လူမှာလာရောက်ပူးဝင်နေသော အစွဲကဖြစ်စေသော ရည်ရွယ်ချက်စိတ်စေတနာ ဖြစ်သောကြောင့်ဖြစ်သည်။

လူမှာလာရောက်ပူးဝင်နေသောအစွဲသည် လူ၌ အဘယ်ကရသနည်း မေးဘွယ်ရှိသည်၊ ရှေးအစွဲကြောင့်ဖြစ်သော ကံဖြစ်စေသော ခန္ဓာများရှိကြသည်၊ ဤခန္ဓာများသည် ခန္ဓာအဖြစ်ခံရသူကိုယ်တိုင် ဖြစ်နေသည်ဟု မသိသောခန္ဓာများ ဖြစ်ကြသည်၊

ဥပမာ အတတ်အသိတစ်ခုခုကို သင်ယူတတ်သိပြီးနောက် ဤအတတ်နှင့်အသိများ ဘယ်မှာရှိနေသည်ကို မသိသကဲ့သို့ ဖြစ်သည်၊ ထိုသို့ဖြစ်သော်လည်း အသုံးကျသောအခါ ထိုအတတ်အသိများသည် အသုံးချ၍ရကြသကဲ့သို့ဖြစ်သည်။

ကံကဖြစ်စေသောခန္ဓာသည် ကံဖြစ်စဉ်ကဖြစ်သောခန္ဓာနှင့် ထပ်တူဖြစ်သော ခန္ဓာများဖြစ်သည်၊ ကံသည် ပြောခဲ့ပြီးသည့်အတိုင်း အမျိုးမျိုးရှိသကဲ့သို့ ကံကဖြစ်စေသော ခန္ဓာများလည်း အမျိုးမျိုးပင်ရှိသည်၊ အကုသိုလ်ကံက ဖြစ်စေသော ခန္ဓာငါးပါးသည် အကုသိုလ်ကံဖြစ်စဉ်ကဖြစ်သော ခန္ဓာငါးပါးနှင့် ထပ်တူဖြစ်သည်၊ ထို့အတူ အခြားကံများက ဖြစ်စေကြသောခန္ဓာများလည်း အခြားကံများ ဖြစ်စဉ်ကဖြစ်သော ခန္ဓာမျိုးများပင်ဖြစ်ကြသည်။

အကုသိုလ်ကံပြုစဉ်ကဖြစ်နေသော ရုပ်ခန္ဓာနှင့် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများသည် လူ့လောက က သိသိသာသာလက်မခံစရာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်များဖြစ်သကဲ့သို့ အကုသိုလ်ကံကဖြစ်စေသော အကုသိုလ်ကံ ဇာတ်ဝင် ရုပ်ခန္ဓာများ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများသည်လည်း လူ့လောကက လက်မခံစရာခန္ဓာများကို ရရှိနေကြခြင်း ဖြစ်ကြသည်။

ထိုသို့ဖြစ်သော်လည်း အကုသိုလ်ကံဇာတ်ဝင်ခန္ဓာများကို ရရှိနေကြသူများသည် အကုသိုလ်ကံကို မြတ်နိုးစွာပြုလုပ်သကဲ့သို့ အကုသိုလ်ကံကဖြစ်စေသော အကုသိုလ်ကံဇာတ်ဝင် ခန္ဓာများကိုလည်း ကိုယ့်ဟာမှတ်မှတ် ကိုယ်ထင်ထင် ကိုယ့်ကိုယ်ဟုအမြင်များဖြစ်ပြီး အကုသိုလ်ကံဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်များ၌ စွဲလမ်းကြသည်။

ကာမကုသိုလ်ကံ၊ ရူပကုသိုလ်ကံ၊ အရူပကုသိုလ်ကံများဖြစ်ကြသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများသည်ကား လူ့လောကက သိသိသာသာလက်မခံစရာ ခန္ဓာများ မဟုတ်ကြသော်လည်း လူ့လောကက သိသိသာသာလက်ခံသော ခန္ဓာများလည်း မဟုတ်ကြပေ၊ ဤကံခန္ဓာများသည် လူ့လောကကို စောင့်စည်းသော စောင့်ရှောက်သော ခန္ဓာများမဟုတ်ကြဘဲ သူတို့ကိုယ်ကို သူတို့စောင့်ရှောက်ကြသော ခန္ဓာများသာ ဖြစ်ကြသည်၊ ဤခန္ဓာများသည် ကိုယ့်အိမ်၌မွေးထားသော ကြက်၊ ဝက်၊ ကျွဲ၊ နွားများအပေါ် စောင့်စည်းမှု စောင့်ရှောက်မှုပြုသကဲ့သို့ ပြုကြသောခန္ဓာများသာ ဖြစ်ကြသည်။

ထို့ကြောင့် ကာမ၊ ရူပ၊ အရူပကုသိုလ်များဖြစ်ကြသော ကံခန္ဓာများသည် လူ့လောကကို ညီညွတ်မျှတငြိမ်းချမ်းစေသော ခန္ဓာအဖြစ် လူ့လောကက လက်မခံသောခန္ဓာများ ဖြစ်ကြသည်၊ ဤကံခန္ဓာများကဖြစ်စေသော ကံဇာတ်ဝင်ခန္ဓာများသည်လည်း ဤအတူ လူ့လောက၏ လက်ခံမှုမရသော ခန္ဓာများဖြစ်ကြသည်၊ ဤသို့ဖြစ်သော်လည်း ကံဇာတ်ဝင်ခန္ဓာတစ်မျိုးမျိုး ရရှိနေကြသူများသည် ကံခန္ဓာများကို မြတ်နိုးသကဲ့သို့ ကံဇာတ်ဝင်ခန္ဓာများဖြစ်ကြသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများကို ကိုယ်မှတ်မှတ်၊ ကိုယ်ထင်ထင်၊ ကိုယ့်ကိုယ်အမြင်များအဖြစ် အစွဲအလမ်းများ ဝင်ကြသည်။

ကံဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများသည် ကိုယ့်မှာဖြစ်နေသော ခန္ဓာများဖြစ်၍ ကိုယ့်ဟာမှတ်မှု၊ ကိုယ်အဖြစ်ထင်မှု၊ ကိုယ့်ကိုယ်မြင်မှုများသည် ဘယ့်ကြောင့် အစွဲအလမ်းဖြစ်ရသနည်း၊ အမှန်များဖြစ်ကြသည် မဟုတ်ပါလော မေးဘွယ်ရှိပါသည်၊ ကံဇာတ်ဝင်ခန္ဓာများကိုဖြစ်စေသော ကံခန္ဓာများကိုပြုလုပ်သူမှာ ကိုယ်မဟုတ်ဘဲ အစွဲအလမ်းက ပြုလုပ်ထားချက်ဖြစ်၍ ကံခန္ဓာ၏ အကျိုးဖြစ်သော ကံဇာတ်ဝင်ခန္ဓာများမှာ ကိုယ့်ဟာမဖြစ်နိုင်၊ ကိုယ်မဖြစ်နိုင်၊ ကိုယ့်ကိုယ်အတ္တမဖြစ်နိုင် ဖြစ်ပြီး အမှတ်အသိအမြင်အဖြစ် ကိုယ့်ဟာ၊ကိုယ်၊ ကိုယ့်ကိုယ်အဖြစ်မဖြစ်နိုင်ဘဲ စွဲယူထားသောကြောင့် အစွဲဟု ပြောရခြင်းဖြစ်သည်။

ကံဇာတ်ဝင်ခန္ဓာများကို ကိုယ့်ဟာအမှတ်၊ကိုယ့်အမြင်အထင်၊ ကိုယ့်ကိုယ်အတ္တဟု မြင်သည်များ ဘယ်သို့ အကျိုးနည်းစရာရှိသနည်း မေးဘွယ်ရှိသည်၊ အဖြေမှာ ဆိုးဝါးပါသည်၊ ကံဇာတ်ဝင်ခန္ဓာများ ကိုယ့်ဟာဟုဖြစ်ဖြစ်၊ ကိုယ်အဖြစ်ဟုဖြစ်ဖြစ်၊ ကိုယ့်ကိုယ်အတ္တဟုဖြစ်ဖြစ် မှတ်ထင်မြင်မှုများဖြစ်လျှင် ဤခန္ဓာထဲက ရုပ်များနာမ်များနှင့်ဘဲ သူ့ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာ တွေးခေါ်သွားတော့မှာဖြစ်ပါသည်၊ ဇာတ်ဝင်ခန္ဓာက အကုသိုလ်ကံ၏ ဇာတ်ဝင်ခန္ဓာဖြစ်လျှင် ဤ ဇာတ်ဝင်ခန္ဓာများသည် ဇာတ်ဝင်ခန္ဓာရှိသူ၏ နားများ မျက်စိများ အစစအာရုံများကို လက်ခံယူစရာဒွါရများအဖြစ် အကုသိုလ်ဒွါရခန္ဓာများချည်းဖြစ်ကြမည်၊ ဤဒွါရပေါက်များက သိရသမျှ အာရုံများသည်လည်း အကုသိုလ်ကံပြုစရာ အာရုံများချည်းဖြစ်ကြမည် ဖြစ်သည်။

ဤသို့သိမြင်သောသူသည် အကုသိုလ်ကံကလွဲ၍ ဘယ်ကံကို ပြုနိုင်တော့မည်နည်း၊ အကုသိုလ်ကံကိုဘဲ မလွဲမသွေ ပြုမိရမည်ဖြစ်သည်၊ အလွန်ကြီး အပေါင်းအသင်း အဖော်အလျော် ကောင်းလွန်းလှမှသာ အကုသိုလ်ကံကလွဲတဲ့ ကံတစ်ခုခု ပြုမိခြင်းဟူသော ကျောက်မြောင်းအပါခံရစရာ ရှိသည်၊ ဤသို့မဖြစ်လျှင် အကုသိုလ်ကံပြုရမှုက မလွဲနိုင်သူဖြစ်သည်၊ ဤ အကုသိုလ်ကံ တစ်ဖန်ပြန်ပြုမိခြင်းသည် လူ့အသိအမြင်ကဖြစ်စေသလော၊ အစွဲအသိအမြင်ကဖြစ်စေသလော ထင်ရှားခဲ့ပြီဖြစ်သည်။

ဤအတူပင် ကာမကုသိုလ်ကံဇာတ်ဝင်ခန္ဓာ၊ ရူပကုသိုလ်ကံဇာတ်ဝင်ခန္ဓာ၊ အရူပကုသိုလ် ကံဇာတ်ဝင်ခန္ဓာများ လည်း ဤခန္ဓာများကို အစွဲအသိများကပြုစေသော ကံများကြောင့် ဖြစ်ကြကြောင်း ပိုင်းခြားမသိနိုင်ကြသောကြောင့် ဤခန္ဓာများကို ကိုယ့်ဟာအဖြစ် မမှတ်ထိုက်ကြောင်းမသိဘဲ ကိုယ့်ဟာမှတ်ခြင်း၊ ကိုယ့်အဖြစ် မထင်ထိုက်ကြောင်းမသိဘဲ ကိုယ့်အဖြစ်ထင်ခြင်း၊ ကိုယ့်ကိုယ်အတ္တအဖြစ် မမြင်ထိုက်ကြောင်းမသိဘဲ ကိုယ့်ကိုယ်အတ္တအဖြစ်မြင်ခြင်းဟူသော အစွဲဥပါဒါန်ဝင်မှုများ အဖြစ်ခံရလျှင် ကံဇာတ်ဝင်ခန္ဓာများသည် ဇာတ်ဝင်ခန္ဓာရှိသူ၏ မျက်စိများ၊ နား၊ နှာ၊ လျှာ၊ ကိုယ်များ၊ အသိမနောများအဖြစ် အာရုံများ၏ ဝင်ပေါက်ဒွါရများအဖြစ် တာဝန်ယူကြမည်ဖြစ်သည်။

ဤဒွါရများမှ ဝင်လာသမျှအာရုံများသည် အာရုံ၏ ပကတိအတိုင်း အသိခံရသော အာရုံများမဖြစ်ကြတော့ဘဲ မျက်စိ၊ နား၊ နှာ၊လျှာ၊ ကိုယ်၊ မနောဒွါရများကပဲ သိချင်သလိုအသိခံရသော အာရုံများဖြစ်ကြသည်၊ မျက်စိ နား စသော ဒွါရများက ကာမကုသိုလ်ကံ ဇာတ်ဝင်ဒွါရဖြစ်လျှင် အာရုံများကို ကာမကုသိုလ်ကံရှုဒေါင့်မှ မြင်သိကြပြီး ဒွါရများက ရူပ အရူပ ကံဇာတ်ဝင်ဒွါရများဖြစ်လျှင်လည်း အာရုံများကို ရူပ အရူပအမြင်အသိများဖြင့် မြင်သိကြပြီး ဤသို့မြင်ကြသော အာရုံများ၌ ကာမအာရုံဖြစ်လျှင် ကာမတဏှာများထကြပြီး ရူပအာရုံဖြစ်လျှင် ရူပတဏှာ၊ အရူပ အာရုံဖြစ်လျှင် အရူပတဏှာ ထကြကာ ရှိသောဒွါရအလျောက် ထကြွသောတဏှာ၏ ထကြွမှုဒဏ်ကို မခံစားနိုင်ကြဘဲ ကိုယ်နှုတ်နှလုံးသုံးပါး တစ်ပါးပါး၏ လွန်ကျူးမှုများမဖြစ်အောင် မစောင့်စည်းနိုင်မှုများဖြစ်ကာ လွန်ကျူးသည့်အဖြစ် ရောက်ကြရသည်။

ကံဇာတ်ဝင်ခန္ဓာများ၌ ဤသို့အစွဲဝင်မှုများသည် လူ့လောကနှင့် ကင်းကွာခံရသည်အထိ အရူးမဟုတ်သော်လည်း အရူးနှင့်မခြား ဖြစ်ပွားခံရအောင် ဆိုးဝါးမှုများဖြစ်ကြသည်၊ မျက်စိတံခါးပေါက်ဒွါရရှိလျက် ဝင်လာသောအဆင်းအာရုံ၏ ပမာဏအမှန် ကိုမမြင်ဘဲ အစွဲအမြင်က မြင်စေချင်သည့်အတိုင်း မြင်ခြင်းသည် မျက်စိမရှိသူနှင့် ထပ်တူကျသကဲ့သို့ဖြစ်သည်၊ မျက်စိမရှိသူသည်လည်း အဆင်းအာရုံ၏ ပမာဏအမှန်အတိုင်း မမြင်သူပင်ဖြစ်သည် မဟုတ်ပါလော။

အစွဲမျက်စိရှိသူသည် မျက်စိမရှိသူထက် သာသည်ဟု ထင်စရာရှိသည်၊ မျက်စိမရှိသူသည် အဆင်းအာရုံများကို

လုံးဝမမြင်ရသောကြောင့်ဖြစ်သည်၊ အစွဲမျက်စိအဖြစ်ခံရသူသည် အဆင်းအာရုံကို မြင်ရသောကြောင့်ဖြစ်သည်၊ ထိုသို့ဖြစ်သော်လည်း လုံးဝမမြင်ခြင်းထက် အလွဲမြင်ခြင်းသည် သာလွန်သည်ဟု ထင်စရာရှိသော်လည်း လုံးဝမမြင်သူသည် အလွဲကို လုပ်မိစရာ မရှိဘဲ အလွဲမြင်ခြင်းမှာ အလွဲလုပ်မိစရာရှိသောကြောင့် အလွဲမြင်ခြင်းက လုံးဝမမြင်ခြင်းထက် ဆိုးဝါးသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် အစွဲအဝင်ခံရသူတို့၏ အမြင်သည် အစွဲအဝင်ခံရသူအား များစွာနစ်နာမှုကို ပေးလေသည်၊ ကျန်သော အစွဲနားရှိသူ အစွဲနှာ လျှာ ကိုယ်နှင့် မနောရှိသူများလည်း ထို့အတူပင် ဖြစ်ကြသည်၊ ဤသို့ပင် ကံဇာတ်ဝင်ခန္ဓာ အမျိုးမျိုးတို့၌ ကံဇာတ်ဝင်ခန္ဓာဖြစ်ကြောင်း ကံများကို အစွဲဥပါဒါန် အဝိဇ္ဇာ တဏှာကိလေသာကြောင့် ဖြစ်စေကြောင်းနှင့် ဤအစွဲ ဥပါဒါန်ကိလေသာများကိုလည်း ကံဇာတ်ဝင်ခန္ဓာများကပင် ပေါက်ပွားပေးလိုက်ကြောင်း မသိသောကြောင့်သာလျှင် ဤကံဇာတ်ဝင်ခန္ဓာများအား ကိုယ့်ဟာ(ဧတံမမ)မှတ်ခြင်းသည် ဖောက်ပြန်သော အမှတ်သညာဖြစ်သည်၊ ကိုယ်ဟု (ဧသောဟမသ္မိ) အသိဖြစ်ခြင်းသည် ဖောက်ပြန်သော အသိစိတ်ဖြစ်သည်၊ ကိုယ့်ကိုယ်(ဧသောမေအတ္တာ)အမြင်သည်လည်း ဖောက်ပြန်သော အမြင်ဖြစ်သည်။

ဤသို့ ကံများ၏ ဇာတ်ဝင်ခန္ဓာများဖြစ်ကြသော အကုသိုလ်ကံဇာတ်ဝင်ခန္ဓာ၊ ကာမကုသိုလ်ကံဇာတ်ဝင်ခန္ဓာ၊ ရူပကုသိုလ်ကံဇာတ်ဝင်ခန္ဓာ၊ အရူပကုသိုလ်ကံဇာတ်ဝင်ခန္ဓာများဖြစ်ကြသော ရုပ်ဇာတ်ဝင်ခန္ဓာ၊ ဝေဒနာဇာတ်ဝင်ခန္ဓာ၊ သညာဇာတ်ဝင်ခန္ဓာ၊ သင်္ခါရဇာတ်ဝင်ခန္ဓာ၊ ဝိညာဉ်ဇာတ်ဝင်ခန္ဓာအားလုံးပင်၊ ဤဇာတ်ဝင်ခန္ဓာများသည် ကိုယ့်ခန္ဓာများမဟုတ်ကြ (နေတံမမ)ဟူ၍ မှန်ကန်သော အမှတ်သညာကို ဖြစ်စေရမည်၊ ကိုယ်မဟုတ်ကြ(နေသောဟမသ္မိ)ဟူ၍ အသိစိတ်အမှန်ကို ဖြစ်စေရမည်၊ ကိုယ့်ကိုယ်အတ္တမဟုတ်ကြ (နမေသောအတ္တာ)ဟူ၍ မှန်ကန်သော အယူအမြင်ဒဿနကို ဖြစ်စေရမည်။

ကံဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့ဖြစ်ကြောင်း သမိုင်းကို မြင်စေရမည်၊ ဤသို့ မြင်လျှင် ကံဇာတ်ဝင်ခန္ဓာဖြစ်ကြောင်းသမိုင်း၌ ကိုယ်များ၊ သူများ၊ ယောကျ်ား မိန်းမများ မပါဝင်ကြဘဲ ကံဇာတ်ဝင်ခန္ဓာများကို ကံများက ဖြစ်စေကြသည်၊ ကံများကို ကိလေသာများက ဖြစ်စေကြသည်၊ ကိလေသာများကို ကံဇာတ်ဝင်ခန္ဓာ၌ ဖြစ်ပွားသော အစွဲများက ဖြစ်စေကြသည်၊ ကံဇာတ်ဝင်ခန္ဓာများသည် အကြောင်းမဲ့ဖြစ်ကြခြင်း မဟုတ်သော်လည်း ကံဇာတ်ခန္ဓာများဖြစ်အောင် ပြုလုပ်သောအကြောင်းသည် ကိုယ်လည်းမဟုတ်၊ သူလည်းမဟုတ်၊ ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ်ကြဘဲ ကံဇာတ်ဝင်ခန္ဓာ အစွဲကပေါက်ပွားသော ကိလေသာကဖြစ်စေသော ကံဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ဤသို့ ကံဇာတ်ဝင်ခန္ဓာများ၏ အကြောင်းများကိုမသိဘဲ ကံဇာတ်ဝင်ခန္ဓာများ သက်သက်ကို သိမည်ဆိုလျှင် ကံဇာတ်ဝင်ခန္ဓာများကလည်း ကိုယ့်အပေါ်မှာဖြစ်နေသောကြောင့် ကံဇာတ်ဝင်ခန္ဓာများ၏ လက်သည်အကြောင်းကို ကိုယ်ဖြစ်သည်ဟု မှတ်ယူပြီး ကံဇာတ်ဝင်ခန္ဓာများကို ကိုယ့်ဥစ္စာများဟု မှတ်ယူမှားကြမည် ဖြစ်သည်၊ ထို့ကြောင့် ကံဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ခန္ဓာများ၏ အကြောင်းအဆက်ဆက်ကို ပိုင်းခြားသိလျှင် ကံဇာတ်ဝင်ခန္ဓာများ၏ ဖြစ်ကြောင်းသည် ကံဇာတ်ဝင်ခန္ဓာများပင်ဖြစ်သည်ဟု သိပြီး ကံဇာတ်ဝင်ခန္ဓာများကို ကိုယ့်ဟာအဖြစ် ကိုယ်အဖြစ် ကိုယ့်ကိုယ်အတ္တအဖြစ် သိမ်းပိုက်မှုများ စွန့်လွှတ်မည်ဖြစ်သည်။

ဤကား ကံသင်္ခါရများကြောင့်ဖြစ်သော ကံဇာတ်ဝင် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ခန္ဓာများသည်

ကိုယ့်ဟာအဖြစ် ကိုယ်အဖြစ် ကိုယ့်ကိုယ်အတ္တအဖြစ် စွဲလမ်းမှုဉပါဒါန်တရားများ၏ ဉပါဒါန်အစွဲအလမ်းခံ(ဉပါဒါနိယ) တရားအဖြစ် မမြင်ကြရန် ထိုဉပါဒါနိယ အစွဲအလမ်းခံ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ကံဇာတ်ဝင်ခန္ဓာများကို ဖြစ်စေသော အကြောင်းများအား ပိုင်းခြားပြခဲ့ချက်ဖြစ်သည်။

ဤပိုင်းခြားသိစရာ အရိယာအသိခံ အဖြစ်အပျက်များ၌ မှားယွင်းသိမှုများလည်း ဖြစ်ကြသည်၊ မှားယွင်းသိပုံမှာ နှစ်မျိုးရှိသည်၊ ပထမမှားယွင်းသိပုံမှာ ကာမ ရူပ အရူပ ကုသိုလ် အကုသိုလ်ကံများဖြစ်ရခြင်း၏ အကြောင်းကို အဝိဇ္ဇာတဏှာမာနဒိဋ္ဌိ ကိလေသာများဟုမသိဘဲ လူကဖြစ်စေသည်ဟု သိခြင်းဖြစ်သည်၊ အထူးအားဖြင့် ကာမကုသိုလ်နှင့် ရူပကုသိုလ်၊ အရူပကုသိုလ်ကံများဖြစ်ရခြင်း၏ အကြောင်းကို အဝိဇ္ဇာတဏှာမာနဒိဋ္ဌိစသော ကိလေသာများကဖြစ်စေကြောင်း မသိကြခြင်း ဖြစ်သည်။

ထို့ကြောင့် ထိုကံများကို ကံပြုသူက ဖြစ်စေသည်ဟု ကံများ၏ အကြောင်းမှန်ကို ပိုင်းပိုင်းခြားခြား မသိနိုင်ခြင်းများဖြစ်ကြသည်၊ ထို့ပြင်လည်း ထိုကံများ၌ ရုပ်ခန္ဓာများပါဝင်ကြောင်း ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများ ပါဝင်ကြောင်းနှင့် ထိုခန္ဓာများ၌ အဝိဇ္ဇာတဏှာမာနဒိဋ္ဌိစသော ကိလေသာများလည်း ယှဉ်လျက်ပါဝင်ကြကြောင်းလည်း မသိကြခြင်းဖြစ်သည်။

ထိုကံသင်္ခါရများ လွန်ကျူးမှုပြုပြီးသောအချိန်၌ ထိုကံများက သူ့မှာပါဝင်သောခန္ဓာများနှင့် ထပ်တူခန္ဓာများကို ကံဇာတ်ဝင်ခန္ဓာများအဖြစ် ဖြစ်စေခဲ့သည်ကိုလည်း မသိမမြင်ကြခြင်း ဖြစ်သည်။

ဤသို့ဖြစ်သောကြောင့် ခန္ဓာ၏ အဖြစ်အပျက်တို့ကို ပိုင်းခြားသိအောင်ကြည့်ရမည်ဟု ကြားဖူးစကားအရ ရုပ်ခန္ဓာကိုကြည့်သော်လည်း ကြည့်မည်၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာ တစ်ခုခုကို ကြည့်သော်လည်းကြည့်မည်၊ အကြည့်ခံကြရသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများသည် အဘယ်ကံသင်္ခါရက ဖြစ်စေလိုက်သည်လည်းမသိ၊ မဖြစ်စေလိုက်သည်လည်းမသိ၊ ဤကံသင်္ခါရများကိုလည်း အဘယ်အဝိဇ္ဇာတဏှာမာနဒိဋ္ဌိကိလေသာများက ဖြစ်စေလိုက် သည်လည်းမသိ၊ မဖြစ်စေလိုက်သည်လည်းမသိ၊ ဤကိလေသာများကိုလည်း အဘယ်ဇာတ်ဝင်ခန္ဓာ၌ အဘယ်အစွဲအလမ်းဉပါဒါန်က ဖြစ်စေလိုက်သော အနုသယကိလေသာ ဖြစ်သည်လည်းမသိ၊ မဖြစ်သည်လည်းမသိဖြစ်သည်။

ဤသို့မသိသောကြောင့် ခန္ဓာ၏အဖြစ်အပျက်ကို ရှုကြည့်ရာ၌ ရုပ်ခန္ဓာကိုရှုကြည့်လျှင် အစွဲခန္ဓာရုပ်ဖြစ်သော ဉပါဒါနက္ခန္ဓာရုပ် ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ၊ ရုပ်မှန်လျှင် ရုပ်၏ အဖြစ်အပျက်ရှိမည် ဖြစ်သည်၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ခန္ဓာများကိုရှုရာ၌လည်း အစွဲခံ(ဉပါဒါနိယ) ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်များ ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ ရှုကြည့် မည်သာဖြစ်သည်။

ဤသို့ဖြစ်ရသည်မှာ ဗိရုနနာမ်ဝိညာဉ် အပူးဝင်ခံရသောကြောင့်ဖြစ်သည်၊ ဗိရုနနာမ်ဝိညာဉ်သည် လူက ကိလေသာကံများကို လုပ်သည်၊ မမွေးမီကလုပ်ခဲ့သော ကိလေသာကံက လူကို ဖြစ်စေသည်ဟု မြင်ကြသောကြောင့်ဖြစ်သည်၊

ထို့ကြောင့် လူမှာရှိသော ရုပ်မှန်သမျှ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်မှန်သမျှသည် ဉပါဒါနက္ခန္ဓာများချည်း ဖြစ်ကြသည်ဟု မြင်ကြသည်၊ လူမှာရှိသော ခန္ဓာငါးပါးသည် မမွေးမီက ကိလေသာကံများကြောင့်ဖြစ်ကြောင်း ပြောဆိုရန် ပြစရာမရှိဘဲ

ကြံဆမှုဖြင့် ပြောခြင်းမျှဖြစ်၍ တက္ကအတွင်း သွင်းရမည့် စကားဖြစ်သည်။

## လူ၊ ကံ၊ ဥပါဒါနက္ခန္ဓာ

လူသည် ကံမမြောက်ကြသည့် အပြောအပြုအနေများရှိသလို ကံ လေးငါးမျိုးဖြစ်သော အကုသိုလ်ကံ၊ ကာမကုသိုလ်ကံ၊ ရူပကုသိုလ်ကံ၊ အရူပကုသိုလ်ကံ၊ အရိယကုသိုလ်ကံ၊ ကံမှန်သမျှ ဘယ်ကံမျှမမြောက်သော အပြောစကားများကိုလည်း ပြောကြသည်၊ အပြုအမူများကိုလည်း ပြုမူကြသည်၊ ဘယ်ကံမျှမမြောက်မရောက်သော အနေအထိုင်များကိုလည်း နေထိုင်ကြသည်။

ကံများမြောက်ကြသော အပြောအပြုအနေများ ပြုပြီးနောက်၌ ကံများဇာတ်ဝင်ကြသော ခန္ဓာများဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်များဖြစ်သကဲ့သို့ ကံများ တစ်ခုမျှမမြောက်သော အပြောအပြုအနေများ ပြုပြီးနောက်၌လည်း ကံမမြောက်ကြသော အပြောအပြုအနေများ ပြုစဉ်ကပါဝင်ခဲ့သော ခန္ဓာမျိုးများ အကျိုးအဖြစ် ဆက်ဖြစ်နေကြသည်များ ရှိကြသည်၊ လူက ကိလေသာမပါဘဲ စိတ်ပါလက်ပါ အလုပ်တစ်ခုခုကိုပြုလျှင် ပြုပြီးနောက်၌ ဤအလုပ်မျိုး ပြုလုပ်မှုများကျန်ခဲ့သည်၊ ဤကျန်ခဲ့သည်များသည်လည်း ရုပ်စသော ခန္ဓာများပင်ဖြစ်သည်၊ ထိုသို့ဖြစ်သော်လည်း ဤကျန်ခဲ့သောခန္ဓာများသည် ကံကြောင့်ဖြစ်ကျန်ခဲ့သော ခန္ဓာမဟုတ်သောကြောင့် ဥပါဒါနက္ခန္ဓာမဟုတ်ဘဲ ရှိရသည်၊ ထို့ကြောင့် လူမှာရှိသမျှ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်အားလုံး ဥပါဒါနက္ခန္ဓာချည်း မဟုတ်ဘဲဖြစ်သည်။

ဥပါဒါနက္ခန္ဓာ ဟုတ်မှန်းမသိ၊ မဟုတ်မှန်းမသိ၊ လူမှာဖြစ်သမျှ ခန္ဓာအားလုံးဖြစ်သော ရုပ်အားလုံး ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်အားလုံး၏ အဖြစ်အပျက်များကို ဥပါဒါနက္ခန္ဓာမဟုတ်မှန်း မသိသူအနေဖြင့် ဥပါဒါနက္ခန္ဓာ ဟုတ်မှန်းလည်း မသိသူဖြစ်မည်ကြောင့် ဘယ်ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများ၏ အဖြစ်အပျက်ကို ကြည့်သည်ဖြစ်စေ အဘယ်အရာကိုမျှ ပိုင်းခြားမသိခြင်းဘဲ ဖြစ်မည်မလွဲဖြစ်သည်၊ ဤအချက်သည် ပထမမှားယွင်းသော သိမှုဖြစ်သည်။

ဒုတိယမှားယွင်းသိမြင်မှုမှာ လူမှာဖြစ်သမျှ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ခန္ဓာအားလုံးကို ဥပါဒါနက္ခန္ဓာချည်းသတ်မှတ်၍ ထိုခန္ဓာအားလုံးကို ရုပ်ခန္ဓာနှင့်နာမ်ခန္ဓာများ ကွဲပြားအောင်ကြည့်ပြီး ထိုခန္ဓာတို့၏ ဖြစ်ခြင်းနှင့် ပျက်ခြင်းများကို မြင်စေခြင်းများ ပြုလုပ်ခြင်းဖြစ်သည်။

ရုပ်ခန္ဓာ၊ နာမ်ခန္ဓာများ၏အကြောင်း ဇာချဲ့၍စာဖွဲ့ကြသည်မှာ တရုည်တလျား ဖြစ်သည်၊ ဤကျမ်းစာသည် ဥပါဒါနက္ခန္ဓာများ ပိုင်းခြားသိမှုကို ဖြစ်စေသောကျမ်းဖြစ်သည်၊ ဤကျမ်း၌ ခန္ဓာတို့၏ ဥပ္ပန္နအဖြစ်ရောက်ရန် ပစ္စယများက အဘယ်သို့ ဥပကာရမှုပြုသည်ကို အသေးစိတ်ပြသည်၊ ဤကျမ်းသည် အရိယာတို့၏ ပိုင်းခြားအသိခံ အဖြစ်အပျက်သိပုံ ပြချက်များအဖြစ် တင်ပြထားချက်များဖြစ်သည်။

နောက်ပိုင်း၌ အရိယာတို့၏ ပိုင်းခြားအသိခံအဖြစ်အပျက်ကို ပိုင်းခြားသိရန် လေ့လာစရာအဖြစ် ဘယ်ပစ္စည်းပစ္စယကြောင့် ဘယ်ခန္ဓာဖြစ်သော ရုပ်များ ဝေဒနာများ သညာ သင်္ခါရ ဝိညာဉ်များ ဥပ္ပန္နအဖြစ် ရောက်ကြရသည်အထိ မဟုတ်တော့ဘဲ ရုပ်နာမ်တို့၏ သာမညလက္ခဏာဖြစ်သော ဥပါဒ် ဌီ ဘင်ကို ခန္ဓာအား ပိုင်းခြားသိမှုအဖြစ် သိကြတော့သည်။

အရိယာတို့၏ ပိုင်းခြားအသိခံ အဖြစ်အပျက်သည် ရုပ်နာမ်တို့၏ ဥပ္ပါဒဝယများ မဟုတ်ကြဘဲ ကံကိလေသာများကဖြစ်စေသော အစွဲခံအဖြစ်အပျက် ဥပ္ပါဒဝယများသာဖြစ်သည်၊ ဤအဖြစ်အပျက်များကို ပိုင်းခြားမသိကြ၍ စွဲလမ်းမှုဥပါဒါန်များ ဖြစ်ကြရသည်၊ စွဲလမ်းမှုဥပါဒါန်များအဖြစ်သိမ်းရန် ကံကိလေသာများကဖြစ်စေသော အစွဲအလမ်းခံ အဖြစ်အပျက်များကို သိအောင်ပြုကြရခြင်း ဖြစ်သည်။

အစွဲအလမ်း(ဥပါဒါန်)အဖြစ်ခံ အဖြစ်အပျက်များကို ဘယ်အရာက ပေါက်ပွားပေးလိုက်ကြောင်းသိမှသာ ဤအဖြစ်အပျက်များကို ကိုယ့်ကိုယ်ပေါ်၌ ဖြစ်နေသော်လည်း ကိုယ့်ဟာမဟုတ်ကြောင်း ကိုယ်မဟုတ်ကြောင်း ကိုယ့်ကိုယ်အတ္တမဟုတ်ကြောင်း အမှတ် အသိ အမြင်များ ရှင်းမည်မဟုတ်လော။

ဤသို့ အစွဲအလမ်းဥပါဒါန်အဖြစ်ခံ အဖြစ်အပျက်များကို ကိုယ့်ဟာအဖြစ် ကိုယ်အဖြစ် ကိုယ့်ကိုယ်အတ္တအဖြစ် အမှတ် အသိ အမြင်များ မဖောက်ပြန်တော့မှ အစွဲအလမ်းမရှိဖြစ်ပြီး အစွဲအလမ်းကဖြစ်စေသော ကံကိလေသာများ ငြိမ်းကြမည် မဟုတ်ပါလော။

ထို့ကြောင့် ကံကိလေသာများကဖြစ်စေသော အစွဲအလမ်းခံ(ဥပါဒါန်)အဖြစ်အပျက်ကို ရုပ်တို့၏ သာမညလက္ခဏာနှင့် နာမ်တို့၏ သာမညလက္ခဏာဖြစ်သော ဥပါဒ် ဌီ ဘင်များဟု မှတ်ထင်ခြင်းသည် မှားယွင်းသော မှတ်ထင်ချက်ဖြစ်သည်။

ရုပ်နာမ်တို့၏ သာမညလက္ခဏာကို ပိုင်းခြားသိမှုသည် လူ့လောကအတွက် အဓိပ္ပာယ်မရှိ၍ သိစရာမဟုတ်သော အသိဖြစ်သည်၊ ဤအသိသည် လူ့လောကအတွက် အကောင်းအဓိပ္ပာယ် အကျိုးအဓိပ္ပာယ် အကောင်းအဆိုးနှစ်မျိုးက လွတ်သောအဓိပ္ပာယ် ဘာတစ်ခုမျှမရှိသော အသိဖြစ်သည်၊ လူသည် အဓိပ္ပာယ်ရှိသောအရာကိုသာ လက်ခံသိပေးမှုပြုသည်၊ ဤသို့မဟုတ်လျှင် သိမှု၏ အပြင်ဘက်သို့ လူက ဖယ်ထုတ်ပစ်သည်။

ဤရုပ်နာမ်ဖြစ်ပျက်အသိသည် ကာလတစ်ခုကိုလွန်လျှင် ဤအသိကိုဖယ်ထုတ်ပြီး ဘာမျှမရှိရာသို့ အလို အလျောက် အသိပြောင်းပြီးသိသည်၊ ဤဘာမျှမရှိရာကို ငြိမ်းရာအဖြစ် စွဲမက်မှုဝင်ကြသေးသည်၊ ဤငြိမ်းရာသည် အဘယ်အရာမှ ငြိမ်းရာဖြစ်သနည်း၊ လူ့လောက၌ ငြိမ်းရာဆိုသည်မှာ လူ့လောကအတွက် အဓိပ္ပာယ်မရှိရာများမှ ငြိမ်းရမည်ဖြစ်သည်၊ အဓိပ္ပာယ်ရှိမရှိ အားလုံးငြိမ်းရာသည် ငြိမ်းရာမဟုတ်ဘဲ ဘာမျှမရှိရာသာဖြစ်သည်၊ ဤဘာမျှမရှိရာအာရုံသည် အရူပကံသခ်ါရ ၏ အာရုံဖြစ်သည်၊ အရူပကံသခ်ါရသည် လူ့လောကအတွက် လွန်ကျူးမှုသာဖြစ်သည်၊ ဤအမှုသည် အစွဲကိုဖြစ်စေသောခန္ဓာကို ပေါက်ပွားပေးမည့် လွန်ကျူးမှုကံဖြစ်သည်။

ဘာမျှမရှိရာကို ငြိမ်းရာဟုစွဲမှတ်၍ ဤငြိမ်းရာကို ကိုယ့်ဟာအဖြစ်သိမ်းပိုက်ခြင်းသည် လူ့လောကအတွက် အဓိပ္ပာယ်တစ်စုံတစ်ရာမရှိသော အာရုံ၌ စွဲငြိစရာခန္ဓာဖြစ်ဖို့သာ ဖြစ်သည်၊ ပိုင်းခြားအသိခံ အရိယာတို့အဖြစ်အပျက်အာရုံသည် အစွဲအာရုံသာဖြစ်သည်၊ စွဲစရာမဟုတ်ကြောင်း သိသောအသိသည် စွဲစရာ၌ မစွဲစေသောအသိဖြစ်သည်။

ထို့ကြောင့် ကံကဖြစ်စေသော ရုပ် ဝေဒနာ သညာ သခ်ါရ ဝိညာဉ်များကို အစွဲဖြုတ်သောအားဖြင့် အစွဲခံဖြစ်သော ရုပ်များမရှိကြသည်ကို သိနေကြသည်၊ ဤသို့သိနေကြခြင်းသည် အစွဲကို ဖြုတ်နေခြင်းမဟုတ်ဘဲ အစွဲခံကို ဖြုတ်နေခြင်းသာဖြစ်သည်။

အစွဲခံ ရုပ် ဝေဒနာ သညာ သခ်ါရ ဝိညာဉ်ခန္ဓာများသည် ဖြုတ်၍မရသော ခန္ဓာများဖြစ်သည်၊ ဖြုတ်သည်ဆိုသည်မှာ

စွန့်ပယ်ခြင်းဆိုသည်နှင့် အနက်တူဖြစ်သည်၊ အစွဲခံခန္ဓာများသည် အစွန့်ပယ်ခံ(ပဟာတဗ္ဗ)ခန္ဓာ မဟုတ်ကြသောကြောင့်ဖြစ်သည်၊ အစွန့်ပယ်ခံ(ပဟာတဗ္ဗ) ခန္ဓာများသည် ကံကိလေသာခန္ဓာများသာဖြစ်သည်၊ ကံ၏ ဇာတ်ဝင်ခန္ဓာများသည် ကံကိလေသာခန္ဓာများ၏ အကျိုးဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများသာ ဖြစ်သည်။

ပယ်ရမည့်အရာ(ပဟာတဗ္ဗ)မဟုတ်သော ကံဇာတ်ဝင်ခန္ဓာ ရုပ်နာမ်များကို သူတို့၏ မရှိသည်အဖြစ် လက္ခဏာဖြစ်သော သာမညလက္ခဏာအမြင်သည် ဘယ်အရာကို ပိုင်းခြားသိသောအမြင် ဖြစ်မည်နည်း၊ ဤကံဇာတ်ဝင်ခန္ဓာဖြစ်သော ရုပ်နာမ်သည် အဘယ်ကံက ဖြစ်စေသည်၊ ဤကံသည်လည်း အဘယ်ကိလေသာက ဖြစ်စေသည်၊ ဤကိလေသာသည်လည်း အဘယ်ကံဇာတ်ဝင်ခန္ဓာရုပ်အား စွဲလမ်းမှုကဖြစ်စေသည်ဟု သိရမည်၊ ထို့ကြောင့် ရုပ်နာမ်တို့၏ သာမညလက္ခဏာဖြစ်သော မရှိသည်၏အဖြစ်အသိက ဘယ်သို့သိစေပါမည်နည်း။

ကံဇာတ်ဝင်ခန္ဓာ ရုပ်နာမ်များကို ပိုင်းခြားသိသည်ဆိုသည်မှာ ဤခန္ဓာရုပ်နာမ်များကို လိပ်ပတ်လည်အောင် သိမြင်ခြင်း၏ အမည်ဖြစ်သည်၊ ကံဇာတ်ဝင်ခန္ဓာ ရုပ်နာမ်များ မရှိသည်၏အဖြစ် သိခြင်း၏ အမည်မဟုတ်ပေ၊ မရှိသည်၏ အဖြစ် အသိသည် လိပ်ပတ်လည်အောင်သိသော အသိမဟုတ်သောကြောင့်ဖြစ်သည်၊ ကံဇာတ်ဝင်ခန္ဓာများ မရှိသည်၏အဖြစ်သည် အစွဲဥပါဒါန်ကို ပယ်စွန့်ခြင်းမဟုတ်ဘဲ အစွဲဥပါဒါန်ဖြစ်ရမည့်အရာ မရှိခြင်းမျှသာဖြစ်သည်၊ ရောဂါဒဏ်ခံနေရသူကို ကုရာ၌ ခံနေရသူသေအောင်ပြု၍ ရောဂါဒဏ်မခံရစေသကဲ့သို့သာဖြစ်သည်။

ကံဇာတ်ဝင်ခန္ဓာရုပ်နာမ်ကို ပိုင်းခြားသိလျှင် ကံဇာတ်ဝင်ခန္ဓာရုပ်နာမ်သည် ကိုယ်လုပ်ထားသောအရာမဟုတ်ဘဲ ကံဇာတ်ဝင်ခန္ဓာရုပ်နာမ်အား စွဲလမ်းခြင်းကပင် ကံဇာတ်ဝင်ခန္ဓာရုပ်နာမ်ဖြစ်စေကြောင်း သိပြီး စိုက်ခင်း၌ ကိုယ်စိုက်ပျိုးသော အပင်က သီးနှံကို ကိုယ့်ဟာအဖြစ်သိမ်းသော်လည်း ကိုယ်စိုက်သောအပင်မဟုတ်ဘဲ အလေ့ကျပေါက်သော ပေါင်းမြက်ပင်၏ သီးနှံဖြစ်၍ ဥပါဒါန်ခန္ဓာရုပ်နာမ်ကို ကိုယ့်ဟာအဖြစ် မသိမ်းမိရန် ကံဇာတ်ဝင်ခန္ဓာရုပ်နာမ်ကို ကံဇာတ်ဝင်ခန္ဓာရုပ်နာမ်ဖြစ်ကြောင်း ပိုင်းခြားသိစေရခြင်း ဖြစ်သည်။

ကျင့်ပွားမည့် အရိယမဂ္ဂကို ကျင့်ပွားခြင်းဖြင့် ပိုင်းခြားသိရမည့် အရိယာ၏ ပိုင်းခြားအသိခံ(ပရိဇာနန) ကံဇာတ်ဝင်ရုပ်နာမ်ခန္ဓာ (ဥပါဒါနက္ခန္ဓာ)အား ပိုင်းခြားသိပုံပြချက်သည် ရှည်လျားသွားခဲ့သည်၊ အရိယမဂ်၏ အသိခံမြုပ်ကွက်ကို ပေါ်သည်ထက်ပေါ် ဖြစ်စေလို၍ဖြစ်သည်။

ပယ်စွန့်စရာ အရိယကံဇာတ်ဝင် ရုပ်နာမ်ခန္ဓာဖြစ်ကြောင်း သမုဒယဖြစ်သော ကံကိလေသာများအား ပယ်စွန့်စရာကို အသိပေးရပါမည်၊ ကံဇာတ်ဝင်ရုပ်နာမ်ခန္ဓာအား ကံကိလေသာများက ဖြစ်စေပုံအသိသည် ကံဇာတ်ဝင်ရုပ်နာမ် ခန္ဓာဖြစ်အောင် ကိုယ်ကလုပ်ခဲ့သည်ဟူသော အသိမှားအဝိဇ္ဇာကို သေစေပြီး အသိမှန်ဝိဇ္ဇာဓာတ်ကို ဖြစ်စေသည်၊ ဤဝိဇ္ဇာဓာတ်သည် ကံဇာတ်ဝင်ရုပ်နာမ်ခန္ဓာအား အမှတ် အသိ အမြင်ဖောက်ပြန်ပြီး ငါ့ဟာ ငါ ငါ့ကိုယ်အတ္တလုပ်သော တဏှာမာနဒိဋ္ဌိဟူသော ပပဉ္စအနုသယကိလေသာများကို ပယ်စွန့်စေသည်၊ ထို့ကြောင့် ကံဇာတ်ဝင်ခန္ဓာရုပ်နာမ်များ၌ရှိသော အာရုံခံအင်္ဂါများဖြင့် အသစ်အသစ်အာရုံများကို မရှုကြည့်တော့ဘဲ အာရုံများ၏ ပကတိအရှိကိုသာ ကြည့်မြင်တော့သည်၊ အာရုံ၏ ပကတိအရှိကို တွေ့သိမှုအား တုံ့ပြန်ပြောဆိုပြုမူနေထိုင်စရာများအတိုင်း ပြောဆိုပြုမူနေထိုင်တော့သဖြင့် လွန်ကျူးမှုဟူသော အဟုတ်မဟုတ်သော

အပြောအပြုအနေများကို ပယ်စွန့်ခြင်းဖြစ်သည်။

အရိယာဖြစ်ဖို့ ပယ်စရာသည် အပိုင်းသုံးပိုင်းရှိသည်၊ ပထမပယ်စရာသည် ကံဇာတ်ဝင်ခန္ဓာများဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်များကို ကံနှင့်ကိလေသာများက ဖြစ်စေသည်ဟု မသိခြင်းအဝိဇ္ဇာနှင့် ဤခန္ဓာများကို ကိုယ့်ဟာအဖြစ် ကိုယ်အဖြစ် ကိုယ့်ကိုယ်အတ္တအဖြစ် ဖောက်ပြန်သော အမှတ် အသိ အမြင်ကြောင့်ဖြစ်သော တဏှာမာနဒိဋ္ဌိ ဖြစ်မှန်းမသိ ဖြစ်နေခြင်းများဖြစ်သည်၊ ဤကား ပထမပယ်စရာဖြစ်သည်။

ဒုတိယပယ်စရာမှာ ပထမပယ်စရာများကို မပယ်သောသူ၌ ပတ်ဝန်းကျင်မှ အာရုံများထင်လာသောအခါ ဤအာရုံများ၏ ပမာဏအမှန်ကိုမသိဘဲ အာရုံလက်ခံသူ၏ အာရုံခံအင်္ဂါဒွါရများ ပမာဏအလျောက် အသိများဖြစ်ပြီး ဤအာရုံများ၌ လောဘ ဒေါသများ အနည်းအများမဟူ ထကြွမှုများသည် ပယ်စွန့်စရာများဖြစ်သည်။

အာရုံခံအင်္ဂါဒွါရများဟူသည် မျက်စိနားနှာလျှာကိုယ်ရုပ်များနှင့် မနောဟူသော နာမ်ဒွါရများဖြစ်သည်၊ ဤဒွါရဖြစ်သော ရုပ်နာမ်များသည် ရုပ်နာမ်ဒွါရအဖြစ်ချင်းတူသော်လည်း ဤရုပ်နာမ်ဒွါရများကိုဖြစ်စေသော ကံသင်္ခါရချင်းမတူသည့်အလျောက် ရုပ်နာမ်ဒွါရ အနိမ့်အမြင့် အကြီးအငယ် အယုတ်အမြတ်များကွဲပြားကြသည်။

လောက၌ မျက်စိချင်းတူသော်လည်း တချို့မျက်စိသည် စာပေကျမ်းဂန်များကို ဖတ်တတ်ပြီး တချို့မတတ်ဖြစ် သကဲ့သို့ဖြစ်သည်၊ မျက်စိကလည်း ကိုယ်လေ့ကျင့်မှ မျက်စိပေါက်ပြီး မလေ့ကျင့်ထားလျှင် မပေါက်ခြင်းဖြစ်သည်၊ နားစသည်လည်း အတူပင်ဖြစ်သည်၊ မနောဒွါရလည်း ထို့အတူပင် ဖြစ်သည်။

ကံဇာတ်ဝင်ဒွါရများလည်း သူတို့ကိုဖြစ်စေသော ကံကိလေသာတို့အလျောက် မတူခြားနား ကွဲပြားကြသည်၊ ကံကိလေသာအနိမ့်စား အညံ့စားကဖြစ်စေသောဒွါရများသည် ကံကိလေသာအလတ်စား အမြတ်စားများကဖြစ်စေသော ဒွါရများနှင့် မတူကွဲပြား ခြားနားကြသည်။

ပကတိအာရုံက ယုတ်ညံ့နေလည်း မြင့်မြတ်သောဒွါရရှိသူက စိတ်ဆိုးဒေါသမဖြစ်၊ အာရုံကမြင့်မြတ်နေလည်း ယုတ်ညံ့သောဒွါရရှိသူက စိတ်ဆိုးဒေါသဖြစ်စရာဟု မြင်သည်၊ ကိလေသာဖြစ်ခြင်း မဖြစ်ခြင်းသည် အာရုံကမပြဌာန်းဘဲ ဒွါရကပြဌာန်းသည်။

ဘိန်းဘင်းကဖော်ငတ်သောကိလေသာထပြီး ဘိန်းဘင်းကဖော်သောက်စားမှုကံ လွန်ကျူးမှုကဖြစ်စေသော မျက်စိနားနှာလျှာကိုယ်စိတ် ဒွါရများရှိသူသည် ဘိန်းဘင်းကဖော်အာရုံကိုတွေ့လျှင် သောက်စားချင်သော ကိလေသာများ ထကြွလာကြမည်၊ ဘိန်းဘင်းကဖော်လွန်ကျူးမှုကံဖြစ်စေသော ဒွါရမရှိသူအနေဖြင့် ဘိန်းဘင်းကဖော်ကိုတွေ့သော်လည်း တုန်လှုပ်ခြင်း မရှိဘဲဖြစ်မည်၊ ဘိန်းဘင်းကဖော်သည် ဘိန်းဘင်းကဖော်ကြောင့်ဖြစ်သော ဒွါရရှိသူကိုသာ ညှို့နိုင်သည်၊ မရှိသူအတွက် မညှို့နိုင်။

အာရုံများကို တန်ဖိုးဖြတ်ကြသော ဒွါရအမျိုးမျိုးသည် ကံအမျိုးမျိုးကဖြစ်စေသော ခန္ဓာအမျိုးမျိုးပင်ဖြစ်သည်၊ ထိုဒွါရအမျိုးမျိုးက တန်ဖိုးဖြတ်မှားပြီး လိုလားစရာမဟုတ်သော အာရုံကို လိုလားမှု၊ မလိုလားစရာမဟုတ်သော အာရုံကို မလိုမလားဖြစ်မှုစသော အဟုတ်မဟုတ်သော အသိများသည်လည်း အရိယာတို့၏ ဒုတိယပယ်စရာများဖြစ်ကြသည်။

တတိယပယ်စရာမှာ ဒုတိယပယ်စရာများ၏ မပယ်နိုင်ဘဲ ထကြွသောင်းကျန်းမှုဒဏ်ကို မငြင်းဆန်မတော်လှန်

နိုင်သောကြောင့် အဟုတ်မဟုတ်သော အမြင်အာရုံအတွက် လွန်ကျူးသော အပြောအပြုအနေများ ပြုလုပ်ခြင်းဖြစ်သည်၊ အမြင်မှားဖြင့် ကာယကံ ဝစီကံ မနောကံများ တို့ပြန်လွန်ကျူးခြင်းဖြစ်သည်၊ ဤတို့ပြန်လွန်ကျူးမှုများသည် အာရုံဖြင့်ပြောလျှင် ကာမအာရုံလွန်ကျူးမှု ရူပအာရုံလွန်ကျူးမှု အရူပအာရုံလွန်ကျူးမှုဟူ၍ သုံးမျိုးရှိသည်၊ အမှုအားဖြင့်ပြောလျှင် သူတစ်ပါးမခံချင်စရာ အမှုနှင့် မခံချင်စရာမှန်းမသိသောအမှုဟူ၍ နှစ်မျိုးဖြစ်သည်၊ ဤသို့ကွဲပြားသော်လည်း လွန်ကျူးမှုတိုင်း၌ တူညီသောလက္ခဏာအားဖြင့် တစ်မျိုးသာရှိသည်၊ ယင်းမှာ တစ်ကိုယ်ကောင်းဖြစ်၍ မမျှတခြင်းများချည်းဖြစ်သည်၊ ကာမအကုသိုလ်လည်း ကိုယ်ကောင်းစားဖို့၊ ကာမကုသိုလ်လည်း ကိုယ်ကောင်းစားဖို့၊ ရူပနှင့် အရူပကုသိုလ်များကလည်း ကိုယ်ကောင်းစားဖို့များချည်းဖြစ်ကြ၍ ဤလွန်ကျူးမှုလေးမျိုးလုံးသည် တစ်ကိုယ်ကောင်းအလုပ်များသာ ဖြစ်ကြသည်။

ဤတစ်ကိုယ်ကောင်းအလုပ်များသည် တစ်ကိုယ်တည်းနေရသော လောကမဟုတ်သောကြောင့် ဘယ်လောက်အထိ ကိုယ့်တစ်ကိုယ်အတွက်ကောင်းသော်လည်း မငြိမ်းချမ်းနိုင်သောအလုပ်ဖြစ်သည်၊ ကိုယ့်အနေဖြင့်ကောင်းသော်လည်း ကိုယ်နှင့် ထိစပ်နေရသူများအနေဖြင့် မကောင်းနိုင်သော အပြောအပြုအနေဖြစ်လျှင် မမျှတသောအလုပ်ဖြစ်ပြီး မငြိမ်းချမ်းနိုင် သောအလုပ်ဖြစ်သည်။

လူ၏ အပြောအပြုအနေ သုံးမျိုးအနက် တစ်မျိုးတိုင်းသည် ကိုယ့်အကျိုးသူ့အကျိုး တစ်မျိုးမျိုးကို မထိခိုက်စေဘဲ ကိုယ့်အကျိုးသူ့အကျိုး နှစ်မျိုးလုံးဖြစ်စေသော မျှတသောအမှုများဖြစ်ရမည်၊ အစွဲလောကအမြင်ရှိသူအနေဖြင့် လောကကို အပြောအပြုအနေတို့ဖြင့် ဆက်ဆံကြရာ၌ ဆက်ဆံသူ အဆက်ဆံခံရသူ နှစ်ဦးနှစ်ဝ မျှတပြီး မလွန်ကျူးအောင် မဆက်ဆံနိုင်ဖြစ်ကြသည်၊ ဆက်ဆံသောရည်ရွယ်ချက်၌ အစွဲဝင်နေသောသူက ကိုယ့်ကိုဖြည့်ဆည်းဖို့ တစ်ကိုယ်ကောင်းစိတ်က ရှေ့တန်းရောက်နေသောကြောင့်ဖြစ်သည်။

လူ့လောက၌ တစ်ယောက်တိုင်းကို သူစိမ်းပြင်ပြင်အဖြစ်မြင်သည်၊ ကိုယ့်ကံကိုယ်ထမ်းပြီး ကိုယ့်လမ်းကိုယ်လျှောက်နေကြသူများနှင့် ခဏဆုံသူဖြစ်သည်၊ ကိုယ်လည်း ဤအတူဖြစ်သည်ဟု ကိုယ့်ကိုယ်လည်း အထီးကျန် အဖြစ်မြင်သည်၊ သို့ဖြစ်၍ ကိုယ့်အတွက်ကိုယ်လုပ်ခြင်းသည် အရေးအကြီးဆုံးဟုမြင်သည်။

ထိုသို့မြင်သော်လည်း ကိုယ်လုပ်သမျှတိုင်းကို ကြည့်လျှင် သူများအတွက်ချည်းဖြစ်နေသည်ကို မမြင်နိုင်ဖြစ်နေသည်၊ ကုန်သွယ်လယ်လုပ် အုပ်ချုပ်သင်ကြား အစစများသည် လူ့လောက၏ တာဝန်တစ်ခုကို ဝင်ရောက်ထမ်းဆောင်မှုများချည်း မဟုတ်ပါလော၊ ဤသို့ဖြစ်လျှက် မျက်မှောက်များကို မျက်နှာလွှဲလျက် ကာမရူပအရူပအာရုံများ၌ ကုသိုလ် အကုသိုလ်ကံများပြုပြီး တစ်ကိုယ်ကောင်းဆန်မှုသည် အစွဲဝန်ထုပ်၏ စေစားချက်ကြောင့်ဖြစ်ကြောင်း ထင်ရှားလှသည်။

ထို့ကြောင့် အစွဲကံများကျင့်ပြီး အစွဲစျာန်များကိုပွားများကာ အစွဲဉာဏ်ဖြစ်သော ဉာဏ်အနီ၊ ဉာဏ်အနက်၊ ဉာဏ်ပန်း၊ ဉာဏ်ခရမ်း ပေါက်သောကြောင့် အစွဲကံထပ်လုပ်မှုဟူသော အစွဲကံစျာန်ဉာဏ်များသည် အရိယာတို့ပယ်စွန့်စရာများ ဖြစ်ကြသည်။

အရိယတရားဓမ္မကျင့်ပွား၍ အရိယာပိုင်းခြားသိစရာ ကံကဖြစ်စေသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာများကို ပိုင်းခြားသိသောအခါ အရိယာပယ်စွန့်စရာ ကံခန္ဓာကို ငါ့ဟာ ငါ ငါ့အတ္တအဖြစ် အမှတ်သညာဖောက်ပြန်မှု

အသိစိတ်ဓာတ်ဖောက်ပြန်မှု အမြင်ဒဿနဖောက်ပြန်မှုများနှင့် ယင်းဖောက်ပြန်မှုများကြောင့်ဖြစ်သော မြင်စရာကြားစရာ အာရုံများ၏ ပမာဏအမှန်နှင့် လွဲချော်မြင်မှုကြားမှုများဖြစ်ပြီး ဤသို့ဖြစ်သည့်အတိုင်း ပြောဆိုပြုမူနေထိုင် တုံ့ပြန်မှုကံအမျိုးမျိုးကို ပယ်စွန့်ကြသည်။

ဤသို့ ကံကိလေသာအမျိုးမျိုးကို ပယ်စွန့်သောကြောင့် ကံကိလေသာများကဖြစ်စေရသော ကံဇာတ်ဝင်ခန္ဓာများဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟူသော ဥပါဒါနက္ခန္ဓာများလည်း ငြိမ်းကြရသည်၊ ဤငြိမ်းရာသည် အရိယာမျက်မှောက်ပြုစရာဖြစ်သည်။

အရိယာတို့၏ ကျင့်ပွားရမည့်အရိယတရားဓမ္မသည် ကျင့်ပွားသူအား ကျင့်ပွားခြင်းနှင့်အတူ အဖြစ်သုံးခုကို တစ်ပြိုင်နက်ဖြစ်စေသည်၊ ပထမအဖြစ်မှာ ကံဇာတ်ဝင်ခန္ဓာများကို ကံများနှင့် ထိုကံကိုဖြစ်စေသော အာရုံများအပေါ် အမြင်မှားကိလေသာများ၊ ထိုကိလေသာများကို ကံဇာတ်ဝင်ခန္ဓာများအပေါ် အမှတ်အသိအမြင်ဖောက်ပြန်မှု အနုသယများကဖြစ်စေကြောင်း ပိုင်းခြားသိသောအသိဖြစ်သည်၊ ဒုတိယအဖြစ်မှာ ကံဇာတ်ဝင်ခန္ဓာများကိုဖြစ်စေသော ကံအားလုံးနှင့် ထိုကံအားလုံးကိုဖြစ်စေသော ကိလေသာအားလုံးကို ပယ်စွန့်သောအဖြစ် ဖြစ်သည်၊ တတိယအဖြစ်မှာ ကံများကိုဖြစ်စေသော ကိလေသာအားလုံးနှင့် ထိုကိလေသာအားလုံးကဖြစ်စေသော ကံအားလုံးကို ပယ်စွန့်ပြီးဖြစ်သောကြောင့် ကံများကဖြစ်စေသော ကံဇာတ်ဝင်ခန္ဓာခပ်သိမ်း ဖြစ်ပွားစရာမရှိဘဲ ငြိမ်းခြင်းအဖြစ် ဖြစ်သည်။

ထို့ကြောင့် ကျင့်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယမဂ္ဂသည် လူ့လောက၏ မလွတ်လပ်မှုများမှာ ကံဇာတ်ဝင်ခန္ဓာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့အား ကံများနှင့်ကိလေသာများက ဖြစ်စေကြကြောင်းနှင့် ယင်းကိလေသာကိုလည်း ဤကံဇာတ်ဝင်ခန္ဓာများကပင် ဖြစ်စေကြောင်း ပိုင်းခြားသိမှုကို ဖြစ်စေသည်၊ ဤသို့ပိုင်းခြားသိမှုသည် ကံဇာတ်ဝင်ခန္ဓာများကို ဖြစ်စေသောကံများနှင့် ဤကံများကိုပြုစေသော ကံဇာတ်ဝင်ခန္ဓာများအပေါ်စွဲလမ်းသော ကိလေသာအား ပယ်မှုကိုလည်း ဖြစ်စေသည်၊ ဤသို့ ကံနှင့်ကိလေသာများကို ပယ်သောကြောင့် ကံအမျိုးမျိုးပြုခြင်းကြောင့်ဖြစ်ရသော ကံအမျိုးမျိုးဆိုင်ရာ ဇာတ်ဝင်ခန္ဓာအမျိုးမျိုးမှ လွတ်လပ်မှုကိုလည်း ဖြစ်စေသည်။

ကျင့်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယမဂ္ဂသည် ဗုဒ္ဓဘုရားညွှန်ပြဖောက်ထွင်းထားခဲ့သော ဗုဒ္ဓဘုရား၏ ကိုယ်ပိုင်သီးခြားလမ်းကြောင်းဖြစ်သည်၊ ဤအရိယမဂ္ဂမပျောက်သမျှ ဗုဒ္ဓဘုရားမပျောက်နိုင်၊ ထို့အတူ ဗုဒ္ဓဘုရား၏ အဆုံးအမကိုလိုက်နာကြသော သာဝကအရိယာများဖြစ်သော သောတာပန်အရိယာ၊ သကဒါဂါမ်အရိယာ၊ အနာဂါမ်အရိယာ၊ အရဟတ်အရိယာ အစုံဖြစ်သူ အရိယာရှစ်ပါးလည်း လူ့လောကမှ မကွယ်မပျောက်နိုင်ဖြစ်မည်။

ဤကျင့်ပွားစရာ အင်္ဂါရှစ်ပါးရှိသော အရိယမဂ္ဂပျောက်လျှင် ဤအရိယမဂ္ဂကို ဖော်ထုတ်ခဲ့သော ဗုဒ္ဓဘုရားလည်းပျောက် အရိယာသာဝကအစုံရှစ်ယောက်လည်း အပျောက်ခံရမည်။

ဤကျင့်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယမဂ္ဂ၏ အနက်အဓ္ဓများ ယိုင်ယိုင်ရွဲ့ရွဲ့ဖြစ်ပြီး ပိုင်းခြားသိစရာလည်း မသိနိုင်၊ ပယ်စရာလည်း မပယ်နိုင်၊ ဆိုက်ရောက်စရာလည်း မဆိုက်ရောက်နိုင်သော အနက်အဓိပ္ပာယ်မည်ကာမျှ အနက်များဖြစ်နေလျှင် ဗုဒ္ဓဘုရားနှင့် သူ့သာဝကများလည်း သမိုင်းသရုပ်ဆောင် ဇာတ်ရုပ်များအလား အဖြစ်ခံရမည်။

ဤကျင့်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယမဂ္ဂသည် အရိယသာသနာ(အဆုံးအမ)ဖြစ်သည်၊ အရိယသာသနာ၌

ဝန်ထမ်းပရိသတ်လေးပါးရှိသည်၊ ဓမ္မဆိုင်ရာဝန်ထမ်းနှစ်ပါးဘိက္ခုဘိက္ခုနီနှင့် ပစ္စယဆိုင်ရာဝန်ထမ်းနှစ်ပါး ဥပါသကာ ဥပါသိကာ တို့ဖြစ်ကြပြီး ဤဝန်ထမ်းများသည် ပုဂ္ဂိုလ်အားဖြင့် အရိယာရှစ်ယောက်ဖြစ်သည်၊ ဤပရိသတ်နှင့် ပုဂ္ဂိုလ်မဟုတ် သူများသည် အရိယဓမ္မသာသနာမှ အပြင်အပ ပရိသတ်နှင့် ပုဂ္ဂိုလ်များဖြစ်ကြသည်။

ဤကျင့်ပွားစရာ အင်္ဂါရှစ်ပါးရှိသော အရိယဓမ္မမဟုတ်သော ဓမ္မသည် အရိယသာသနာမှအပဖြစ်သော အသဒ္ဓမ္မ၊ အသန္တိဋ္ဌိကဓမ္မဖြစ်ပြီး ယင်းတို့အား ညွှန်ပြကျင့်ပွားကြသူများသည် အသပ္ပုရိသပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဤကျင့်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယဓမ္မသည် စကားဆိုလိုချက်သိသူတို့အနေဖြင့် အပြစ်မဲ့စကားဖြစ်ကြောင်း၊ ကိုယ်တိုင်မြင်နိုင်ကြောင်း၊ ခေတ်တိုက်စားမှုမှ လွတ်ကြောင်း၊ ပြောပြ၍ ရကြောင်း၊ ဆောင်၍ ရကြောင်း၊ လက်ငင်းသိရကြောင်း ဓမ္မဖြစ်သည်။

ဤကျင့်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယဓမ္မသည် ကံကြောင့်ဖြစ်သော ရုပ်ခန္ဓာ ဝေဒနာခန္ဓာ သညာ သင်္ခါရ ဝိညာဉ်ခန္ဓာတို့ အဘယ့်ကြောင့်ဖြစ်ကြောင်း အကြောင်းနှင့် ဤအကြောင်းကို ဖြစ်ပွားစေသောကိလေသာများသည် ဤရုပ်ဝေဒနာ သညာသင်္ခါရဝိညာဉ်ခန္ဓာများ၌ စွဲလမ်းမှုအဖြစ် ငါ့ဟာ ငါ ငါ့ကိုယ်အတ္တများဖြစ်ကြကြောင်း၊ ပိုင်းပိုင်းခြားခြား သိသည့်မှတပါး အခြားပိုင်းခြားသိစရာများ၌ ပိုင်းခြားအသိမဖြစ်သော တရားဓမ္မဖြစ်သည်။

ကျင့်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယဓမ္မဖြင့် ပိုင်းခြားအသိခံခန္ဓာကို လူ့လောကက မသိခြင်းသည် လူ့လောက၌ ဖြစ်ပွားသမျှ ဝိရောဓိများ ပဋိပက္ခများ၏ မိဘဖြစ်သည်၊ လူ့လောက၏ ပြဿနာအားလုံးသည် ဤမိဘမရှိလျှင် လုံးဝပေါက်ပွား၍ မရသောကြောင့်ဖြစ်သည်။

ဤပိုင်းခြားအသိခံ ကံဇာတ်ဝင်ခန္ဓာသည် လူ့လောကကို တစ်ဦးနှင့်တစ်ဦး နားလည်၍မရအောင် အမျိုးမျိုး တကွဲတပြားစီဖန်တည်းသော လက်သည်ဖြစ်သည်၊ တစ်ဦးနှင့်တစ်ဦး နားလည်နိုင်သည်ဆိုသည်မှာ– လူတစ်ဦးအဖြစ်၏ အနည်းအပါးကလေးမျှဖြစ်သည်၊ မျောနေသော ရေခဲတုံး၏ ပေါ်နေသောအပိုင်းမျှပင်မရှိ ဖြစ်သည်၊ ဤသို့ဖြစ်သောကြောင့် လူတစ်ဦးအနေဖြင့် လူတစ်ဦးကြောင့် အလွန်ချစ်ခင်မှု၊ အလွန်မုန်းတီးမှု၊ အလွန်မနာလိုမှု၊ အလွန်ဝန်တိုမှုဖြစ်သော လောဘ ဒေါသ ဣဿာမစ္ဆရိယများမဖြစ်အောင် မတတ်နိုင်ကြဘဲ မဖြစ်အောင် အောင့်အည်းမျိုသိပ်မှုများဖြင့် လူ့လောကနေရသည်မှာ ကြပ်တည်းကျဉ်းမြောင်းကြရသည်။

လင်နှင့်မယားတိုက်ပွဲ၊ မိဘနှင့်သားသမီးတိုက်ပွဲ၊ မွေးချင်းခြင်းတိုက်ပွဲ၊ လူမျိုးတူတိုက်ပွဲ၊ လူမျိုးမတူတိုက်ပွဲ၊ ရပ်ရွာနိုင်ငံတူတိုက်ပွဲ မတူတိုက်ပွဲ၊ ဘာသာတူတိုက်ပွဲ မတူတိုက်ပွဲ ထိုတိုက်ပွဲများမှ လွတ်အောင်ရှောင်ရှား ကျင့်ကြံခြိုးခြံရ လွန်းသောကြောင့် သွားလမ်းအလွန်ကျဉ်းမြောင်းကြရသည်။

လူ့လောကတိုက်ပွဲများကို လူ့လောကက ငြီးငွေ့ကြသော်လည်း ကိုယ့်ဘက်ကလည်း ကိုယ်မှန်သည်ထင်သလို သူ့ဘက်ကလည်း သူမှန်သည်ထင်သည်၊ ထို့ကြောင့် ကိုယ့်အမှန်ကို လက်လွှတ်ခံ၍မဖြစ်ဆိုပြီး မတိုက်ဘဲမနေနိုင် တိုက်ကြရသည်၊ မတိုက်ဘဲနေလျှင် ကိုယ့်အမှန်များ ဆုံးရှုံးလက်စမဆုံးဖြစ်မည် စိုးကြသည်၊ ထိုသို့ဖြစ်သော်လည်း တိုက်လျှင်ရှုံးမည်ဟု သိနေသူများက မတိုက်ဘဲအရှုံးခံကြရသည်၊ ထို့ကြောင့် လူ့ဘဝ၏ ခါးသီးမှုကိုငြီးငွေ့ပြီး ရှောင်သူများလည်း ရှောင်ကြသည်၊ ထို့ကြောင့်လည်း

လူ့အဖြစ်သည် အကျဉ်းမြောင်းခံကြရသည်။

ကျင့်ပွားရမည့်အရိယဓမ္မသည် လူ့လောကက လမ်းအဖြစ်မမြင်သော လမ်းဖြစ်သည်၊ လူ့လောက၏ ဝိရောဓိနှင့် ပဋိပက္ခခပ်သိမ်းငြိမ်းမှု၏ မိဘဖြစ်သော အစွဲအလမ်းငြိမ်းမှုကို ညွှန်ပြသောဓမ္မဖြစ်သည်။

## ကံသတ်တဲ့ ကံ

ဤကျင့်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယဓမ္မသည် အစွဲခံခန္ဓာဖြစ်သော ရုပ်ခန္ဓာ ဝေဒနာသညာသင်္ခါရ ဝိညာဉ်ခန္ဓာများဖြစ်ကြသော ကံဇာတ်ဝင်ခန္ဓာများကိုဖြစ်စေကြသော ကံနှင့် ကိလေသာအသိများ၊ ဤအသိများကိုဖြစ်စေသော ကံပြုချက်၏ ဈာန်များကိုသတ်သော ကံဓမ္မ ဖြစ်သည်၊ ကိလေသာအသိကဖြစ်စေသော ကံသည် "သင်္ခါရ" ဖြစ်သည်၊ ကိလေသာမဟုတ်သော မျှတသော အသိကဖြစ်စေသော ကံသည် "ဝိသင်္ခါရ" ဖြစ်သည်၊ ဝိသင်္ခါရကံသည် သင်္ခါရကံကိုသတ်သည်၊ ဝိသင်္ခါရကံသည် ကျင့်ပွားစရာ အရိယဓမ္မအင်္ဂါရှစ်ပါးထဲမှ ကံအင်္ဂါဓမ္မဖြစ်သည်။

ဤသို့ ကိလေသာကဖြစ်စေသော ကံသင်္ခါရကိုသတ်သော ဝိသင်္ခါရကံသည် ကျင့်ပွားစရာအရိယဓမ္မဖြင့် ပိုင်းခြားသိစရာ ကံဇာတ်ဝင်ခန္ဓာကို ပိုင်းခြားအသိမရဘဲ ဝိသင်္ခါရမကျင့်ပွားနိုင်သောကြောင့် သင်္ခါရကို မသတ်နိုင်ဘဲဖြစ်သည်၊ ထို့ကြောင့် ကျင့်ပွားပြီးသူကို မှီခိုပြီးမှ ပိုင်းခြားသိစရာကို သိသူဖြစ်မှသာ တဏှာမာနဒိဋ္ဌိများ ကံဇာတ်ဝင်ခန္ဓာ၌ အစွဲကိုသတ်နိုင်သည်၊ သံသရာမမြင်လျှင် အစွဲဝင်သောကြောင့် ဝိသင်္ခါရမပွားနိုင်ဖြစ်ပြီး သင်္ခါရကိုမသတ်နိုင်ပေ။

ထို့ကြောင့် ကံဇာတ်ဝင်ခန္ဓာငါးပါး၌ ပိုင်းခြားအသိများသိရန် ကံဇာတ်ဝင်ခန္ဓာများ၏ အကြောင်းသည် ကံများဖြစ်သည်၊ ကံများ၏အကြောင်းသည် ကိလေသာအသိများဖြစ်သည်၊ ကိလေသာအသိများ၏အစသည် ကံဇာတ်ဝင်ခန္ဓာများကို ပိုင်းခြားသိသောအသိများ မဖြစ်ခြင်းဖြစ်သည်၊ ဤအကြောင်းကို သိပြီးသူများက ပြကြသည်။

ဤအသိကို အလျော်အတိုင်းမသိဘဲ ကိလေသာကဖြစ်စေသော ကံကိုပယ်၍ လုံးဝမရပေ၊ ပယ်နိုင်သည်မှာ ခွေးအမြီးကောက်ကို ကျည်တောက်စွပ်၍ ဖြောင့်သကဲ့သို့သာဖြစ်မည်၊ အဘယ့်ကြောင့်ဆိုသော် ကံအကြောင်းဖြစ်သော အနုသယကိလေသာက တင်းလင်းဖြစ်နေသောကြောင့်ဖြစ်သည်။

ကျင်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယဓမ္မသည် ကံဇာတ်ဝင်ခန္ဓာများ၏ အကြောင်းနှင့် ယင်းအကြောင်း၏ အကြောင်းအဖြစ် ကံဇာတ်ဝင်ခန္ဓာများကို စွဲလမ်းရာမှဖြစ်ကြောင်း ပိုင်းခြားသိစေသောကြောင့် ကံကိလေသာများကိုပယ်သတ်ပြီး ကံဇာတ်ဝင်ခန္ဓာများငြိမ်းရာ ကံသံသရာမှ လွတ်လပ်စေသောဓမ္မဖြစ်သည်။

ဤကျင့်ပွားစရာအင်္ဂါရှစ်ပါးရှိသော အရိယဓမ္မသည် ကံဇာတ်ဝင်ခန္ဓာများ၏ အကြောင်းများကို ပိုင်းခြားသိခြင်းမှလွဲ၍ အခြားဘာကိုမျှမသိ၊ ကံကိလေသာများကို ပယ်ခြင်းမှလွဲ၍လည်း အဘယ်တစ်စုံတစ်ရာကိုမျှ မပယ်၊ ကံဇာတ်ဝင်ခန္ဓာများ ငြိမ်းခြင်းမှ လွဲ၍လည်း ဘယ်ခန္ဓာတစ်စုံတစ်ရာကိုမျှ မငြိမ်းစေသော တရားဓမ္မဖြစ်သည်။

ထိုသို့ဖြစ်သော်လည်း ဤကျင့်ပွားစရာအရိယဓမ္မသည် လူ့လောကရှိ ဝိရောဓိနှင့် ပဋိပက္ခပြဿနာခပ်သိမ်းကို

အဘယ်သို့ ကင်းစင်စေသနည်း။

ကံဇာတ်ဝင်အစွဲခံခန္ဓာကို ဤခန္ဓာရုပ်နာမ်များသည် ငါ့ဟာဖြစ်သည် ငါဖြစ်သည် ငါ့ကိုယ်အတ္တ အနှစ်သာရဖြစ်သည်ဟု စွဲမက်မှု(ဥပါဒါန်)က လူအား လူစိတ်ပျောက်စေသောကြောင့် လူ၌ ပြဿနာအများအပြား ဖြစ်ပွားရသည်၊ လူ၌ အစွဲ(ဥပါဒါန်)သိမ်းလျှင် အားလုံးပြဿနာများ ငြိမ်းကြသောကြောင့်ဖြစ်သည်။

ထို့ကြောင့်–

တစ်လောကလုံး မငြိမ်းမချမ်းဖြစ်ကြရသည်မှာ လူအဖြစ်ရှိနေသောကြောင့်မဟုတ်၊ လူ၌ရှိနေသော ဥပါဒါန်စွဲလမ်းမှုကိုမသိဘဲ စွဲလမ်းမှုရှိနေကြသောကြောင့်သာဖြစ်၍ ဤအစွဲအလမ်း (ဥပါဒါန်)များကို လူမှ နှုတ်ပယ်ပြီး လူ့လောကငြိမ်းချမ်းမှုကို တည်ဆောက်နိုင်စေကြောင်း မင်္ဂလာသတင်းကောင်းအဖြစ် "ဗုဒ္ဓဘုရားနှင့် အရိယဓမ္မကို ပြန်လည်တွေ့ရှိခြင်း" ကို လူ့လောကသို့တင်ပြချက် ကြေညာချက်စာတမ်းအား နိဂုံးချုပ်လိုက်သည်။

တစ်လောကလုံး ချမ်းမြေ့ကြစေ။ ဗုဒ္ဓဘုရား၏အညတြသာဝက

ဓမ္မဝိဟာရီ အရှင်ဉာဏ